www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ခင်ခင်မြတ်နိုး

# အချစ်ရင်ခွင်မှာ
# အလွမ်းငှက်တို့ခိုဝင်နား


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၂၆၀၇၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၈၇၀၇၀၇

ထုတ်ဝေသည့်လ ● ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ

အကြိမ် ● ပထမအကြိမ်

အုပ်ရေ ● ၅၀၀

ထုတ်ဝေသူ ● ဒေါ်ခိုင်သဇင်ရွှေလှိုင်
အောင်ပိုင်မင်းစာပေ
အမှတ် (၂၂၂)၊ စက်ရုံလမ်း၊
ဒေါပုံမြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ● ဒေါ်အိမွန်သက်လွင်
(သစ္စာမွန်ပုံနှိပ်တိုက်)
(၁၀၆)၊ တာမွေလမ်း၊
တာမွေမြို့။

တန်ဖိုး ● ၁၀၀ ကျပ်


## မြတ်နိုးစာလွှာ

လေးစားချစ်ခင်ရပါသော စာဖတ်ပရိသတ်များနှင့် စာအုပ်ဆိုင်ကြီးများ၊ စာအုပ်အငှားဆိုင်များ၊ နယ်ကိုယ်စားလှယ်တော်ကြီးများရှင် ...

ကျွန်မ ခင်မြတ်နိုးကိုယ်တိုင် ရေးသားခဲ့သော ...

ပထမဦးဆုံးလုံးချင်းဝတ္ထုဖြစ်တဲ့ ခင်မြတ်နိုး - *ဟန်ဆောင်မှုချစ်တယ်လား* နှင့် ဒုတိယမြောက် လုံးချင်းဝတ္ထုဖြစ်တဲ့ ခင်မြတ်နိုး - *ချစ်ခြင်းရှုပ်ထွေးသည်တာ သောအကြောင်း*တို့ကို ရေးသားထွက်ရှိခဲ့ပြီးဖြစ်ပါသည်။

အကြောင်းကြောင်းသော အကြောင်းများကြောင့် ကျွန်မ၏ကလောင်အမည် ခင်မြတ်နိုးအား ခင်ခင်မြတ်နိုးအဖြစ် ပြောင်းလိုက်ရပါသည်။

တတိယမြောက် လုံးချင်းဝတ္ထုဖြစ်တဲ့ "အချစ်ရင်ခွင်မှာ အလွမ်းငှက်တို့ ခိုဝင်နား" ကို ခင်ခင်မြတ်နိုးအမည်ဖြင့် ရေးသားထုတ်ဝေလိုက်သည် ဖြစ်ပါကြောင်း။

ခင်မြတ်နိုး (သို့) ခင်ခင်မြတ်နိုးသည် မည်သူတစ်ဦးတစ်ယောက်၏ ကလောင်မျှ၊ ကလောင်ခွဲ ကလောင်မျှ မဟုတ်ပါကြောင်း လေးစားချစ်ခင်ရပါသော စာဖတ်ပရိသတ်များနှင့် အားလုံးသော မိတ်ဆွေအပေါင်းတို့အား ရင်းနှီးခင်မင်စွာ အသိပေး ပန်ကြားအပ်ပါသည်။

ခင်မြတ်နိုးသည် ခင်ခင်မြတ်နိုး ဖြစ်ပါသည်။

ခင်ခင်မြတ်နိုးသည် ခင်မြတ်နိုးဖြစ်ပါကြောင်း ...

စာဖတ်ပရိသတ်များအား လေးစားမြတ်နိုးလျက်

ခင်ခင်မြတ်နိုး

www.burmeseclassic.com

www.burmeseclassic.com

# ခင်ခင်မြတ်နိုး

ကျေးဇူးတင်လွှာ

ခင်ခင်မြတ်နိုးကို စာရေးဆရာမဘဝသို့ရောက်အောင် တိုက်တွန်းကူညီပေးခဲ့သော ရွှေစကားစာပေတိုက်မှ အန်တီနုကို ကျေးဇူးအထူးတင်ပါသည်။

အားငယ်နေချိန်မှာ အစစအရာရာ ဖေးမကူညီ စာနာနားလည်ခံစားပေးခဲ့သော ... စိန်သရဖူစာပေတိုက်မှ ဒေါ်သန်းသန်းဌေးအားလည်းကောင်း၊ စာအုပ်များစွာ ပေးဖတ်ခဲ့၍ စာရေးရန် ပြောကြားခဲ့သော ကိုလတ်စာပေတိုက်မှ ကိုထွန်းထွန်းသန်းအားလည်းကောင်း၊

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအား ကျေးဇူးအထူးတင်ပါသည်။

ခင်ခင်မြတ်နိုး

BURMESE CLASSIC

# ခင်ခင်မြတ်နိုး

ကျေးဇူးတင်လွှာ

မန္တလေး ထွန်းဦးစာပေနှင့် နဂါးစာပေမှ

ကိုထွန်းဦး၊ ကိုထွန်းရွှေ နှင့် ဝန်ထမ်းများ၊

ကျော်ကျော်စာပေ (မော်လမြိုင်မြို့) မှ

ဦးကျော်ကျော်တို့ကို

ခင်ခင်မြတ်နိုး မှ

ကျေးဇူးတင်ပါသည်။

ခင်ခင်မြတ်နိုး

www.burmeseclassic.com

www.burmeseclassic.com

# ခင်ခင်မြတ်နိုး

## ကျေးဇူးတင်လွှာ

၃၁ လမ်းမှ စာအုပ်ဆိုင်ကြီးများဖြစ်သော

ဂင်္ဂါနဒီစာပေဖြန့်ချိရေးမှ ကိုဇိုးတုတ် နှင့် ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါသည်။

စောဦးစာပေမှ ကိုစောဦး နှင့် ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါသည်။

ရွှေအိမ်မှူးစာပေမှ ကိုအောင်ခိုင် နှင့် ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါသည်။

ကိုလတ်စာပေမှ ကိုထွန်းထွန်းသန်း နှင့် ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါသည်။

မြိုတ်စာပေမှ ဦးလှနိုင် နှင့် မိသားစုတို့ကို ကျေးဇူးတင်ပါသည်။

ခင်ခင်မြတ်နိုး

BURMESE CLASSIC

# ခင်ခင်မြတ်နိုး

## ကျေးဇူးတင်လွှာ

၃၂ လမ်းမှ စာအုပ်ဆိုင်ကြီးများဖြစ်သော

ကျော်သိန်းစာပေမှ ဦးကျော်သိန်း နှင့် သားကြီး ရိုစိုး သမီးကြီးနှင့် သမီးငယ်၊ ကိုကျော်ဇေယျ နှင့် ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါသည်။

ကျော်မင်းနိုင်စာပေ၊ မြိုးကျော်စာပေ နှင့် အောင်ကျော်စာပေ တို့ကို ကျေးဇူးတင်ရှိပါသည်။

နေစေးစာပေမှ မမော်ကြီး နှင့် နေစေးညီအစ်ကို၊ သူငယ်ချင်းများနှင့် ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါသည်။

ပန်းရွက်ဝေစာပေမှ ဒေါ်လေးငယ် နှင့် မောင်လေးသန့်စင် အား ကျေးဇူးတင်ရှိပါသည်။

စေတနာလွင်စာပေ မှ ကိုသိန်းဇော် နှင့် မောင်မျိုးစာပေမှ ဦးမျိုးတို့မိသားစုအား ကျေးဇူးတင်ရှိပါသည်။

ခင်ခင်မြတ်နိုး

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ

ဘယ်လိုပဲ အဓိပ္ပာယ်တွေ

ကောက်ချက်ချမှုတွေ ရှိနေပါစေ

ရယူပိုင်ဆိုင်မှုနှင့်သာ

ကျေနပ်မှုကို ခံယူမယ် ...

မင်းသန့်ဘုန်း



www.burmeseclassic.com

www.burmeseclassic.com

ဘဝမှာ တစ်ကြိမ်တစ်ခါသာ

ချစ်ခဲ့မိပါတယ် ...

ချစ်ခဲ့ရတာနဲ့

ကြုံတွေ့ခဲ့ရတဲ့ ခံစားမှုတွေဟာ

ဘဝတလျှောက် ကြေကွဲမှုများနဲ့

ဒါပေမဲ့လည်း ...

အချစ်ဆိုတာ ...

နေခြည်ဆိုး



www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ

ကြီးတာ၊ ငယ်တာ

ရုပ်ချောတာ၊ မချောတာ

ပစ္စည်းဥစ္စာတွေနဲ့လည်းမဆိုင်

ကိုယ့်ရဲ့အလှကိုသာ ရှေ့တန်းတင်မယ်

ရယူမှုကိုသာ စဉ်းစားမိတယ်

သို့သော်

အချစ်ရဲ့ . . .

ဘာသိချက်

www.burmeseclassic.com

www.burmeseclassic.com

အချစ်ကို

နောက်ဆုံးတော့လည်း

အဖြူရောင်လေးအဖြစ်

ကျေနပ်လိုက်ရတာပါပဲ ...

တေဇင်



www.burmeseclassic.com

www.burmeseclassic.com

ရှိုင်းစာပေ

# ခင်ခင်မြတ်နိုး



အချစ်ရင်ခွင်မှာအလွမ်းငှက်တို့ခိုဝင်နား

www.burmeseclassic.com

www.burmeseclassic.com

"နေခြည် . . . ဒီမှာ ဂျူလိုင်တို့ရောက်နေပြီ"

"ဟုတ် . . . မာမီ၊ လာပြီ"

အောက်ထပ်က သူငယ်ချင်းများ၏ စကားသံများကြားပြီး မေမေ့အသံပါ ထပ်ဆင့်ထွက်နေ [illegible]စ်ရည်လိမ်းထားသောမျက်နှာကို ကရင်းပဖ် ပါးပါးလေးရိုက်ကာ ဆင်းခဲ့၏။

"အယ် . . . နေခြည်၊ နင်အလှပြင်နေတာဆို"

"ဘာ . . . သွားစမ်းပါ။ နေခြည် ဝါသနာမပါဘူး၊ မာမီ နောက်တာ . . . ငါ အိပ်ယာထ နောက်



ကျသွားလို့"

"ကဲ . . . ရယ်ဒီ မှတ်လား။ သွားကြစို့"

"သမီးတို့ ကားတွေဆိုင်ကယ်တွေလည်း သတိထားကြဦးနော်"

"ဟုတ်ကဲ့ အန်တီ"

"မာမိ . . . ဘိုင်"

"အေး . . . သမီး . . . ဘိုင်"

မေမေ့အား နှုတ်ဆက်ပြီး သူငယ်ချင်းတစ်စု 'စကိတ်' ကိုယ်စီနှင့် ကတ္တရာလမ်းမကြီးဘက် ထွက်ခဲ့ကြ၏။

"ဒီနေ့ မိန်းဘက်သွားစီးရအောင်ဟာ ကျုံးကြီးဘက်က ကားရှောလူရှော ရှုပ်တယ်ဟ"

"အေး . . . နေခြည် နင့်သဘောပဲ"

"ဘာလဲ နေခြည်၊ ငါ့သဘောကို ဆန့်ကျင်ရင် breakfast ကျွေးရမှာစိုးလို့လား"

"ငါက စေတနာနဲ့ပါဟယ်။ ကျုံးကြီးဘက်သွားစီး

www.burmeseclassic.com

www.burmeseclassic.com



ရင် ကျော်နန္ဒဆိုတဲ့ကောင် လာရှိနေတာနဲ့ နင်လည်း စိတ်ညစ် နေရမှာလေ"

"အေးဟယ် အဲဒီကောင်ရန်ကို ဘယ်လိုရှောင်ရမလဲမသိပါဘူးဟယ်"

"နင်ဟာ တစ်နေ့တစ်ခြား ပိုပိုပြီးလှလာတာကိုး နေခြည်ရဲ့"

ဂျင်းအပျော့သားကိုယ်ကျပ် ဘောင်းဘီရှည် အပြာရင့်နှင့် စပို့ရှပ် အနီရဲရဲလေးနှင့် လှချင်တိုင်းလှနေသော နေခြည့်ကို 'ယုဇန'က မျက်စောင်းဝင့်ရင်း ပြော၏။ နေခြည်က ဂုတ်ဝဲဆံပင်လေးကိုခါ၍ နှုတ်ခ[illegible]စ်လိုက်ရင်းမှ. . .

"အဲဒါတွေ ခက်တာပေါ့ဟာ။ ငါလေ မုန်ရှေ့မှာ[illegible]င်တောင် မထိုင်ချင်တော့ဘူး သိလား။ ဒါကြောင့်လည်း ဘာမှ မလိမ်းတော့တာ"

"တို့ကတော့ နင့်ကို အားကျတယ်ဟာ၊ ဘာမှမလိမ်းဘဲတောင် ဒီလောက်လှနေရင် လိမ်းမျှားလိမ်းရင်



တော့ ပုရိသတွေ ဝိုင်းနေမှာ"

"တော်ပါတော့ဟာ နင်တို့ကလဲ"

နေခြည်မိုး အော်လိုက်မှ ဂျူလိုင်နှင့် ယုဇန ဇက်ပုကာငြိမ်သွားကြ၏။

သုံးယောက်သား စကိတ်ကို အာရုံစိုက်ပြီး စီးနေကြစဉ် အခိုက်

"ဟိတ် နေခြည် ဒီနေ့ကျူးကြီးဘက်လည်း မစီးတော့ဘူးလား"

ဘယ်အချိန်က ရောက်လာမှန်းမသိသော ကျော်နန္ဒ စူပါကတ်ဆိုင်ကယ်နှင့် နေခြည့်နား ကပ်လာ၏။

ဂျူလိုင်နှင့် ယုဇနကပါ အနားမှ ခွာပေးလိုက်ကြတော့မှ နေခြည် ဒေါကန်သွားလျက်. . .

"နင့်မှာ မျက်စိပါနေသားပဲ ကျော်နန္ဒ"

"ငါက စကားအကောင်းပြောတာပါဟာ"

"မလိုဘူး ကိုယ့်လမ်းကိုယ်သွားပေါ့"

ရှိ င်း စာ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com

စကားကို အမာဆုံးပြောလျက် စကိတ်ကိုပါ အမြန်နှုန်းမြှင့်လိုက်သည်။

သို့ပေမယ့် ကျော်နန္ဒက နောက်ဆုတ်မသွား၊ သူ့ဆိုင်ကယ်ကို အရှိန်မြှင့်လျက် ပါလာကာ. . .

"နေ . . . နေပါဦး နေခြည် တို့ရေးထားတဲ့ စာ. . . စာလေးတော့ ယူ . . . ယူသွားပါတာ"

"တောက်"

နေခြည် စကိတ်ကို အရှိန်ထိန်းပြီး ရပ်တန့်ပစ်လိုက်သည်။ ပြီးတော့ ကျော်နန္ဒနှင့် မျက်နှာချင်းဆိုင်လျက်. . .

"နင့်စာကိုယူရင် နင်လှည့်ပြန်မှာလား ကျော်နန္ဒ"

"အင်း"

"ဒါဖြင့်ပေး။ ကဲဟယ် . . . ကဲ . . . ကဲ"

"ဗျို. . . ဗျို. . . ဗျို"

လက်ထဲ စာအိတ်လေးရောက်လာတာနှင့် အစိပ်စိပ် အမွှာမွှာ ဆွဲစုတ်ပစ်လိုက်သည်။

မျက်စိမျက်နှာပျက်သွားသူကား ကျော်နန္ဒ။ ဂျူလိုင်





နှင့်ယှဉ်နေကဖြင့် ပါးစပ်အဟောင်းသားလေးတွေနှင့်. . .

ပြီးတော့ နေခြည့်အား ထူးဆန်းတဲ့သတ္တဝါတစ်ကောင်လို ငေးကြည့်နေကြသည်။

"နင့်ဆန္ဒပြီးရင် ငါ့သဘောပါပြောမယ် ကျော်နန္ဒ"

နေခြည် စကားကိုတစ်လုံးချင်းပဲ ပြောချလိုက်သည်။

"နင်မြင်လိုက်တာ ငါ့အဖြေပဲ၊ အဲဒီတော့ ငါ့နောက်ကို နင်ဘယ်တော့မှ မလိုက်ပါနဲ့"

"ငါဦးနှောက်မှာ ဒါတွေစဉ်းစားဖို့ အကန့်မရှိဘူး"

"လာ . . . ဂျူလိုင်နဲ့ ယူ သွားမယ်"

သူငယ်ချင်းနှစ်ယောက် လက်ကိုဆွဲလျက် စကိတ်ကို အသော့စီးကာ ထွက်ခဲ့၏။

● ကျော်နန္ဒ ဘယ်လိုကျန်ခဲ့မည်။ ဘာတွေဖြစ်ခဲ့ပြီဆိုတာဖြင့် နေခြည့်အတွေးမှာမရှိတာ အံ့သြစရာပါပဲ။

ခပ်လှမ်းလှမ်းရောက်တော့ ဂျူလိုင်က ပြစ်တင်စကား ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"နင်ကလဲဟယ် . . . လုပ်ရက်လိုက်တာ ခမျာ သနားပါတယ်ဟာ"

"သနားရင် လဲသာသေလိုက် ဂျူလိုင်. . . နေခြည် ဒါမျိုး စိတ်မဝင်စားဘူး"

"နင့်အကြိုက် မတွေ့သေးလို့ပါ နေခြည်ရာ"

ဒီတုန်းက နေခြည် ဂျူလိုင့်စကားကို ယုံကြည်မှုမရှိခဲ့။ ဥပေက္ခာပြုနိုင်ခဲ့သည်။

"တော်ပါဟာ။ ငါဘာမှမကြားချင်ဘူး၊ လာ. . . ထမင်းကြော်သွားစားကြစို့၊ ဗိုက်ထဲမှာ သံစုံတီးနေပြီဟ"

ဘောက်ဆတ်ဆတ်ပြောပြီး နံနက်ခင်းစားသောက်ဆိုင်ထဲ ဆံပင်လေးဝဲအောင်ပြေးဝင်သွားသော နေခြည့်ကို သာ ဂျူလိုင်ရော ယုဇနပါအားကျနေမိသည်။

နေခြည့်ဘဝက ဥစ္စာခနရော၊ ရုပ်ရည်ရူပကာပါ မြင့်မားပြည့်စုံသူဟု ဆိုရမည်ပင်. . .။

ကျောင်းမှာလည်း လက်လှမ်းကမ်းလင့်နေတဲ့ သူများ ဝိုင်းနေသလို ပတ်ဝန်းကျင်မှာလည်း ချစ်ချင်သူတွေ





ရှိနေ ဝိုင်းနေရတော့တာပဲဖြစ်သည်။

နေခြည့်အဖို့တော့ စကိတ်စီး၊ ဆိုင်ကယ်စီး၊ သူငယ်ချင်းများနှင့် လည်ပတ်ဖို့ကလွဲလို့ ကျန်တာခေါင်းထဲ ဘာမှ ရှိမနေခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com

“ဟဲ့နေခြည် … . ထစမ်း . . . ထစမ်း၊ သူများ တကာတွေ အောင့်စာရင်းသွားကြည့်တာ အောင်လို့ ပြန် လာတဲ့သူတွေ လာကုန်ကြပြီ၊ နင်က ခုထိအိပ်ကောင်း တုန်းပဲလား”

“မိန်းကလေးတဲ့ စည်းစနစ်ကိုမရှိဘူး၊ ပရမ်းပတာနဲ့ နော်”

ကျယ်လောင်သောမေမေ့အသံနှင့် တွန်းထိုးလှုပ်နှိုး နေတာမို့ နေခြည်မိုး အိပ်ချင်စိတ်ကိုတင်းပြီး မျက်လုံးဖွင့် ယူရ၏။





မျက်လုံးကို လက်ဖြင့်ပွတ်ရင်း ခန္ဓာကိုယ်မှာ ခြုံ ထားတဲ့ စောင်ကိုဖယ်ယူရင်း. . .

“အာ . . . မာမီကလည်း . . . မီးခုံနံပါတ် မာမီ သိသားနဲ့ မီးအစား သွားကြည့်ပေးပါလားလို့”

“ဟယ် . . . ဒီကောင်မလေးတော့ မအေကိုမှား”

မေမေ့စကားပင် မဆုံးလိုက်ချေ။ နေခြည်မိုး နားရွက်လေးတစ်ဖက် ပြွတ်သွားလောက်အောင် ပူကနဲ ဖြစ်သွား၏။

“အ . . အား . . . ကြောက်ပါပြီ မာမီရဲ့ . . ကြောက်ပြီ”

“ဒါဖြင့် ခုထ”

နာကျင်မှုပေါ် လာမှ နေခြည်အိပ်ယာထဲမှ ပြေး ထွက်လျက် ရေချိုးခန်းထဲ ဝင်ခဲ့၏။ မေမေ့ဆူပူသံက သူမ အခန်းထဲမှာ ပျံ့လွင့်နေဆဲ. . .။

ရေချိုးရင်းမှ ဒီနေ့ သူမတို့ အောင်စာရင်းထွက်မှာ ကို သွားသတိရမိသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်သားဟ၊ ဒီနေ့ အောင်စာရင်းထွက်မှာပဲ"

ညွှိုပါလျက် အောင်စာရင်းထွက်ပေမယ်လို့ နေခြည် အတွက် ထူးခြားလာမှာမဟုတ်။ နေခြည် ကိုယ်ဖြေဆိုခဲ့တဲ့ အခြေအနေကို ကိုယ်သိနှင့်ပြီးသားပင်။

အောင်မှတ်သေချာနေပေမယ့် ဂုဏ်ထူးတော့ ပါမှာ မဟုတ်။ ဒါကိုမှ အအိပ်ပျက်ခံ၊ လူစော်နံတိုးဝှေ့ပြီး သွားကြည့်လည်း ဝင်ပန်းရုံသာရှိမည်။

မေမေကတော့ ဒါကိုမသိချေ။ အတင်းအမွှသာ တိုက်တွန်းနေရှာ၏။

ဂျူလိုင်နှင့် ယုဇနလည်း ခုထိတော့ ပေါ်မလာကြသေး။ သူမလိုပဲ အေးအေးလူလူပဲ နေမည်ထင်သည်။

ဒါမှမဟုတ် အောင်စာရင်းသွားကြည့်ပြီး အပြန်မှသာ ဝင်ပြောမည်ထင်သည်။

ရေကို စိမ်ပြီးချိုးလိုက်မှ အိပ်ချင်စိတ်များ ပျောက်လျက် လန်းဆန်းသွားသည်။ ထိုစဉ် ရေချိုးခန်းအဝမှ မေမေ့အသံ ထွက်လာပြန်သည်။



"ဟဲ့ မိနေခြည်မိုး ရေချိုးခန်းထဲမှာပဲ တောင့်သေနေပြီလား။ နင်နဲ့တော့ ငါသိပ်စိတ်ညစ်တော့တာပဲ . . မိနေခြည်ရယ်"

နေခြည်မိုးတစ်ယောက် မေမေစိတ်ဆိုးနေပြီဆိုတာ သိလိုက်သည်။ ရေများကို တဘက်နှင့်သုတ်ပြီး ရေချိုးခန်းမှ အမြန်ထွက်ခဲ့ရသည်။

ညော့်ခန်းဝယ် စိတ်ပျက်လက်ပျက် ဖြစ်နေသော မေမေ့မျက်နှာတွင် နေခြည့်အား သဘောမကျရိပ်တို့က အထင်းသား ပေါ်လွင်နေ၏။

ဒါတောင် မေမေ့အား သူငယ်ချင်းတစ်ယောက်လို ပြန်ပြောလိုက်သေးတာပါ။

"မာမီရာ . . . မီးအကြောင်း မီးသိပါတယ်။ အောင်မှာပါ ယုဇနတို့ ဂျူလိုင်တို့ ကြည့်လာမှာပေါ့"

"မာမီက အလကား အပူရှာနေတာ အေးဆေးပါ မာမီရာ"

"ဟဲ့ . . . မအေကို ဒီလိုပဲပြောရလားဟဲ့ ငါရိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com



တော့ နာတော့မယ်"

"အဟင့် . . . မာမီက လိမ္မာသားနဲ့"

"ဟော . . . ဆိုင်ကယ်သံ၊ ဂျူလိုင်တို့ လာပြီမာမီ။ မီးက အောင်ပြီးသားပါ မာမီ"

နေခြည့်စကားအဆုံး ဆိုင်ကယ်နှစ်စီး ခြံထဲအပြင်း မောင်းဝင်လာသည်။

ပြီးတော့ ဟဲလ်မက်(လ်)ကိုကိုင်လျက် အိမ်ထဲဝင်လာကာ

"ဟိတ် . . . ကာလနဂါးမလေး နိုးပြီးလားဟ"

"အံမာ . . . နင်တို့ကို ငါစောင့်နေတာမှ ကြာလှပြီ"

ကိုယ်က အပြစ်ဦးအောင် တင်ထားလိုက်သည်။

သို့သော် အကြောင်းသိသူငယ်ချင်းများပီပီ

"နေခြည်မိုးရယ် သူများကို သွားလိမ်မစမ်းပါ။ တို့က သိနှင့်ပြီးသား လက်ချာတွေပါကွာ၊ အန်တီလက်ချက်နဲ့ ခုမှ အိပ်ယာကထတဲ့ ရုပ်ကများ"



ထိုအခါမှ နေခြည် ရှက်ရယ်ရယ်ရင်း

"ကဲ . . . ဒါဖြင့် အခြေအနေတယ်လိုလဲ ဂျူလိုင်ကြီး က ဝေးဆုံးမှာမှတ်လား"

"နင် ဗေဒင်သာဟောစားတော့ နေခြည်၊ အခြေအနေက တို့သုံးယောက်စလုံးတော့ အောင်တယ်။ အဟင်း ဒါပေမယ့်"

ယုဇနက စကားမဆက်သဖြင့် အားမလိုအားမရဖြစ်နေသော မေမေက ရှုံ့မဲ့သောမျက်နှာဖြင့်

"ဂုဏ်ထူးလေး ဘာလေးတောင် မပါကြဘူးလား ယုဇနရယ်၊ စပါယ်ရှယ်ဗိုင်းတွေတက်ပြီးတော့"

ယုဇနက ဆူအကျင့်အတိုင်း ရယ်ကျဲကျဲလုပ်တာ . .

"ပြောချင်ပါဘူး အန်တီရယ် မီးတို့က ဂုဏ်ထူးနဲ့ ကပ်လွဲနေတာနေမှာ၊ အမှတ်ကတော့ ခုနစ်ဆယ်က ကျမယ့် မထင်ပါဘူး"

"ထားပါတော့ ဒါက ဘယ်သွားကြဦးမှာတုန်း"

www.burmeseclassic.com



အမေတစ်ယောက်အနေနဲ့ အောင်လည်း ပြီးတာပေါ့လေဟု ဖြေသိမ့်ကာ တွေးရသေးသည်။

“စာမေးပွဲအောင်တဲ့ အထိမ်းအမှတ်အနေနဲ့ အန်တီ၊ လျှောက်လည်ကြမယ်လေ၊ ကဲ နေခြည်သွားစို့”

ဒီတော့မှ တဘက်ကို ကိုယ်မှခွာဖို့ သတိရမိ၏။

“အေးအေး . . . ဟာ . . . နေကြပါဦးဟဲ့၊ ငါ အင်္ကျီလေးတော့ လဲပါရစေဦးဟဲ့”

“မာမီ . . . မီးအပြင်သွားမယ်နော် အဲဒါ . . .”

နေခြည်က ပြောပြီးလက်မနှင့် လက်ညှိုးဝိုင်းပြတော့ မေမေက အလိုက်သိစွာ စားပွဲပေါ် သို့ မျက်စပစ်ပြ၏။ စားပွဲပေါ်တွင် တစ်ထောင်တန်စာစ်ထပ်က အသင့်ဖြစ်နေပြီ။

“ဟေး . . . ဒါမှ မာမီတွ”

ပိုက်ဆံကို ဘောင်းဘီအိတ်ထဲ ထိုးထည့်ပြီး မေမေ့ပါးကို ရွှတ်ခနဲနမ်းလိုက်၏၊ ပြီးတော့ အဝတ်အစားလဲဖို့ အခန်းထဲသို့ လှစ်းခဲ့သည်။





သမီးကို အလိုလိုက် အလိုက်သိသော မေမေ့အသံအမူ သူမနောက်ပါးမှာကပ်ပါလာသေး၏။

“ကိုမြင့်မောင်ကြီးရေ နေခြည့်ဆိုင်ကယ် ဂိုဒေါင်ထဲက ထုတ်ပေးလိုက်ပါဦး”

“ဟုတ် . . . ဟုတ်ကဲ့ . . . မမလေး”

ငါးမိနစ်ပင်မကြာလိုက် အနီရောင်ကိုယ်ကျပ်စပို့ရှပ်နှင့် ခဲသားရောင်ဂျင်းပင်ကိုဝတ်ကာ ပြန်ထွက်လာသော နေခြည်မိုးတစ်ယောက် မိခင်ပါးပြင်အား နှစ်ဖက်စလုံး နမ်းပြီး ပေါ်တီကိုအောက်မှ အသင့်ဖြစ်နေတဲ့ ဆိုင်ကယ်တိုစီးကာ သူငယ်ချင်းများနှင့် ထွက်သွားတော့သည်။

“မာမီရေ သွားပြီ . . . တာ့တာ”

ဒေါ်ကြည်ပြာမိုး ပြုံးပြီးကျန်ခဲ့သည်။ ဆိုင်ကယ်သံပျောက်သည်အထိ ရပ်ကြည့်နေမိသည်။

“နေခြည်လေး စာမေးပွဲအောင်တယ် မဟုတ်လားကြည်ပြာ”

နေခြည်မိုး အချစ်တော် အဘွားလုပ်သူက နေခြည်

www.burmeseclassic.com



ထွက်သွားတာနှင့်တပြိုင်နက် ရောက်လာကာ ဆိုဖာတွင် ထိုင်လျက် မေးလာ၏။

ဒေါ်ကြည်ပြာမိုးမှာ သက်ပြင်းရှိုက်လျက်က. . .

"အောင်ပါတယ်မေမေ၊ ဒါပေမယ့် အောင်ရုံပါ မေမေ့မြေးအတွက်နဲ့တော့ စိတ်ညစ်ပါတယ်မေမေရယ်"

"မေမေက မြေးကိုအလိုလိုက်ထားတော့ ဘာမှလည်း အလေးမထား၊ နေထိုင်တော့လည်း ပုံပန်းမကျနဲ့ ရင်လေးတယ် မေမေ"

ဘွားအေလုပ်သူက လက်ကာပြရင်း. .

"ဘာလို့ ကိုယ့်ဒုက္ခကိုယ်ရှာချင်ရတာလဲ သမီး၊ မြေးက သူနေတတ်သလိုနေရှာတာပါအေ၊ သွားသွားလာလာကတော့ ဒီခေတ်မှာ ဒါသဘာဝပဲ၊ ဒီလောက်တော့ရှိမပေါ့။ သမီးရှာနေတဲ့စီးပွားကလည်း မြေးအတွက်ပဲ မဟုတ်လား၊ အေး ငါတို့ပိုင်သမျှစည်းစိမ်ကလည်း ဟောဒီ မြေးနေခြည်အတွက်ပဲလေ"

"ခုရော မြေးက ဘာပူဆာနေပြန်လို့လဲ ကြည်ပြာ"





ဒေါ်ကြည်ပြာမိုး သက်ပြင်းရှိုက်မိသည်။ ဘွားအေလုပ်သူက မြေးမျက်နှာတစ်ချက် အညှိုမခံသူ။

"ဟိုတစ်လောကတော့ စာမေးပွဲအောင်ရင် ပါဂျဲရိုးဖိုးတိုး ဝယ်ပေးရမယ်တဲ့မေမေ ဈေးကမနည်းဘူး"

"ဝယ်ပေးလိုက်ပါအေ၊ သမီးရှာတာ ဒီသမီး အတွက်ပဲ မဟုတ်လားကွယ်၊ မြေးလေးလည်း တက္ကသိုလ်ကျောင်းသူဖြစ်လို့ ဝယ်တောတဲ့အရွယ်မှ မဟုတ်တာဘဲ"

"ဒါက အရေးမကြီးပါဘူးမေမေ၊ မေမေ့မြေး ဟိုယောင်ယောင် ဒီယောင်ယောင်လုပ်နေတာ သမီးကမကြိုက်တာ"

"အိမ်ရှေ့အိမ်က ကေဇင်ကျော်လေးဆို ဘယ်လောက်စာတော်သလဲ သူ့အမေ နွေးနွေးကဆို သမီးကို အမြဲကြွားနေတော့တာ။ ကေဇင်ဘယ်လိုတော်တာဘာညာနဲ့ သမီးမှာတော့ နေခြည်မိုးနဲ့ပတ်သက်ပြီး ဘာမှတို့ ကြွားစရာမရှိတာ။ နောက်နှစ်ဆိုပဲ ကေဇင်က ဆေးကျောင်း တက်တော့မယ်။ ခုကစာည်းက အပြော်ကြီးစား



www.burmeseclassic.com

www.burmeseclassic.com



နေပြီ အားကျပါရဲ့"

အဘွားဖြစ်သူ ဒေါ်သိန်းမြင့်မှာ မြေးကိုထိတော့ မခံချင်ဖြစ်သွားရ၏။ သမီးလုပ်သူအား မျက်စောင်းရွယ်လျက်က. . .

"ညည်းကလည်း အေ၊ ကိုယ့်သားသမီးများ ပြောရက်လိုက်တာ၊ အဲဒီ ကေဇင်ကျော်ဆိုတာ ရည်းစားထည်လဲ တွဲနေတာကျတော့ ထည့်မပြောတော့ဘူးလား"

"ငါ့မြေး နေခြည်က ဒါမျိုး ဝေလာဝေးပဲ၊ သူ့ဘာသာသူ ကလေးလိုနေတာ။ ကြည်ပြာနော် ညည်းဟာသူများဆို သိပ်အထင်ကြီးတယ်၊ ငါမပြောချင်လို့နော်"

မိခင်ကိုတော့ ဒေါ်ကြည်ပြာ ခံမပြောဝံ့တော့၊ သမီးလုပ်သူအတွက် ရင်လေးမိတာတော့အမှန်ပါပဲ။ နေ့စဉ်ဆိုင်ကယ်တစ်စီးဖြင့် ပတ်သွားနေသော သမီးလုပ်သူအား စိတ်ထဲအားမရနိုင်ခဲ့ချေ။ အရာရာကို အလေးအနက်မထားတာကိုလည်း နည်းနည်းမှမကြိုက်။ ဒေါ်ကြည်ပြာ အသက် (၂၀)တွင် အိမ်ထောင်ကျခဲ့သည်။



နေခြည် ဆယ့်နှစ်နှစ်သမီးမှာတင် ယောက်ျားဆုံးပါးခဲ့သဖြင့် သမီးမျက်နှာကိုထောက်လျက် အချစ်တွေပုံပြီး စီးပွားရေးကိုသာ ဖိရှာခဲ့ရာ ခုဆိုဆပ်ပြာစက်နှင့် စတီးစက်ရုံကို ပိုင်ဆိုင်လာခဲ့ပြီ။ အရွယ်လည်းရှိ စီးပွားနေပြည့်စုံသူမို့ ဒေါ်ကြည်ပြာအား ကမ်းလင့်လာတဲ့ ယောက်ျားသားများစွာရှိခဲ့ပါ၏။

ဒါပေမယ့် သမီးနေခြည့်မျက်နှာကို ငဲ့ပြီးနောက် အိမ်ထောင်မထူထောင်ခဲ့ချေ။

သူမက ဘဝကိုလိုလေသေးမရှိ ထက်ထက်မြက်မြက်ရှိခဲ့သလို သမီးလုပ်သူကိုလည်း မိမိလိုဖြစ်စေချင်၊ ထက်မြက်စေချင်မိသည်။

ခုတော့ဖြင့် သမီးငယ်နေခြည်မိုးမှာ ဘာကိုမှ အလေးအနက်မထားတတ်။ မိမိဖြစ်စေချင်သလို မိန်းကလေးပီပီ သေသပ်လှပကျော့ရှင်းစွာနဲ့လည်းမနေ။ ဆိုင်ကယ်တစ်စီးဖြင့်သာ အချိန်ကုန်နေတတ်သည်။

စိတ်ရင်းကတော့ အင့်မတန်မှ ဖြူစင်ပြီး ရှင်းသူ



www.burmeseclassic.com

www.burmeseclassic.com


လေးပင်။ ဒါကြောင့်လည်း အချစ်တွေပိုမိတာပါ။

ဒါပေမယ့်လို့ မွေးမိခင်တို့သဘာဝအတိုင်း ဒီသမီး အတွက်ပူရသည်။

လှပလွန်းတဲ့ပြည့်တင်းတဲ့ခန္ဓာ၊ ဖြူစင်ဝင်းမွတ်နေသောအသားအရေ၊ ကြယ်လေးများလို လင်းလက်နေသော မျက်ဝန်းအစုံနှင့် ဝဲဖြာပြီး ပိတုန်းရောင် တောက်နေသော ဆံနွယ်အိအိလေးများ။ ဒါတွေပေါင်းစုပြီး လှသွေးကြွယ်နေသော သမီးနေခြည်အား စိတ်ပူပန်နေမိရတဲ့ သူမအဖြစ်က လွန်မည်မထင်တော့ပါလေ။

နေခြည်ဟာ ချစ်စရာကောင်းတဲ့ သမီးလေးဖြစ်နေတော့လည်း ဒီခေတ်ကြီးဟာ မီးကောင်ပေါက်မလေးတွေကို လက်တည့်စမ်းကြသော တစ်ချို့သော ယောက်ျားကြီးကြီး ငယ်ငယ်တို့ကြောင့် သူမစိတ်မချနိုင်တာပဲ ဖြစ်သည်. . .။

မေမေနဲ့ဖွားဖွား သူမအား ဘယ်လောက်ချစ်သလဲ ဆိုတန်ဖိုးကြီးမားသော ပါဂျဲရိုးဖိုးဝိုးကြီးအား နှစ်ခါပင်မပူဆာလိုက်ရချေ။

အသစ်စက်စက်ပါဂျဲရိုး ကားကြီးကို ဝမ်းသာအားရကြည့်နေမိစဉ်. . .

"ဟိုတ်နေခြည် ကားကိုကြည့်ပြီး အတော်သဘောကျနေတယ်ပေါ့၊ ဟုတ်လား"

"မိန်းကလေးတစ်ယောက်အတွက် ဒီလောက်ထည်ဝါတဲ့ကား မလိုပါဘူးကွာ"

အသံစာစာကြောင့် ဖျတ်ကနဲနေခြည်လှည့်ကြည့်မိတော့ အိမ်ရှေ့အိမ်က နေခြည်အမြင်ကပ်လှတဲ့ တေဇင်ကျော် ဖြစ်နေသည်။

အိမ်မှာနေရင်းမလို့အပ်ဘဲ အစွမ်းကုန်ခြယ်သထားတဲ့မျက်နှာက ကာလာစုံနေ၏။ ပြီးတော့ အိုက်တင်တွေက အများသားနှင့်. . .။

"သြော် . . . တို့အတွက်တော့လိုတယ်၊ ဒါမှ ကားစီးတာချင်းအတူတူ သူများကားကို မော်မကြည့်ရမှာလေ တင်း . . . ဟင်း"

အကြွားပိုသော သားအမိမို့ နေခြည်ခနဲ့လိုက်သည်။ ပြီးမှ ပခုံးကိုဟန်ဖပါပါတွန့်ရင်း. . .

www.burmeseclassic.com

www.burmeseclassic.com


"ပြော ကေဇင်. . . ကိစ္စက"

ရှိုင်းတယ်ထင်ထင်၊ လက်ထဲက ချိုင့်ကိုတွေ့နေပေမယ့် ကြောင်ပဲမေးချလိုက်သည်။

ကေဇင်ကျော် နီရဲနေတဲ့နှုတ်ခမ်းကို စူထွက်လာအောင် ဟန်ပါပါလေးပြုံးရင်းမှ. . .

"သြော် . . . ဒီမှာ ကေဇင်ထိုးထားတဲ့ နန္ဒင်းမကင်းလာပို့တာလေ၊ တီလေးနဲ့ ဖွားဖွားစားလို့ရအောင်လို့"

ဒါသည်လည်း ကေဇင်၏ ကြွားလုံးထုတ်နည်း ဆိုတာ နေခြည်သိနေသည်။

မိန်းမပီသပြီး ဘယ်လိုမီးဖိုဆောင် နိုင်နင်းတယ်ဆိုတာမျိုး လာလုပ်ပြနေတာပင်။

တကယ်ဆို ဆနွင်းမကင်းလာပို့တာနဲ့တင် ပြီးတဲ့ကိစ္စ။ ခုတော့ သူကိုယ်တိုင်ထိုးတာလေးဘာလေးနဲ့ အမြင်ကပ်စရာ တကယ်ပါပဲ။

အိမ်ထဲမှ ရုံးသွားဖို့ထွက်လာသော မာမီကားနှင့် ပက်ပင်းတိုးနေပြန်သည်။

မေမေက ကေဇင်ကျော်ဆို မျက်နှာသာပေးတတ်လွန်း၏။

"ဟော ကေဇင်ပါလား။ ဘာတွေလာပို့တာလဲ သမီးရဲ့"

"နန္ဒင်းမကင်းလာပို့တာ တီလေး။ တီလေး ကုမ္ပဏီသွားတော့မလို့လား၊ ယူသွားပါလားတီလေး ကုမ္ပဏီမှာစားပေါ့"

"အေး . . အေး . . ကောင်းတာပေါ့ကွယ်"

မေမေသည် နေခြည့်အား တစ်ချက်လှမ်းကြည့်ပြီးမှ ကေဇင့်လက်ထဲက ချိုင့်ကိုယူကာ ကားထဲထည့်လိုက်၏။

အိမ်မှာထားခဲ့လို့လည်း ဖွားဖွားနဲ့နေခြည် လက်ဖျားနဲ့တောင် မတို့ကြမှာ သိပြီးသားမို့ပင်။

"နေခြည် သမီးဒီနေ့ ဘယ်သွားဦးမှာလဲ"


www.burmeseclassic.com

www.burmeseclassic.com

"မန္တလေးတောင်ဘက် သွားမလို့မှာမီ၊ ကားလည်း စမ်းရင်း မာမီ ဘာမှာဦးမလဲ"

"မမှာဘူး သမီး၊ ကားကို အရမ်းမမောင်းနဲ့နော်။ ကဲ . . . ကေဇင် အန်တီသွားမယ်"

"ဟုတ်ကဲ့ပါ အန်တီလေး"

မေမေ့ကားကို မျက်စိတဆုံး ငေးကြည့်ပြီးသော ကေဇင်က နေခြည့်ဘက်လှည့်ကာ ရယ်ပြရင်း . . .

"တီလေးက သိပ်ချောတာပဲ၊ နေခြည်လည်း တီလေးလို ပါတိတ်တွေဘာတွေဝတ်ရင် သိပ်လှမှာ၊ ခုတော့ ဂျင်းပန်နဲ့ အသက်ရှုမသက်သာလိုက်တာ"

ကပ်ပြီး အသားယူနေမှန်းသိနေသော နေခြည်က မျက်နှာကို တမင်မဲ့ပစ်ရင်းမှ . . .

"အေး . . . အသက်ရှုကျပ်ပေမယ့် နင့်ထက်တော့ ချောပြီးသားပဲ၊ ငါ့ကိုယ်ငါ လှပြီးသားပဲ"

နေခြည် တမင်ပြောချလိုက်တာပါ။ ဒီတော့မှ ကေဇင်ကျော် ကိုယ့်ဘာသာ သဘောပေါက်သွားသလို





ရုံစမ်းနှင့်

"လူမှာ လုပ်ဖို့ထက် အရည်အချင်းကသာ အဓိက ကျတာပါ နေခြည်ရယ်၊ ခုလိုနေရတာ အချိန်တွေ မနှမြောဘူးလား"

"ဒါ ဒို့အလုပ်ပါကေဇင်"

တုံးတိပဲပြောချပြီး နေခြည်အိမ်ထဲဝင်ခဲ့၏။ ထိုအခါမှ ကေဇင်ကျော် လှည့်ပြန်သွားလေသည်။

ဆက်ပြောနေပါက အလကားနေ ဆရာကြီးလာလုပ်နေသော ကေဇင်ကျော်အား နေခြည် သည်းခံနိုင်တော့မှာမဟုတ်ချေ။

"အရည်အချင်းဆိုတာ အချိန်တန်တော့ နင်သိရမှာပေါ့ ကေဇင်ရယ် . . .။ အချိန်တန်မှလည်း ထုတ်သုံးရတယ်၊ နင့်စိတ်ထဲမှာ ငွေကိုရေလိုသုံးပြီး လိုတရ နေတဲ့ဘဝကို မနာလိုဖြစ်နေတာမဟုတ်လား"

စိတ်ထဲမှာ ကြိတ်ပြီး ပြောနေဖြစ်သည်။

နောင်တစ်ချိန်မှာ နေခြည်မိုး ဘာဆိုတာသိလာရ



www.burmeseclassic.com

www.burmeseclassic.com



မှာလေ့ . . .။

အင်္ဂျင်ပါဝါကောင်းလှသော ပါဂျဲရိုးဖိုးဗိုးကြီးအား နေခြည်မိုး ကျင့်လည်စွာ ထိန်းချုပ်မောင်းနှင်နေသည်။

စိတ်ထဲမှာတော့ မကြည်လင်ချေ။ တစ်ဖက်အိမ်က ကေဇင်ကျော်နှင့်နှိုင်းပြီး မေမေက သူမအားဆူပူခဲ့သည်။

"နေခြည်နော် မိန်းကလေးဆိုတာ သိမ်သိမ်မွေ့မွေ့ နေရတယ်။ ခုတော့ ဘောက်ဆတ်ဆတ်နဲ့ ကိုယ့်အသက် လည်း ငယ်တော့တာမဟုတ်ဘူး၊ တက္ကသိုလ်ကျောင်းသူ တောင် ဖြစ်နေပြီ"

"ကေဇင်ဆိုကြည့်စမ်း ဘယ်လောက်သိမ်မွေ့မှုရှိ သလဲ"

"ကြည်ပြာ တော်. . . တော် လူလူချင်းမှမတူကာ စရိုက်ချင်း ဘယ်တူမလဲ၊ ငါ့မြေး နေတတ်သလိုနေပါစေ၊ ညည်းမချုပ်ချယ်နဲ့"

"ငါ့မြေး လိုတရတဲ့ဘဝမျိုးကို မနာလိုလို့ တမင် လိုက်ပြိုင်နေကြတာ၊ ပြိုင်ကြစမ်း။ ငါ့မြေးအတွက် ငါ့စည်း





စိမ်နဲ့ ဘာမှလိုလေသေး မရှိစေရဘူး"

ဘွားဘွားကြောင့် နေခြည်အသက်ရှုချောင်ခဲ့ရတာ ပါ။ နို့မို့ကတော့ ဘယ်အချိန်ထိ ဆူပူခံနေရမည်မသိချေ။

နေခြည့်ဘဝက ဘွားဘွားကြောင့် ရွှေဘုံပေါ် ရောက်နေခဲ့ရတာပင် . . . .။

နေခြည်၏ပါဂျဲရိုးဖိုးဗိုးကြီးအတွက် လမ်းလေးက စံဆိုဒ်ဖြစ်နေ၏။ တကယ့်ကွက်တိ။ ရှေ့ကလှုပ်လီလှုပ် လဲ့ နင်းနေပါသော ပြိုင်ဘီးတစ်စီးအား ကျော်တက်၍မရ နိုင်အောင် ဖြစ်နေလေသည်။

ပြိုင်ဘီးနှင့် ကောင်လေးကတော့ဖြင့် ဘာကိုမှသတိ မထားသည့်အလား။

ပြိုင်စက်ဘီးဆိုတာမျိုးက ဂီယာဘောက်စ်နှင့်။ မြန် ချင်သူတွေသာ စီးကြတာမျိုး။ ရှေ့ကကောင်လေးက တော့ ဘီးလိမ့်ရုံသာ စီးနေသည်။

"တောက်"

နေခြည်မိုး၏နှင်းဆီရောင်နှုတ်ခမ်းသားလေးများ



www.burmeseclassic.com

www.burmeseclassic.com



တဆောက်ဆောက်တုန်လာ၏။

အတိုင်းအတာက လွန်နေပြီ။

စိတ်မရှည်ခြင်းသည် ဟွန်းပေါ်သို့ စုပြုံရောက်သွားခဲ့ပြီ။

"တီ . . . တီ"

"ဟ . . မာ . . ဘာလဲ"

ကျယ်လွန်းလှသော နောက်မှကားဟွန်းသံကြောင့် မင်းခန့်ညားအဖြန့်တကြား ကြည့်မိ၏။

"ဟိုက် . . ချောလှချည့်လား"

မင်းခန့်ညား ဘေးကိုကပ်ပေးရန် စဉ်းစားမိ၏။ စက်ဘီးကို အမြန်နင်းရန်ပြင်သည်။ သို့သော် လက်တွေ့ဖြစ်မလာဘဲ ပါဂျဲရိုးကားကြီးပေါ်မှ ဆံပင်ခွေဝဲလေးနှင့် မျက်နှာမှာ ဘာမှမလိမ်းထားဘဲ လှသွေးကြွယ်နေသောမိန်းကလေးကို ငေးကြည့်ဖြစ်ခဲ့သည်။

ကြွေရုပ်လေးတစ်ရုပ်နှယ် လှနေသူလေး။ ပါးမို့မို့လေးနှစ်ဖက်နှင့် နှင်းဆီဖူးနှုတ်ခမ်းလေး။ ပြီးတော့





ထင်းနေသောမျက်ခုံးနှစ်ဘက်က အဝေးမှကြည့်တာမင် အတော်ချောပါသည်။

"တောက် . . ငါနှယ်နော်"

နောက်လှည့်ကြည့်ပြီး မသိသလိုပင် ဟန့်ဆောင်နေသေးတာမို့ နေခြည်မိုး ခံပြင်းသွားမိသည်။

ပြီးတော့ သူမအား ငေးစိုက်ကြည့်လာသော သူ့မျက်လုံးများ . . .

နေခြည့်အဖို့ ဒါမျိုးတွေက ရိုးနေပြီ။ နေခြည်မိုးကိုမြင်သော ယောကျ်ားလေးတိုင်း နှစ်ခါပြန်ပြီး ငေးကြည့်ကြစမြဲပါလေ . . .

"တောက် ဒီလူစက်ဘီးကို နင်းမယ်လုပ်ပြီးမှ မနင်းဘဲ နေပြန်ပြီ"

လမ်းကလည်း ကျဉ်းလွန်းတာကြောင့် ကျော်တက်လို့မရ။

မင်းခန့်ညား ကိုယ့်ကိုကိုယ်လည်း အံ့ဩမိ၏။ ကားပေါ်မှ ကောင်မလေးအား စနေမိခြင်းတိုပါ။ သူ့ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး တစ်ယောက်အား စနောက်မိခြင်းမှာ ဒါ တထေမဆုံးပါပဲ။

စိတ်တို၊ စိတ်ဆိုးနေသော ကောင်မလေးအလှက ချစ်ဖို့ကောင်းနေပြန်သေး၏။

ကားနှင့်တိုက်ရဲသောသတ္တိမျိုး မိန်းကလေးများတွင် မရှိဟု သူ ယူဆမိထားသောကြောင့်လည်း မထိမဲ့မြင်ပြုကာ ဆက်လက်ကျီစယ်နေမိခြင်းဖြစ်၏။

ပြိုင်ဘီးကို တစ်လှိမ့်ချင်းနင်းပြီး စိတ်ဆိုးနေမယ့် သူမ မျက်နှာလေးအား မြင်ယောင်နေမိ၏။

'စိတ်ဆိုးလည်း လှနေတာပါလား မိန်းကလေးရယ် ကွယ်'

အိမ်ကထွက်လာတည်းက အဆင်မပြေလာတဲ့ နေခြည်မိုး ဒေါသတွေက အထွဋ်အထိပ်သို့ ရောက်လာခဲ့ချေပြီ။

"ဩော် . . ဒီလူက တမင်လုပ်နေတာပါလား၊ လူပုံကြည့်တော့ သနားကမားနဲ့ ကားနဲ့ဝင်တိုက်ရဲတဲ့ သတ္တိမျိုး





မိန်းကလေးတွေမှာ မရှိဘူးထင်ရင် ရှင်မှားသွားမှာပေါ့ တော့"

ပြိုင်ဘီးစီးသူကိုကြည့်ပြီး နေခြည် မျက်နှာကိုရှုံ့မဲ့ ပစ်လိုက်သည်။

မျက်စိရှေ့မှာ မတော်မတည့်သူများကို သူမမြင်တတ် မြင်တတ်သား သင်ခန်းစာပေးခဲ့ပေါင်း များခဲ့ပြီပဲလေ။

ဒင်းတစ်ယောက်ကတော့ မျက်နှာပြုံးတုံ့တုံ့နှင့် နေခြည်မိုး အကြောင်းကိုမသိဘူး၊ မကြားဖူးသူဘဲ ဖြစ်ရပေမည်။

ကံခေသွားသူကား မင်းခန့်ညားဖြစ်၏။

အလှသရဖူလေးအား မျက်စိတစ်ဖက်မှိတ်ပြလိုက်မယ်အကြံနှင့် နောက်လှည့်မိစဉ် . . .

ထွက်ပေါ်လာသော ကားအင်ဂျင်သံခပ်ကြမ်းကြမ်းကြောင့် မျက်လုံးပြူးသွားမိသည်။

သူမ တကယ်လုပ်ပြီ။

ဘယ်လိုမှ ထင်မထား။



www.burmeseclassic.com

www.burmeseclassic.com



"ဝရော . . . ဝရော . . . ဝေါ"

"ဟိုက် . . သွားပြီ"

"ဒုန်း"

နေခြည်မိုး ကားနှင့် စက်ဘီးကို ခပ်ဆတ်ဆတ် တိုက်ပြီး ဘရိတ်ကိုဖိနင်းလိုက်၏။ အားလုံးကွက်တိ။

စက်ဘီးရောလူပါ လှလှပပကြီး မျက်ခင်းပြင်ပေါ် ပစ်ကျသွားသည်။

မှတ်ပြီလား ဆိုတဲ့သဘောနဲ့ ကားပြတင်းပေါက်က နေခြည်မိုး ခေါင်းပြူကြည့်မိတော့ ရိုဝေသောအကြည့်နှင့် အံ့အားသင့်နေတဲ့ အမူအရာက သူ့ထံမှာ အထင်းသား တွေ့ရ၏။

"ဘယ်လိုလဲ စွန့်စားလှချည်လား၊ ယူ့အသက်သိပ် မကြီးသေးပါဘူး၊ ငယ်ပါသေးတယ်"

ရပ်သွားသောကားပေါ်မှ သရော်တဲ့အပြုံးနဲ့ စကား သံကို သူရင်ဆိုင်လိုက်ရသည်။ အာဂမိန်းကလေးပဲ။

စက်ဘီးကို ပြန်မထောင်ဖြစ်သေးသလို ခန္ဓာကိုယ်





တလည်း မြက်ခင်းမှမထနိုင်သေးဘဲ သူမကိုသာ ငေး ကြည့်နေမိသည်။

"အဟင်း . . ယူ့စတန့်က အတော်ကြည့်ကောင်း တာပဲ။ ဆောရီးပဲနော် 'အိုပီတီ'လား၊ 'အင်မာဂျင်စီ'လား၊ ကြိုက်တာပြောနော် တို့လိုက်ပို့ပေးမယ်သိလား"

ရွှတ်ဆတ်ဆတ်ပေမယ့်လို့ ချိုးအေးသောအသံစာ စာလေးကို နှစ်သက်သွားမိသည်။

"ကျွန်တော်လည်း လမ်းပေးမလို့ပါဗျာ၊ ဒါပေမယ့် လမ်းက အရမ်းကျဉ်းနေလို့"

လဲကျနေရာမှ မထဖြစ်သေးဘဲ မှသားစကားနဲ့ ဖြေ ရှင်းချက်ထုတ်မိ၏။

သူမအား လျှော့မတွက်ရဲတော့ပေမယ့် အရှုံးပေးဖို့ တော့လည်း မင်းခန့်သားရာဇဝင်မှာ ရှိမှမရှိခဲ့ဖူးတာ ပဲ . . .

ဒါကြောင့်လည်း နေရာမှမထသေးဘဲ သူမမျက်နှာ ချောချောကိုသာ ငေးနေဖြစ်စဉ် . . .

www.burmeseclassic.com

သူမက မချင့်မရဲလေးပြုံးကာ

"တို့ သိသလောက်တော့ ပြိုင်စက်ဘီးဆိုတာ အဲဒီလို ဖြည်းဖြည်းနဲ့ အိပ့်ပဲ့နင်းရတာမှ မဟုတ်ဘဲနော်"

"ကျွန်တော့်စက်ဘီးက ပျက်နေတယ်။အမြန်နင်းလို့ မရဘူးဗျ"

"ဟင်"

မင်းခန့်ညားစကားဆုံးတော့ သူမမျက်နှာလေး အရောင်ပြောင်းသွား၏။

"ဆောရီးပဲ။ ဒါ . . ဒါကို တို့လုံးဝမသိခဲ့ဘူး၊ ယူတမင်လုပ်နေတာပဲ ထင်ခဲ့တာ"

သူ့ခေါင်းကို ခါရမ်းပြတော့ ကိုယ့်လုပ်ရပ်မှားပြီဆိုတာ နေခြည်မိုး သဘောပေါက်လိုက်သည်။

"ဒါဖြင့် တို့ယူ့ကို ဘာကူညီပေးရမလဲပြောနော်"

ကိုယ့်လုပ်ရပ်ကြောင့် သူသာကျိုးကန်းသွားခဲ့လျှင်မူ နေခြည်ဆက်မတွေးရဲ။

သူကျေနပ်အောင် ကိုယ့်ကိုကိုယ် မာနတွေနှိမ့်ချပြီး



ဆက်ဆံဖို့သာရှိသည်။

မင်းခန့်ညားရင်ထဲ ပြုံးဖြစ်၏။ အလှဖုရားလေးမျက်နှာလှလှလေးမှာ ကရုဏာရိပ်တွေ ခိုဝင်လာတာက တကယ့်အထင်းသားပါ။

"တစ်ချက်ဗျာ ကားပေါ်ကဆင်းပြီး ကျွန်တော့်စက်ဘီးလေး ထောင်ပေးပါလား။ ကျွန်တော့်လက် သူ့ပ်လို့မရဘူးဖြစ်နေလို့"

"ဟယ် . . . ဘုရား . . . ဘုရား"

စိုးရိမ်စိတ်က ငယ်ထိပ်အထိ တက်လာသည်။ ကိုယ့်ပရောဂက ရာနှုန်းပြည့်ပါနေတာလေ။

ကားပေါ်က ဖျတ်ကနဲဆင်းပြီး သူ့စက်ဘီးကို ထောင်ပေးလိုက်သည်။

ပြီးတော့ သူ့လက်ကိုဆွဲတိုင်ကာ

"လက်က ဘယ်လိုဖြစ်သွားတာလဲဟင်၊ နေခြည်ခါပေးမယ်နော်၊ အကြောတင်သွားတာထင်တယ်"

မင်းခန့်ညား မျက်နှာကိုမဲ့လျက်က

www.burmeseclassic.com

"စက်ဘီးပေါ်က ပစ်အကျမှာ လက်နဲ့ထောက်မိသွားတာထင်တယ်၊ အရမ်းနာနေတယ်ဗျာ"

"ဒါဖြင့် တို့ခါပေးမယ်နော်၊ နေခြည် ခါပေးပါရစေ"

နူးညံ့သွယ်ပြောင်းတဲ့လက်အိအိလေးက သူ့လက်ကို ထွေးဆုပ်ကိုင်လာပါသည်။

"ဒီကနာမည် နေခြည် တဲ့လား"

"ဟင့်အင်း . . အပြည့်အစုံက နေခြည်မိုးပါ၊ တို့ပါးစပ်က အကျင့်ပါနေလို့"

နာမည်နှင့် လူ လိုက်ဖက်လွန်းလှသည် ထင်မိ၏။ အနီးကပ်မြင်ရမှ ကြွေရုပ်လေးအလား လှသွေးကြွယ်နေတော့သည်။

"ကျေး . . . ကျေးဇူးတင်ပါတယ် မနေခြည်"

စိုးရိမ်စိတ်နှင့် သူ့လက်ကိုဆွဲကိုင်ကာ ခါချပေးနေသောနေခြည် . . .

သူမ ထင်ထားသလို 'အား . . အီး' အော်နေမယ့်အစား ပြုံး၍ပင် စိုက်ကြည့်နေပြန်တာကြောင့် . . .





တစ်ခုခုတော့ မှားယွင်းနေပြီဟု သိလိုက်ပြီး ကိုင်ထားမိသောသူ့လက်ကို လွှတ်ချလိုက်သည်။

ပြီးတော့ ဝေခွဲရခက်လှစွာ သူ့မျက်နှာကိုငေးကြည့်မိစဉ် ထင်မထားသော သူ့စကားကြောင့် ကိုယ့်ဘာသာ ဒေါသဖြစ်ရတော့သည်။

"အဟင်း . . ခုအရွယ်အထိ မိန်းကလေးတစ်ယောက် လက်ကိုင်တာကို ခံရတာ ဒါပထမဆုံးအကြိမ်ပဲ၊ ဒါပေမယ့် ဒီလောက်ဖြစ်သွားမယ်လို့ လုံးလုံးမထင်ခဲ့တာပါ၊ တို့အပေါ် စိုးရိမ်ပေးတာ ကျေးဇူးပဲနော်"

"မင်းကြောင့် လဲကျသွားတဲ့စက်ဘီး မင်းပြန်ထောင်ပေးတာနဲ့တင် ကျေနပ်စရာပါ၊ တို့က နာတဖျားတော့ သာချင်တယ်လေ"

"ဟင် . . ရှင် . . ရှင် . . တောက်"

ဒေါသဖြစ်လွန်းတာမို့ သူ့စကားတွေက နီးလာလိုက် ဝေးသွားလိုက်နှင့် . . .

သူကတော့ စောစောကပုံမျိုး မဟုတ်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com

အနိုင်ရသူအပြုံးနှင့် စကားတွေ ချွဲနေပြန်သည်။

"အဟွန်း . . ကားပေါ်ကဆင်းပြီး တို့စက်ဘီးကို ထောင်ပေးတာရော၊ ကြင်နာစွာလက်လေးကိုင်ပြီး ခါချပေးတာပါ အားလုံးကျေးဇူးနော်"

"အင်း . . တစ်ခုသိထားဖို့က'မင်းလေးဟာ မိန်းကလေး တစ်ယောက်ဆိုတာပါပဲ၊ ဒါဟာ ဒီကမင်းခန့်ညားဆိုတဲ့သူက ပေးလိုက်တဲ့ လက်ချာဆိုတာ အမြဲအမှတ်ရနေဖို့ပါ"

"ကဲ . . သွားမယ်နော် နေခြည်"

ပြောပြီး ပြိုင်စက်ဘီးအား မြှားတစ်စင်းနှယ် နင်းပြီး ထွက်သွား၏။

ကျောက်ရုပ်နှယ် ကျန်ခဲ့ရသူက နေခြည်မိုးပင်။

အပွဲပွဲနွှဲလာသမျှ မင်းခန့်ညားဆိုတဲ့သူကျမှ သူမ သိက္ခာတွေရော မာနတွေပါ ခြေဆင်းဝပ်တွားခဲ့ရပြီ။

ယောက်ျားလေးတစ်ယောက်ရဲ့လက်ကို အရှက်မဲ့မှာနဲ့ ကိုင်ပြီး ခါချပေးခဲ့ရတာလေ . . .



"တောက်"

"ဝေါ . . . ကျွီ . . . ဂျိမ်း"

ပေါ်တီကိုအောက်မှာ ကားရပ်ပြီးတဲ့အချိန်ထိ သူမ ဒေါသတို့က မပြေသေးချေ။

အိမ်ထဲအပြေးတပိုင်းနဲ့ လှမ်းဝင်လာတော့ မေမေ့ အသံက နောက်ကစာပ်ပါလာ၏။

"ဟဲ့ . . သမီးနေခြည် ဘာဖြစ်လာတာလဲ။ ရင် ထိတ်လိုက်တာကွယ်"

"ဟင့်အင်း မာမီ။ သမီးကို ဘာမှလာမမေးနဲ့၊ သမီး ရှက်တယ်"

ဒေါ်ကြည်ပြာမိုး ဒီတော့မှ ပိုစိတ်ပူသွားသည်။ ဒီ သမီးမျက်နှာကို အရိပ်လိုကြည့်နေတာလေ။

"ဟင် . . သမီး ဘယ်သူနဲ့ဘာဖြစ်ခဲ့လို့လဲ။ သမီး ကိုယ်က မိန်းကလေးနော်၊ နာစရာရှိ ကိုယ်ပဲနာမှာ"

"ဟာ . . . မာမီတို့ကတော့ လုပ်ပြီ၊ ပေါက်ကရ ပြောတော့မယ်၊ မီး ကားတိုက်လာလို့၊ ကားတိုက်လာလို့"

ရှိုင်း စာ ပေ

www.burmeseclassic.com

www.burmeseclassic.com

"ဟင်း . . ငါ့ကိုတျောသွားတာ၊ ဒီလိုမှန်းသိရင်

သေအောင်ကို လည်ပင်းတက်ကျိတ်ပစ်တယ်"

"အို . . မဲ့ . . သမီး ဘာတွေပြောနေတာလဲ။

ဘယ်သူလဲ။ ဘာဖြစ်သွားသေးလဲ။ ခက်လိုက်တာအေ၊

ဒီကားကြီးဝယ်ပေးမိတာ ငါတော့မှားပြီထင်တယ်"

"ငါပြောသားပဲ ညည်းကို ဖြည်းဖြည်းမောင်းပါလို့

မိဘကပြောရင် မထီလေးစားနဲ့"

"အာ . . . မာမီကလည်း သမီးဆို ဆူဖို့ချည်းပဲ။

ခုဟာက သမီးမမှားဘူး၊ လမ်းပိတ်နေလို့ ပညာပေးပြီး

တိုက်ချလိုက်တာ"

"ပြီးတော့ သူလက်လည်း ဘာမှမဖြစ်ဘဲနဲ့ မူလဂျီ

လုပ်နေတဲ့လူ တွေ့ဦးမယ်"

ဒီတော့မှ ဒေါ်ကြည်ပြာမှီး ရင်တမမနှင့် ဇာတ်ရည်

လည်တော့၏။

"ဘုရား . . ဘုရား နေခြည်၊ ကိုယ်ဟာမိန်းကလေး

တစ်ယောက်ဆိုတာများ ညည်းမေ့နေပြီလား၊ လက်လွတ်





စယ် လုပ်လိုက်တာဟယ်"

"ဟိုဘက်အိမ်က ကေဇင်နဲ့ကွာတာ အဲဒါတွေပေါ့၊

မိန်းကလေးတဲ့ အိန္ဒြေကိုမရှိဘူး . . တကယ်"

"ညည်းကလဲအေ . . ငါ့မြေးဆို အကောင်းကို

မပြောဘူး။ ဘာမှမဖြစ်သွားဘူးဆို ပြီးပြီပေါ့၊ သူ့ကိုလည်း

ရှုံလာစတာကိုး"

"သွား . . သွား . . မြေး ရေချိုးတော့ ဖွားတို့ ထမင်း

စားဖို့ စောင့်နေတာ"

အဘွားလုပ်သူ ရောက်လာ၍သာ မေမေ့ထံက အ

ဆူခံရ သက်သာခဲ့ခြင်းပဲဖြစ်သည်။

ရေချိုးထမင်းစားပြီးလို့ အိပ်ရာဝင်တဲ့အထိ ဒေါသ

တ မပြေနိုင်ခဲ့။

သူ့မျက်နှာကိုလည်း ခံပြင်းတဲ့စိတ်နဲ့ မြင်ယောင်နေ

မိခဲ့သည်။

သူငယ်ချင်းများကို ရင်ဖွင့်တော့ အားလုံးကပင် ဒဲ့

အားသင့်ကြ၏။


www.burmeseclassic.com

www.burmeseclassic.com

"အဟတ်ဟတ် . . . နေခြည်ရယ် ဖြစ်လိုက်မှဖြင့် လူကြားမကောင်း၊ ပြီးတော့ အပွဲပွဲနွှဲလာသမျှ သူနဲ့ကျမှ အလဲထိုးခံလိုက်ရတာပေါ့"

"ဒါကောင် အနိုင်တီလေးပြောပြလို့သိရတာ၊ နောက်မို့ သူလျှို့ထားမလားပဲ"

ငြိမ်ပြီးနားထောင်နေခဲ့မိသော နေခြည့်မျက်နှာ ရဲကနဲဖြစ်သွားလျက် . . .

"ဆောရီးပဲ ဂျူလိုင်၊ ကိုယ်မင်းတို့ကို ပြောပြမှာပါ။ သူလက် ဘာမှမဖြစ်တာကို အညာခံလိုက်ရတာပဲ ရှုံးခဲ့တာပါ"

"ကိုယ်က သူ့စက်ဘီးကို တမင် ကားနဲ့တိုက်ပြီး အနိုင်ယူခဲ့တာပါကွာ"

မခံချင်စိတ်နဲ့ ချေပမိတော့သူငယ်ချင်းများက ပြုံးကြလေသည်။

"အဟင်း . . နေခြည် . . နေခြည် ယောက်ျားလေးတွေနဲ့ ကင်းနေနိုင်ပြီး အနိုင်ပိုင်းခဲ့သမျှ သူ့ကိုတော့





မင်း အမြဲအမှတ်ရနေပြီမဟုတ်လား"

"အလို . . ဘုရားရေ သူတို့ဘာကြောင့် သိနေရပါသလဲ"

နေခြည် တကယ်ပဲ ဘုရားတမိတဲ့အထိပါ။ မင်းခန့်ညား ဆိုတဲ့နာမည်နဲ့ သူ့မျက်နှာချောချောကို အသိစိတ်ထဲမှာ စွဲစွဲကြီးကို မှတ်မိနေတော့တာပါ။

ဒါပေမယ့် ကောင်းသောမှတ်မိခြင်းမျိုးနဲ့တော့ မဟုတ်ခဲ့ . . .

ဒင်း တစ်ချိန်ချိန်မှာတော့ နေခြည်မိုး ဘာဆိုတာ သိနားလည်လာမှာပါလေ . . .

သူ့အပေါ် ဖြစ်လာတဲ့ တဒင်္ဂသနားစိတ်ကို အနိုင်ပိုင်း လူပါးဝသွားတာလောက် ခံပြင်းဒေါသထွက်တာမရှိ။ ဘယ်လောက်များ မုန်းစရာကောင်းလိုက်သလဲ။

နေခြည်မိုးဆိုတာ မွေးကတည်းက ရွှေလင်ပန်းနဲ့ အချင်းဆေး၊ ပိုးလေးလို ပြုစုယုယ အလိုလိုက်ခံခဲ့ရသောဘဝ။


www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားနဲ့ မေမေ့ကြားမှာ လက်ညှိုးညွှန်ရာ ရေဖြစ်ခဲ့တာပဲဖြစ်၏။

ခုတော့ ဘာမှမဟုတ်တဲ့သူကျမှ နေခြည်မိုးတို့ အရှုံးကြီးရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

တစ်ကြိမ်တစ်ခါတော့ဖြင့် ကြုံကြိုက်ချင်ပါသေးသည်လေ . . . ။



ဘဝ၏ ပထမ ခြေလှမ်းအစပိုင်းမှာတင် မင်းခန့်ညားဆိုသော သူ့ဘဝသည် မွန်းကျပ်လွန်းလှတဲ့ လှောင်ချိုင့် အတွင်းကို သက်ဆင်းခဲ့ရသည်။

အချိန်မတန်မီ ကျေလွင့်ခဲ့ရသော သူ့နှလုံးသားကခုလို အမှတ်တရဖြစ်စရာအကြောင်းနဲ့အတူ ရင်ခုန်လှုပ်ရှား နိုးထလာခဲ့သောအခါ . . .

"အင်း . . . မင်းအဖြစ်ကလည်းကွာ ကြားရတာနားမချမ်းသာလိုက်တာကွာ"

"ပြီးတော့ ခုပဲမြင် ခုပဲကြိုက်နဲ့၊ ဘယ့်နှယ်လုပ်မ



www.burmeseclassic.com

www.burmeseclassic.com



တုန်း”

“မင်းပြောလည်း ခံရမှာပဲ ဇော်သစ်။ ငါတော့သူ့ကို နောက်တစ်ကြိမ်လောက် တွေ့ချင်သေးတယ်”

ငယ်ပေါင်းလည်းဖြစ်၊ တိုင်ပင်ဖက်လည်းဖြစ်သူ သူငယ်ချင်း ဇော်သစ်ကို ရင်ဖွင့်မိတော့ ရင်ထဲမှာပေ့ါပါး သွားသယောင်ရှိ၏။

“ဒါဖြင့် မင်းမန္တလေးတစ်ခေါက် ပြန်သွားဦးမှာပေ့ါ မင်းခန့်”

သူခေါင်းညိတ်ပြမိတော့ ဇော်သစ် မျက်နှာရှုံ့သွားကာ . . .

“စဉ်းစဉ်းစားစားလေးလုပ်ပါ မင်းခန့်ရာ၊ မမခွာညို ခက် စက်ရုံလိုက်လာလို့ မင်းမရှိရင် ဘယ့်နှယ်လုပ်မတုန်း ရှင်းရခက်အောင်တော့ မလုပ်ပါနဲ့ကွာ”

ဇော်သစ်ပြောတာလည်း ဟုတ်နေ၏။ ဒေါ်ခွာညို ခက် သူ့ဘဝအား နေမင်းတစ်ဆူလို လွှမ်းမိုးစိုးပိုင်ထားသူ တစ်ယောက်။





သူမ၏ လောင်းရိပ်အောက်ကရော တိုးထွက်လို့ရနိုင်မှာတဲ့လား . . .။

ဒါမှမဟုတ် နူနယ်တဲ့နှလုံးသားကို ဦးစွာဆွဲနှောင်ရစ်ငင်ခဲ့သူ အလှပိုင်ရှင်လေးအား မေ့ပျောက်ဖို့ ကြိုးစားရပါမည်လား။

ဒါတော့ ဘယ်နည်းနဲ့မှ ဖြစ်နိုင်မှာမဟုတ်။ အခါမသင့် အချိန်မကျသေးခင် လျှောင်ချိုင့်ထဲ ပိတ်လှောင်ခံခဲ့ရသော ကိုယ့်ရဲ့နူနည်တဲ့နှလုံးသားကို ကိုယ့်ဘာသာသနားနေမိခဲ့သည်။

“ငါ ဆုံးဖြတ်ပြီးပြီ ဇော်ကြီး။ မန္တလေးကို ငါပြန်သွားမယ်။ ငါ့နှလုံးသား အစစ်အမှန်လေးကို ငါပြန်ရှာမယ်”

“ငါ့ရဲ့ လှောင်ချိုင့်စံဘဝကို မင်းလည်း သိသားနဲ့ကွာ။ လွတ်လပ်ခြင်းဆိုတဲ့ သံယောဇဉ် အနှောင်အဖွဲ့ကို ငါ အင်မတန် မျှော်လင့်တောင့်တနေမိခဲ့တာပါကွာ”

“ဟော . . မန်နေဂျာကြီး ဦးမြင့်အောင်လည်း ရောက်နေပြီ။ တစ်ခါတည်း အလုပ်ကိစ္စတွေ လွှဲထားခဲ့ရမယ်”



www.burmeseclassic.com

www.burmeseclassic.com



"လာ အန်ကယ်၊ တစ်ခါတည်း လယ်ဂျာတွေ လွှဲထားခဲ့မလို့ စောင့်နေတာ"

"အေး . . အေး . . မောင်မင်းခန့် ဒါနဲ့ မင်းကဘယ် ခရီးထွက်ဦးမှာတုန်း။ အန်ကယ် ကျန်တဲ့လက ငွေလက်ကျန်တွေ ရှင်းချင်လို့"

"ကျွန်တော် မန္တလေးတက်မလို့ပါ။ ငွေရှင်းတာ မမခွာညိုခက်လာတော့ ရှင်းလိုက်လေ။ ရသားပဲ။ ကျွန်တော်လည်း မသွားလို့ မဖြစ်ဘူးဗျ"

"အင်း . . ခက်တာပဲ မောင်မင်းခန့် မမလေးကပြောရရင် အမြင်လူပါ၊ မောင်မင်းခန့်နဲ့ ပတ်သက်ပြီးတော့သာ အသိအမှတ်ပြုပြီး အလွယ်လုပ်လိုက်တာ၊ တကယ်တော့ အုပ်ချုပ်သူ သူဌေးက မောင်မင်းခန့်လေ။ ဖြစ်နိုင်ရင် အလုပ်ပြီးပြတ်မှပဲ သွားလိုက်ပါကွာ၊ အန်ကယ်ထောင်းပန်ပါတယ်"

"ဟုတ်သားပဲ မင်းခန့် အန်ကယ့်ကို မြှားဦးလှည့်နေဦးမယ်နော်၊ မမခွာညိုခက်က ပြောပြီဆို ဘာမျက်နှာမှ





ကြည့်တာမဟုတ်ဘူး"

ဇော်သစ်က ပါဝင်ပြောလာသဖြင့် သူမငြိမ်းသာတော့။ ဒေါ်ခွာညိုခက်နဲ့ပတ်သက်တဲ့ ဒီလောင်းရိပ်အောက်က တကယ်တော့ သူစွန့်စားတိုင်းလွတ်မြောက်ပါတော့လား။

သို့သော်လည်း မလွယ်မှန်းသိမှပိုပြီး တိုးထွက်ချင်နေမိတော့၏။

"ဟူး . . . ကျုပ်ဘဝကို ဘယ်လောက်များ ချုပ်တိုင်ထားဦးမှာလဲ ဒေါ်ခွာညိုခက်"

ဦးမြင့်အောင်နှင့် ငွေရှင်းတမ်းတွေ လုပ်ပြီးသွားတော့ နေပင်အတော်မြင့်နေခဲ့ပြီ။ ပထမတော့ မနက်စောစော ရန်ကုန်ကထွက်မယ် မှန်းထားခဲ့တာပင်။ ခုချိန်မှတော့ဖြင့် ထမင်းစားချိန်အမီ ပြည်ရောက်အောင်မောင်းရပေတော့မည်။

ပါရာဒိုကားပြာကြီးမှာ ရွှေနိုင်းတစ်ကောင်အလားနှိုင်လွန်ကတ္တရာလမ်းပေါ်မှာ ပြေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကားလမ်းတစ်ဖက်တစ်ချက်စီမှ သစ်ပင်ရိပ်များမှာ အနောက်ဘက်ဆီတွင် ဝေး၍ဝေး၍ကျန်ရစ်ခဲ့ချေပြီ။

သို့အပြင် မင်းခန့်ညားဆိုတဲ့ သူ့ဘဝအား ချုပ်ကိုင်သိမ်းပိုက်လာခဲ့သော ဒေါ်ခွာညိုခက်အကြောင်းများမှာတော့ သူ့အတွေးထဲမှာ ပြတ်ပြတ်ထင်ထင်တိုးဝင်လာနေခဲ့ပါသည်။

"ဩော် . . . ငါ့ဘဝဟာ ယောကျာ်းရင့်မာကြီးဖြစ်ရက်နဲ့တောင် မိန်းမတစ်ယောက်ရဲ့ ဝါးမျိုသိမ်းပိုက်မှုကို ခံခဲ့ရပါလားနော်"



အဖေဆုံးပါးပြီး အဖေ့စိတ်နှင့် အမေပါ အိဝ်ယာထဲ လဲခဲ့ရတဲ့အဖြစ် . . .

သူတို့ပိုင်ဆိုင်သမျှလည်း အဖေစီးပွားရေးကျတာ ရော ဆေးဖိုးဝါးခစရိတ်ပါထောင်းပြီး ချွတ်ခြုံကျခဲ့ရသည်။

ဒီကြားထဲ အမေ့နှလုံးရောဂါ အခြေအနေက ပိုမို လို့ ဆိုးဝါးလာခဲ့၏။

ဒေါက်တာအေးသန့်ဇော် ပြောစကားတွေက သူ့ အရှိက်ကို လက်သီးနဲ့ထိုးနေသည့်နှယ် . . .

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကုနေတဲ့လူနာတစ်ယောက်ကို ရောဂါသက်သာမှုမရှိဘူးလို့ ပြောရမှာ ဦးစိတ်မကောင်းပါဘူး ငါ့တူ။ တကယ်တော့ ငါ့တူမမေမေက နိုင်ငံခြားမှာ နှလုံးအစားထိုးကုသပါမှ ရာခိုင်နှုန်းများများ အသက်ရှင်မယ့် သဘောပဲ"

"ဗျာ"

တိုက်နဲ့ခြံပါ အပေါင်ဘဝနဲ့ ရင်းနှီးကုနေတာတောင်မှ အမေ့အခြေအနေက တိုးတက်မှုရှိမလာ။

ဆယ်တန်းအောင်ပြီး၍ ဒုတိယနှစ်တက်နေသော သူ့ဘဝသည် ငွေရဖို့ အလုပ်အကိုင်ကလည်း မယ်မယ်ရရ မရှိသေးတော့ ကူကယ်ရာမဲ့ခဲ့ရသည်။

ဒီအချိန်မှာ သူ့အတွက် ကောက်ရိုးတစ်မျှင်အဖြစ် မိတွယ်ရာရလာသူက ရတနာ့ပွဲစား ဒေါ်ခွာညိုခက်ပဲ ဖြစ်တော့သည်။

ဖေဖေရှိစဉ်ကတည်းက သူ့မကျေးဇူးတွေက ရှိခဲ့ဖူးသလို သူနဲ့လည်း ရင်းနှီးမှုရှိခဲ့ကြသည်။

"အန်တီ့အတွက် မပူပါနဲ့ ငါ့မောင်။ မမ လိုသ

ရှိ င် း စာ ပေ



လောက် ထုတ်ပေးပါ့မယ်"

"ဟို . . . ကျွန် . . . ကျွန်တော်"

"အားနာမနေပါနဲ့ကွယ်။ မမနဲ့က တစိမ်းတွေမှ မဟုတ်တာ။ လူ့ကျန်းမာရေးထက် ဘာမှအရေးမကြီးဘူး"

"ရော့ . . ဒါက မမခွာညို့ ကူညီတဲ့သဘောပဲ။ ကျန်တဲ့ငွေကလည်း မင်းခန့်ဖက်က အစဉ်ပြေမှ စဉ်းစားပါကွယ်"

ဒီတုန်းက ဒါတွေသည် တစ်ချိန်တစ်ခါ ကိုယ့်အပေါ် ရစ်သိုင်းချုပ်ပါလိမ့်မည်လို့ သူမတွေးခဲ့မိသလို ထင်လည်း ထင်မထားခဲ့ပါလေ။

ကိုယ့်သိက္ခာ၊ ကိုယ့်မာနနှင့် သူ့အကူအညီ ကင်းအောင်နေလိုက်ဖို့ဆိုတာကလည်း ဖေဖေဆိုတဲ့ ရွှေတောင်ကြီးက သူ့ဘဝမှာ ပြိုဖူးခဲ့ပြီ။ ခုတစ်ခါ မေမေ။

မေမေ့ကိုတော့ ဘယ်လိုမှ အဆုံးရှုံးမခံလိုတဲ့ အဖြစ်။ ဒီတော့ ဒေါ်ခွာညိုခက်ကူညီမှုကို ဝမ်းသာအားရ ခေါင်းညိတ်ကာ လက်လှမ်းကြိုဆိုခဲ့မိသည်။

www.burmeseclassic.com


သူငယ်ချင်းဖြစ်သူ ဇော်သစ်က လေမြေလေးနဲ့ရှင်းပြ ပြောဆိုနေပေမယ့်လို့ သူ့နားထဲမှာတော့ မုန်တိုင်းထန်လို့ လေပြင်းခနေသလား ထင်မှတ်ရသည်။

"ငါပြောတာ အရိုးရှင်းဆုံးပဲ မင်းခန့် မမခွာညိုခက် အစစပေးကမ်းကူညီနေတာ မင်းကို သူမျှော်လင့်နေတာမို့လို့ပဲ"

"ဟာကွာ မဖြစ်နိုင်လိုက်တာ၊ ပြီးတော့ သူက ငါ့ထက်အသက်လည်းကြီး၊ မုဆိုးမကြီးကို"



အထိတ်တလန့် ပြောဖြစ်ပေမယ့် ဇော်သစ်စကားက မှားယွင်းမှုဟုသူထင်ခဲ့သည်။

"မဖြစ်နိုင်ဘူးဆိုတာ ဒေါ်ခွာညိုခက် ဘဝမှာမရှိနိုင်ဘူးဆိုတာ မင်းမှမသိတာပဲ မင်းခန့်။ မင်းအမေအတွက် သိန်းရာနဲ့ချီပြီး ပေးကမ်းခဲ့တာ သူ့ဘဝအတွက် မင်းကို မျှော်လင့်နေခဲ့လို့ပဲ"

စိတ်ပျက်အားငယ်စွာ ခေါင်းခါရမ်းမိခဲ့ပေမယ့် တကယ်တမ်းလည်း ဒေါ်ခွာညိုခက်ရဲ့ ကူညီမှုအတိုင်းအတာက လွတ်ကင်းမှုမရှိခဲ့ချေ။

ဒုတိယနှစ်ကျောင်းသားရဲ့ ဝင်ငွေမရှိသေးတဲ့ဘဝမှာ အိမ်နဲ့ခြံလည်း သူမလက်ထဲမှာ၊ ပြီးတော့ အမေ့နှလုံးခွဲစိတ်တုသဖို့ သိန်းရာဂဏန်းနီးပါး ဒီအတွက် ဒေါ်ခွာညိုခက်ကို သူဘယ်လို ပြန်ပေးဆပ်နိုင်မှာတဲ့လဲ . . .

သူ့ရဲ့ ပြိုကျလုလုငွေတောင်ကြီးအား ဒေါ်ခွာညိုခက်က ထိန်းမတ်ပေးခဲ့တာပဲဖြစ်၏။

ယခုဆိုပါမူ မေမေ့ကျန်းမာရေးလည်း အကောင်း


www.burmeseclassic.com

www.burmeseclassic.com

ပကာတိဖြစ်ရုံမကာ စီးပွားရေးလုပ်ငန်းပင် လုပ်နိုင်လာခဲ့ပြီ။

"သား . . စဉ်းစားပါ။ ခွာညို့ကျေးဇူးတွေဟာ မေမေ့တို့အပေါ်မှာ အတိုင်းအတာမရှိဘူးသား"

"ပြီးတော့ ချွတ်ခြုံကျနေတဲ့ မေမေတို့စီးပွားဟာလည်း ခွာညို့ထောက်ပံ့မှုနဲ့ပဲ ပြန်ခေါင်းမော့လာခဲ့တာသား"

"သားကိုလည်း မောင်လေးတစ်ယောက်လို သံယောဇဉ်ရှိတယ်"

ဒီတုန်းက မေမေ့ဆန္ဒကို ငြင်းပယ်နိုင်ခွင့် ရှိခဲ့ပေမယ့် သူ့ဘာကြောင့် မငြင်းပယ်ခဲ့မိပါလိမ့်လို့ ဝေဖန်ပါက မေမေ့ ကျန်းမာရေးကြောင့်ပဲ ဖြစ်မည်ထင်သည်။

"ခွာညိုဟာ သားနဲ့သာ အသင့်တော်ဆုံး၊ အိမ်ထောင်ဖက်တစ်ယောက်ပါကွယ်၊ သူ့ဘဝပေးကံကြမ္မာမကောင်းလို့ မုဆိုးမဘဝဖြစ်ခဲ့ပေမယ့် တကယ်တမ်း ဘဝတည်ဆောက်တော့ ဒါတွေမလိုပါဘူးသားရယ်၊ ပတ်ဝန်းကျင်ဆိုတာ ကဲ့ရဲ့လည်း ခုနှစ်ရက်ထက်မပိုပါဘူးသား"

ရှိ င်း စာ-၆ ပ



"ပြီးတော့ ပါးစပ်ညောင်းသွား တော့လည်း ပြီးသွားတာပါပဲ သားရယ်"

"ခွာညိုဟာ မုဆိုးမပေမယ့် အရွယ်တင်တယ်၊ ရုပ်ရည်ရူပကာလည်း ပြောစရာမရှိဘူး၊ မေမေတော့ ထင်တယ်၊ သား ခွာညို့ကျေးဇူးတွေကို ဆပ်စရာ ဒီနည်းပဲရှိပါတယ် သားရယ်၊ ခွာညိုကို ပိုက်ဆံချမ်းသာတဲ့ လူတွေချဉ်းလှမ်းတာ အများကြီးပဲသား"

"သားရဲ့ ခေါင်းတစ်ချက်အညိမ့်ဟာ မေမေ့ရောဂါရဲ့ သက်သာမှုရာနှုန်းပါသားရယ်၊ ခွာညို့ကို သားလက်ထပ်လိုက်ပါနော်"

"သား . . လက်ထပ်မှာပါ မေမေရယ်"

ဒီစကားတစ်လုံးနဲ့တင် သူ့ဘဝတစ်ခုလုံး ခွာညိုခက်လက်ထဲ ကျရောက်ခဲ့ရသည်။

ကျရောက်လာတဲ့ လက်ညှိုးပေါင်းများစွာတို့ကို မျက်နှာလွှဲ ကျောခိုင်းနေခဲ့ရ ဖြတ်သန်းခဲ့ရသူဆိုလည်း များချေ။

ရှိ င်း စာ ၆ ပ

www.burmeseclassic.com

တကယ်တမ်းပေါင်းကြည့်မှ ဒေါ်ခွာညိုခက်သည် သူ၏ နုနယ်တဲ့နှလုံးသားအား ငွေနဲ့ပေါက်သိမ်းပိုက်ခဲ့သူ မှန်းသိခဲ့ရ၏။

အရာရာမှာ သူမကြိုးဆွဲရာ ရုပ်သေးရုပ်ဘဝမျိုး ရောက်ခဲ့ရသည်သာ။ သူ့ဘဝဟာ ဆုပ်လည်းဆူး၊ စား လည်းရှူးဘဝ ဖြစ်နေခဲ့သည်။

ခုတော့ မမျှောင်လင့်ဘဲ နှလုံးသားမှာ နူးညံ့တဲ့ပန်း လေးတစ်ပွင့်အား မမျှော်လင့်ပါဘဲ ရှာတွေ့ခဲ့ပါပြီ။

ခက်နေတာက ကိုယ့်မှာက မလွတ်လပ် အဲနှောင် အဖွဲ့နှင့် . . .

ကုန်ဆုံးခဲ့သောဘဝရဲ့ အချိန်များကို နမြောမိခဲ့ သည်။ သူ့ဘဝ ဝဋ်ကြွေးတွေဆပ်ပြီးပြီလို့ ထင်နေမိသည်။

မှန်သည် မှားသည်မသိ။ ဒီနှောင်ကြိုးတွေ ဖြတ်ပြီး ဘဝသစ်ကို တက်လှမ်းဖို့ ကြိုးစားခဲ့ခြင်းဖြင့် မင်းခန့်ညား နှောင်ကြိုးမှ နောင်မှရှင်းတော့မည်။

သူ့ဆန္ဒကို အကောင်အထည်ဖော်ရန် မန္တလေးသို့





ဒုတိယအကြိမ်မြောက် ရောက်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



♥ ♥

"တီ တီ တီ"

မင်းခန့်ညား ကားဟွန်းသံပေးပြီး ပေါ်တီကို အောက်အထိ မောင်းဝင်ခဲ့၏။

ဦးတက်ထွန်းအောင် ရှိရောရှိနေပါ့မလား။ ကိစ္စ တော့မရှိ။ သူမရှိလည်း အရင်တစ်ခေါက်ကလိုဟော်တယ် (Hotel)တစ်ခုခုမှာ သွားတည်းလိုက်ရုံသာ ရှိသည်ပေါ့။

"တီ . . တီ . . တီ"

"ဟယ် . . ဘယ်ကဧည့်သည်လဲ မသိဘူး၊ ဖေဖေ





တို့ မေမေတို့လည်း မရှိနဲ့"

ကေဇင် ရေချိုးပြီးစ မျက်နှာကို ကရင်ပစ်က်လိမ်း နေစဉ် အိမ်ရှေ့မှ ကားဟွန်းသံကြောင့် ကပျာကယာ အိမ် ရှေ့ထွက်လာခဲ့၏။

"အန်ကယ် ဦးတက်ထွန်းအောင် ရှိလားခင်ဗျာ"

မေးပုံက ကျွတ်ဆတ်ဆတ်နိုင်နေပေမယ့်လို့ ဆွဲငင် မှုတွေက ရှိနေသည်ထင်၏။

"ဟုတ် . . . ဟို . . ဖေဖေတို့ မြို့ထဲသွားတယ် တို့ . . "

"တို့ . . နာမည် မင်းခန့်ညား"

"ဟယ် . . ကိုမင်းခန့်၊ ကိုမင်းခန့်လာမယ်လို့တော့ ဖေဖေပြောတယ်၊ လာလေ အိမ်ထဲကိုဝင်ပါ ဖေဖေတို့ တော်ကြာ ပြန်လာကြမှာပါ"

ဝတ်စားထားပုံက ရိုးရိုးယဉ်ယဉ်ပေမယ့် စကားအ ပြောအဆိုက ချွဲနွဲ့သံတွေ ရောစွက်ထားသော ကောင်မ လေး၊ မျက်လုံးများကလည်း ရွှန်းလက်ပြီး တောက်ပနေ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။

သူအကဲခတ်မိသလောက် ဦးတက်ထွန်းအောင်၏ သမီးဖြစ်ပုံရ၏။

ကားပေါ်မှဆင်းလျက် အခြေအနေကို အကဲခတ်နေမိသေး၏။

ကိုယ်နှင့် စီးပွားဖက်မို့ ရင်းနှီးနေပေမယ့် သူမနှင့်တော့ တစ်ကြိမ်တစ်ခါပင် ရင်းနှီးကျွမ်းဝင်ဖို့ မရှိခဲ့ဖူးတာကြောင့် မင်းခန့်ညား အားတုန့်အားနာဖြစ်နေမိ၏။

"လာလေ ကိုမင်းခန့် ဘာအားနာနေတာလဲ။ ဖေဖေက ကိုမင်းခန့်လာမယ်လို့ ပြောပြောနေတာ။ ခုမှပဲ တကယ် ပေါက်ချလာတော့တယ်နော်"

"ကုမ္ပဏီကိစ္စ အရေးကြီးလို့ပဲ ဆိုပါတော့၊ ဒါနဲ့ အန်ကယ်တို့က ကြာဦးမှာလား"

"ဟင့်အင်း . . ဖေဖေတို့ ခုပဲပြန်ရောက်လာကြမှာပါ"

ရောက်ပြီးမှတော့ မထူးတော့ပြီ ဆိုတဲ့သဘောနှင့် ကားပေါ်မှ ခရီးဆောင်အိတ်ကိုယူလျက် အိမ်ထဲလိုက်ဝင်ခဲ့၏။

"လာ . . ကိုမင်းခန့် ကေဇင်တို့အိမ်မှာ ဘာမှအားနာ နေစရာမလိုဘူးနော်"

"ကေဇင်က . . ကိုမင်းခန့်နာမည် ကြားကတည်းက ခင်ချင်နေတာသိလား"

ခွဲခွဲနွဲ့နွဲ့ ပြောနေတဲ့အမူအယာကြောင့် ကိုယ့်ရင်ထဲက လမင်းလေးနှင့် နှိုင်းယှဉ်ပြီး မကျေမချမ်းဖြစ်နေမိသေးတော့၏။

ဓတ်စားပုံကသာ ခေတ်ရှေ့ပြေး အမိုက်စားပေမယ့် မိန်းကလေးတစ်ယောက်ရဲ့ မာနတွေ သူမမှာ အပြည့်ရှိနေသည်လေ။

ဘာကြောင့်များ သူမအား အမှတ်တရတမ်းတ မိပါလိမ့်။

တည်းခိုခန်းပဲ ပြန်သွားရကောင်းမလားလို့ ချည့်ခန်း ထိုင်ပြီး တွေးနေမိစဉ် အိမ်ရှေ့မှ ကားစက်သံကြောင့်

www.burmeseclassic.com

ဝမ်းသာသွားမိသည်။

"ဟော . . အန်ကယ် ပြန်လာပြီထင်တယ်"

စိတ်ထဲက အလုံးကြီး ဝေါကနဲ ပြုတ်ဆင်းကျသွား

အချွဲအနွဲ့တွေပိုနေတဲ့ ဒီကောင်မလေးနဲ့ နှ

ယောက်တည်းဆက်မနေချင်တာနှင့် အတော်ဖြစ်သွား

"ဟော . . မောင်မင်းခန့် ရောက်နေတာကိုး လ

မယ်ဆိုတော့လည်း ချက်ချင်းကြီးပါလားကွာ"

"ဟုတ်တယ် အန်ကယ်။ လာလည်မယ်ပြော

ပြီး မရောက်ဖြစ်ခဲ့တော့ အားလည်းအားနာတာနဲ့"

"ဟားဟား . . . ယုံပါတယ်ကွာ၊ ဒါကြောင့် ဟို

ခေါက်က တည်းခိုခန်းတည်းပြီး ပြန်သွားတာမဟုတ်လား

"ကိုယ်နဲ့ စီးပွားရှယ်ယာတွေပဲကွာ၊ ဘာများအား

နေစရာရှိမှာလဲ"

"ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေး

မောင်မင်းခန့် ဟောဒီက မင်းညီမ ကေဇင်က

မန္တလေးဂျင်ဘဲကွ"

ရှိ င် း စာ ေ ပ



"မင်းသွားချင်တဲ့နေရာ သူလိုက်ပို့ပေးလိမ့်မယ်"

"ဟင်း . . ဖေဖေကလည်း"

ကေဇင်ရှက်မျက်စောင်းလေး ဝင့်ကာပြောတော့

ဦးတက်ထွန်းအောင်က ကျေနပ်နေ၏။

"ဖေဖေက သမီးကိုစတာပါကွယ်၊ ကဲ မောင်မင်းခန့်

လည်း ကားတစ်နေကုန်မောင်းပြီး အဲညောင်းထိုင်လာရ

တာ။ အနားယူလိုက်ဦးပေါ့၊ နောက်နေ့ မင်းလည်ပတ်ချင်

တဲ့နေရာကို သမီးကလိုက်ပို့ပေးလိုက် ဟုတ်လား"

"ပို့ပေးမှာပေါ့ ဖေဖေရဲ့၊ ကိုယ့်အိမ်လာလည်တဲ့

ဧည့်သည်ပဲဟာ"

ကေဇင်ဆိုသောကောင်မလေး အားတက်သရော

ပြောနေပေမယ့် သူ့ဆန္ဒက မန္တလေးလာတာ လည်ပတ်ဖို့

မဟုတ်တာကျိန်းသေ၏။

ရင်ထဲက လမင်းလေးအား ဒုတိယအကြိမ် ပြန်ဆုံ

ချင်ရှာလေ . . .

ရေချိုး၊ ထမင်းစားသောက်ပြီး အိပ်ပစ်လိုက်ပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် မင်းခန့်ညား တော်တော်နှင့် အိပ်မပျော်နိုင်ခဲ့။

တဒင်္ဂလေးဆုံတွေ့ခဲ့ပေမယ့် ဘဝရဲ့ရင်ခုန်နှုန်းတွေ ပေးစွမ်းနိုင်လွန်းသော သူမကိုသာ တမ်းတမ်းတတ သတိ ရ နေမိတော့သည်။

ရင်ထဲက လမင်းလေးရယ် . . .

မင်းလေးနဲ့ တစ်နေ့တော့ ပြန်ဆုံချင်တယ်ကွာ။

တစ်ခုကောင်းတာကတော့ သူမှာ မမခွာညိုရှိတာ ဦးတက်ထွန်းအောင်တို့ သိမနေခြင်းပဲဖြစ်သည်။



ဒီနေ့တော့ နေခြည်တို့သူငယ်ချင်းတစ်စု အိမ်မြဲပြီး ဂစ်တာတီးနေမိကြသည်။

ဂစ်တာခေါက်နေရင်းမှ ဂျူလိုင်တစ်ဖက်ခြံသို့ ငေး ကြည့်လိုက်ရင်း . . .

"ဟေ့ နေခြည် ဟိုဘက်အိမ်က ကေဇင်ဆိုတာ အပြတ်ရှိုင်းလှချည်လား၊ မသိရင် မင်းသမီးလိုလို ဘာလိုလိုနဲ့ သူမှာရည်းစားရှိနေလို့လား"

"အဟင်း . . စိတ်မဝင်စားတော့ မသိဘူး ဂျူလိုင်၊

www.burmeseclassic.com

www.burmeseclassic.com

ရှပ်နဲ့မလိုက် ညှုချွဲနေတော့ ငါ့မျက်စိထဲမှာတော့ ကန့်လန့်ကြီးပဲကွာ . . တကယ်"

"ငါတော့ ဟိုနေ့က တောင်ခြေမှာ ကောင်လေး တစ်ယောက် နဲ့ တွေ့လိုက်တယ်"

ယုဇနပြောတော့ မယုံပါဘူးလို့ ဘယ်သူမှ မပြော ဖြစ်။ ကေဇင်ကျော့ကို အမြင်ကပ်တာရော၊ ပွေရှုပ်တာပါ သိနေတာမို့ပင်။

"အေး . . ငါလည်း မဟာမုနိဘက်မှာ ကောင်လေး တစ်ယောက်နဲ့ မြင်ဖူးတယ်ဟဲ့"

ဂျူလိုင်ကပါ ပြောတော့ နေခြည်ဟန်မဆောင်နိုင် တော့။ နဂိုကမှ ကြည့်မရဖြစ်နေမိတာပဲလေ။

"အမျိုးသမီးက သိပ်မဟန်ပါဘူးကွာ၊ ရှုပ်ပါတယ်၊ သူက ငါ့ကိုတိုက်နေတာဟ၊ မေမေကဆို ကေဇင်မှ ကေဇင်၊ ပါးစပ်ဖျားကကို မချတော့တာ"

"စကားပြောရင်လည်း ငါ့ကိုထေ့သလို ငေါ့သလိုလို နဲ့ တစက်မှကို အကြောမတည့်တာ"





သူမရှုံ့မဲ့ပြီးဝေဖန်တော့ ဂျူလိုင်လက်မထောင် ချက်က . . .

"ဒါဖြင့် မှတ်လောက်အောင် ပညာပေးလိုက်ပါလား နေခြည်ရဲ့"

"အဟွန်း . . အချိုကြီးမတွေ့သေးလို့ပေါ့ကွာ၊ သူတို့ သားအမိက ငါနေတာထိုင်တာ ဆိုင်ကယ်စီးပြီး အားကြွမ်းကြွမ်းမောင်းတာ ဒါကို အပြစ်လို လာပြောနေ တာဟ။ ဘွားဘွားက သဘောပေါက်ပေမယ့် မေမေတာ အမြဲဆူနေတော့ စိတ်တောင်ညစ်တယ်ဟာ တကယ်။ ငါ လည်း အဲဒါမခံချင်တာ၊ သူကနေတော့သာ မြူစိစိ၊ ငပွေမ တာ"

"အန်တီက နင့်ကိုချစ်ပါတယ်ဟာ၊ နင်ကလည်း နီးမလို ဝတ်ရင်သိပ်ကိုလှမှာ နေခြည်ရဲ့ ဝတ်ကြည့်ပါ လားဟယ်"

"အာ . . . ငါဝတ်ပါတယ်ဟာ။ လျှော့ပင်တို့ ဂျင်း ဘောင်းတို့က ထွစ်ခါတစ်လေမှ ဝတ်တာပါ။ သူလိုကျပ်



www.burmeseclassic.com

www.burmeseclassic.com

ကျပ်သပ်သပ်ကြီးတော့ ချုပ်မဝတ်ရဲပါဘူးဟာ"

"ပြီးတော့ ကောက်ညှင်းထုတ် ထုတ်ထားသလို ပြူးကြွပ် ထွက်နေတာ"

ကေဇင်ဝတ်စားထားတာ မယ်ဗမာ ရှုံးလောက် အောင်ဝတ်သူမို့ နေခြည် မဲ့ရွဲ့ပြီးပြောဖြစ်တော့ ဂျူလိုင် ပြုံး၏။

"အေးပါ။ နင့်ရည်းစားရမှ လှချင်ပချင်လာမှာ ငါတို့က မြင်ယောင်သေး . . . ဟေးဟေး"

"သွား . . . ကောင်မစုတ်။ ငါ့တစ်သက် ရည်းစား မထားဘူး"

ပြောသာပြောလိုက်ရပေမယ့် မင်းခန့်ညားဆိုတဲ့ ကိုလူချောကိုတော့ သူမ မသိစိတ်က ချက်ချင်းပဲ သတိရ အမှတ်ထင်သွားမိသည်။

တည်ငြိမ်လွန်းခဲ့တဲ့ သူမနှလုံးသားက သူနဲ့ကျမှ ဘာလို့များ လှုပ်ခါနေခဲ့ရတာလဲ။

သေချာနေတာကဖြင့် ကိုယ့်အပေါ်မှာ မသမာတဲ့





နည်းနဲ့ အနိုင်ပိုင်းသွားတာကိုပါ။

နေခြည်မိုးဆိုတာ မာနခဲလေ။ ရှင့်မေ့များ မေ့နေခဲ့ ပြီလားကွယ်။ တစ်ချိန်ချိန်မှာဖြင့် ပြန်လို့ဆုံချင်ပါသေးရဲ့ လေ . . .။

ယောက်ျားလေးများ သူမအား နည်းမျိုးစုံနဲ့ချည်း ကပ်လာဦးတော့။ ပြတ်ပြတ်သားသားပဲ အနိုင်ယူခဲ့တာပဲ ဖြစ်သည်။

အချစ်ဟူသောဝေါဟာရနှင့် နီးစပ်မှုမရှိခဲ့တာလား အဲဒီ အချစ်ဆိုတာကြီးကိုပဲ နေခြည် မခံစားတတ်တာလား အဖြေက ရေရာမှုတော့မရှိခဲ့ချေ။

သူမကိုယ်၌က မိန်းကလေးပီပီ နွဲ့နွဲ့လျလျမနေ တတ်ခဲ့သလို ဖီးလိမ်းလိုပြင်ဆင်ရမှာကိုလည်း တာဝန်ကြီး တစ်ခုလို ထင်မှတ်ထားခဲ့သည်။

ဒါကြောင့်လည်း မေမေနှင့်သူမက အမြဲလို အံလွဲ နေခဲ့ရသည်။

"မေမေ . . . မီးကို ပိုက်ဆံပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"အယ် . . သမီးရယ် ဟိုနေ့ကပဲ သုံးသောင်းပေး ထားတယ်လေ"

"ရှိတော့ဘူး မေမေ၊ မားကဒ်တစ်ခုမှာ ဂျင်းပင်ရှယ် တစ်ထည်တွေ့လို့ ဝယ်လိုက်တာပြောင်သွားပြီ"

နေခြည် မျက်နှာချိုသွေးကာ ပြောလိုက်ပေမယ့် မေမေ့မျက်နှာချက်ချင်းပဲ ခက်ထန်သွား၏။

"မေမေ မကြိုက်တာအဲဒါတွေပဲသမီး၊ ကိုယ်က မိန်းကလေးနော်၊ ထမီလုံချည်ဝယ်လို့ ဘယ်လောက်ကုန် ပစေ သမီး၊ ဟိုဘက်အိမ်က တေဇင်နဲ့ဆိုကွာပါ"

"မေမေကလည်း အဲဒီမိန်းမ မပါရင် စကားမပြော တတ်တာကျနေတာပဲ"

နှုတ်ခမ်းလေးစူပြီးပြောတော့ မေမေ့ဒေါသက ထိပ် ဆုံးရောက်သွား၏။

"တော်စမ်းသမီး မအေက ချစ်လို့အလိုလိုက်ထား တာကို အခွင့်အရေးမယူနဲ့။ ညည်းအသက် ဆယ်တန်း အောင်ပြီးလို့ ဘွဲ့ပဲရတော့မယ်၊ ဘောင်းဘီတကားကားနဲ့





မြေဘုစီးမွှားရေးလည်း ဘာကူလို့လဲ၊ မကေဇင်ဆို သူ့ကိုယ် သူရော မိဘစီးပွား ရေးရောဘာမှကို ပြောစရာမရှိဘူး"

သူမ မကြားချင်ဆုံး နာမည်က ပါလာပြန်၏။ မေမေသည် ကေဇင်ကျော်နှင့် သူမအား အမြဲတမ်း အကြောင့်နှိုင်း ယှဉ်နေရပါလိမ့်။

ဒါဟာ နေခြည်နှင့် မေမေ့အကြား၌ အမြဲရှိနေ ထတ်ခဲ့သော ပြဿနာလေးတစ်ခုပါပဲလေ။

မေမေ့ရဲ့စိတ်ကြိုက်နေပြပါမှ မေမေနှင့် အလျဉ်း သင့် ပြဿနာကင်းမည်ကို သိနေပါလျက် သူမကိုယ်တိုင် က ဒီအဖုအထစ်လေးကိုပဲ ကျေနပ်ဝမ်းမြောက်နေမိသ လို။

မေမေ့ရင်မှဖြစ်လာသော သမီးတစ်ယောက်သည် မိဘဂုဏ်ဆောင်မှသာလျှင် မိဘတချစ်မြတ်နိုး တန်ဖိုးထား နိုင်မှာလား။

ဒါဟာ လမ်းလွဲကြီးတစ်ခုဟု အလွယ်သဘောနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com

နေခြည် ထင်မှတ်ထားပါ၏။

သို့ပေမယ့်လည်း ဆိုးသွမ်းမျက်စီး ပျော်ပွဲလိုက်၊ ခေတ်ရွေ့ပြေးမိန်းကလေးများ ထဲမှာတော့ နေခြည်မပါခဲ့ချေ။

မေမေနှာခေါင်းရှုံ့သော နေခြည်ဝတ်တဲ့တီရှပ်၊ ဂျင်းဘောင်းဘီဆိုတာဟာ ကေဇင်ကျော်ဝတ်တဲ့ပါးလှပ် ဟိုက်ပြနေတဲ့ မလုံတလုံအဝတ်အစားများထက်တော့ ရာနှုန်းပြည့် လုံခြုံစိတ်ချရမှုရှိနေသည်လေ။

နေခြည့်အတွက် သက်သောင့်သက်သာလည်းရှိ လုံခြုံမှုလည်းရှိသော အဝတ်ကို ရွေးဝတ်မိတာဆိုလည်း မှားတော့မမှားဟုမိမိကထင်ထားသည်။

ဒါတွေကပဲ မေမေ့အမြင်မှာ မိန်းကလေးအိန္ဒြေမဲ့နေခြင်းပေပဲလား မသိနိုင်တော့ချေ။

မေမေနှင့်နေခြည် အခြေအတင်ဖြစ်နေစဉ် ဘွားဘွား အပေါ်ထပ်မှ ဆင်းလာသဖြင့် နေခြည် အသက်ရှူချောင်သွားရသည်။





"ကြည်ပြာရယ် ညည်းမလဲ ကိုယ့်ဘာသာသမီးကို ဒီလောက်နှိမ်နေရသလား၊ ဟိုတစ်ယောက်ကျတော့ အိုးမွှမ်းနေလိုက်တာ"

"ငါတောင် ကြားက နားကြားပြင်းကပ်တယ်"

ဘွားဘွားသည် နေခြည့်အတွက် အသည်းကျော်ပါပဲ။

နေခြည် မျက်နှာညိုးမှာ တစ်ချက်ကလေး မလိုလားသူ။

"မေမေရယ်သမီးကလည်း ဖအေကိုယ်စား မအေကိုယ်စားနဲ့ ပြုစုလာခဲ့တာပါ။ မချစ်ဘဲ နေပါ့မလား"

"အေး . . . ဒါဖြင့်လည်း အလျင်ကထဲက အလိုလိုက်ပြီးမှခုမှ အပိုလုပ်ပြီး သူများနဲ့နှိုင်းယှဉ်မနေနဲ့ ငါ မကြိုက်ဘူး"

ဒေါ်ကြည်ပြာမိုး နှုတ်ဆိတ်သွားရပါသည်။ သမီးဖြစ်သူအား မုန်းလို့တော့ဖြင့် မဟုတ် . . .

သမီးလုပ်သူအလိုကျ ငွေတစ်ထပ်ထုတ်ပေးကာ



www.burmeseclassic.com

www.burmeseclassic.com

ထွက်လာခဲ့၏။

ဒါတောင် မေမေ့အသံက နားထဲမှာ ကပ်ပါလာ သေး၏။

"မေမေ့စကား နားထောင်လိုက်ပါ သမီးရယ်၊ ကေဇင့်မေမေကိုယ်တိုင်က သမီးမေမေကို အစဉ်အမြဲ လိုက်ပြိုင်နေတာဆိုတော့ သူ့သမီးကိုလည်း ကေဇင့်ထက် သာနေအောင် မြင်ချင်ရှာမှာပေါ့ကွယ်"

"စိတ်ချပါ ဘွားဘွား၊ သမီးကေဇင့်ထက် ဘယ် တော့မှ ခြေတစ်လှမ်းဖြစ်ဖြစ် ရှုံးနိမ့်နောက်ကျတာမျိုး မရှိ စေရဘူး"

ရင်မှ အစိုင်အခဲက ပွင့်အံ့ကျလာခဲ့၏။





♥ ♥

အပေါင်းအသင်းများ စုံမိတဲ့အခိုက် သူမရဲ့ အတိုက်အခံ ကေဇင့်အကြောင်းကား ပါစမြဲလို့ ဆိုရမလို ဖြစ်နေသည်။

"ဟယ်. . . နေခြည်၊ ကေဇင့်အိမ်မှာ ကောင်လေး တစ်ယောက်ရောက်နေတယ်ဆိုပဲကွ၊ ရုပ်ကတော့ အမျိုး စားထဲကပဲ၊ ကေဇင်ကျော်တော့ ဒီကောင်လေးနဲ့တွဲပြီး ပဲများနေလိုက်တာ အမြင်ကတ်စရာပါကွာ"

"ယုဇနရယ် သူ့ယောကျာ်းလေး ထည်လဲတွဲပြီး


www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်းလုပ်နေတာ ကျောင်းမှာရော အပေါင်းအသင်းတွေပါ၊ ဟိုးလေးတကြော်ကြော်သိပြီးသား၊ ဒါများအဆန်းလုပ်လို့"

နေခြည်မိုး ရှုံ့မဲ့ကာပြောတော့ ဂျူလိုင်ကလက်ကာပြုရင်းမှ

"ဟာ . . . မဟုတ်ပါဘူးနေခြည် ဒီကောင်လေးကသူနဲ့ လက်ထပ်မယ့်သူတဲ့"

"အေးလေ . . . အဲဒီလို လေသံလွင့်ပြီး တွဲနေတာဘယ်နှစ်ယောက်မြောက်နေပြီလဲဟ၊ ခုလဲဒီလိုပဲ နေမှာပေါ့"

"ဟာ . . ဒါဆိုရင်တော့ သူ့ကို ဒိုဒြဲချပြီး ခိုးကျူးရမှာပဲ နေခြည်"

"ဘာဖြစ်လို့"

"အဲဒီလူက အရမ်းဖြောင့်တာဟ၊ အသားဖြူဖြူအရပ်မြင့်မြင့် နှယ်နှယ်ရရတော့ ဟုတ်ဟန်မတူဘူးကွ"

"နင်မြင်ရင်တောင် ခိုက်သွားမယ်"





"သွားစမ်းပါဟယ်၊ သူနဲ့ပတ်သက်ရင် သာတောင်အအေးဆုံးမှာ နေချင်သေးတယ် မေမေတို့ ဦးစားပေးလွန်းလို့ကြည့်မရဖြစ်နေတာကြာပြီ၊ ပြီးတော့ ငါချစ်ရမယ့်သူမမွေးသေးဘူး"

"အပြောမကြီးနဲ့နော် နေခြည်"

ဒီတုန်းက သူငယ်ချင်းတွေ ပြောစကားကို ဥပေက္ခာ ပြုနိုင်ခဲ့ပေမယ့် တကယ်လက်တွေ့တွင် . . .

နေခြည်မိုးရဲ့ နှလုံးသားတွင် လှိုင်းဂယက်လေးလှိုက်ခုန်ခဲ့ရ၏။

ဆောင်းနှင်းပွင့်လေးတွေက တဖျောက်ဖျောက်ကြွေကျနေကြသည်။

နှင်းပွင့်ဖက်လေးများနှင့်အပြိုင် လှချင်တိုင်းလှနေသူတာ နေခြည်မိုး။

တီရှပ်အပြာနုလေးကို ဂျင်း (စကိုင်းဘလူးရောင်) လေးနှင့် လိုက်ဖက်စွာ ဝတ်ဆင်ထားသည်မို့ ဖြူဝင်းနေသော အသားအရည်နဲ့ နံနက်ခင်းလေးမှာ လှချင်တိုင်း



www.burmeseclassic.com

www.burmeseclassic.com

လှနေ၏။

မနက်ပိုင်း စက်ဘီးစီးကျင့်တက်တာက သူမရဲ့ နေ့စဉ် ပြုနေကျတာဝန်။

နေခြည်တို့နေတဲ့ရပ်ကွက်က ပိုက်ဆံရှိသူများချည်း ရှိကြတာကြောင့် ကိုယ်ပိုင်ကွန်ကရစ်လမ်းမျိုး ပြိုင်ဘီးစီးဖို့ အလွန် ကောင်းသောနေရာ၊ လူသူ ရှင်းနေတော့တာ ကြောင့် သူမက စက်ဘီးကို ပိုပြီးသွက်သွက်နင်းလိုက်၏။

လမ်းကွေ့တစ်ခုအရောက် တစ်ဖက်မှလမ်း လျှောက်လာသူတစ်ယောက်နှင့် တိုက်မိတော့၏။

"ဟယ်. . . တိုက်ပြီ"

"ဟာ"

"ဒုန်း"

အတွေးများနဲ့လျှောက်လာမိသော မင်းခန့်ညား လူက ကွန်ကရစ်လမ်းပေါ် ပုံပျက်ပန်းပျက်လဲကျသွား၏။ ပြိုင်ဘီးစီးလာသူမှာလည်း စက်ဘီးတခြား လူကတခြား

မင်းခန့်ညားက စက်ဘီးနှင့် လဲနေသူကိုကြည့်လိုက်





ရာ. . .

"ဟင်. . မင်း . . မင်း"

လဲကျနေရာမှ မထနိုင်သေးဘဲ တအံ့တသြရေရွတ် မိတော့ တစ်ဖက်ကလည်း သူ့ကိုကြည့်ကာ . . .

"ဟင် . . . ရှင် . . ရှင် . . မင်း . . မင်းခန့်ညား"

အပြာနုရောင်ဂျင်းဝမ်းဆက်ကလေးက လှချင် တိုင်း လှနေသော သူ့ရင်ထဲက လမင်းလေး။

သူမကလည်း သူ့အား ချက်ချင်းပဲမှတ်မိသွား သည်။

"ခြော် . . . လက်စသတ်တော့ ရှင်ကိုး၊ ဒီလိုမှန်း သိရင် လည်ပင်းပါ တက်ကြိတ်ပစ်တယ်"

"ဘာ . . ဘာကွ၊ မင်းတိုက်လည်း တိုက်သေး တယ်"

"အ . . အ . . ကျွတ် . . ကျွတ်"

ဒေါသဖြင့်ပြောပြီး မတ်တပ်ရပ်လိုက်တော့ ခြေ ထောက်ဆီမှ နာကျင်လွန်းတဲ့ ဝေဒနာကြောင့် ပြန်လဲကျ



www.burmeseclassic.com

www.burmeseclassic.com



သွား၏။

သူ့ပုံစံကိုကြည့်ပြီး နေခြည်ရယ်ချင်မိသွားသည်။ သူမ ကားနှင့်တိုက်တုန်းက တစ်ခါခံထားရပြီးပြီ။ ဗွီဒီယို မင်းသားလို သရုပ်ဆောင်ကောင်းလှသောသူ့ပုံက ခုလည်း ခြေထောက်နာကျင်လှတဲ့ပုံကို လုပ်ပြနေပြန်ပြီ။

တကယ်ဆို ကိုယ့်စက်ဘီးနှင့်တိုက်မိတာ သူမမှာ တာဝန်ရှိပေမယ့် သူ့ကိုတော့ဖြင့် ကြည့်မရစွာနဲ့ လျစ်လျူရှုပြီး လဲကျနေတဲ့ စက်ဘီးကို ထောင်ကာ နင်းထွက်မည် အပြု . . .

"ဟာ . . ခင် . . ခင်ဗျား ဒါဘာလုပ်တာလဲ၊ ကျုပ် ခြေထောက်နာ . . နာ . . အ . . ကျွတ် . . ကျွတ်"

ခြေမျက်စိဝန်းကျင်မှ နာကျင်မှုက အသည်းခိုက်လှ၏။

"ကျွတ် . . ဒီလောက်လည်း သရုပ်ဆောင်ကောင်း မနေနဲ့၊ ရှင့်ကို ဘယ်သူမှ အကယ်ဒမီမပေးဘူး"

ဆံပင်လေးဝဲသွားအောင် ခေါင်းလေးခါပြီးပြော





လိုက်ဟန်က လှနေသေးတော့၏။

သို့ပေမယ့် တခြားသူသာဆို မင်းခန့်သားဒီလောက် သည်းခံမိမှာမဟုတ်။

"အ . . ကျွတ် . . ကျွတ် ခင်ဗျားအဲဒီလိုမပြောနဲ့၊ ကျုပ်ခြေထောက် အရမ်းနာနေတာဗျ။ ဒါခင်ဗျားကြောင့် ဖြစ်တာလေ"

"သိသားပဲ . . ရှင့်အကြောင်းကို ဒီကလည်း သိပြီး သားပဲ"

"သိပ်ပြီး မာယာများတဲ့ယောကျ်ားပဲ။ လျှောက်နိုင် ရင် ကိုယ့်ဘာသာလျှောက်သွားလိုက်"

"လျှောက်ဖို့မပြောနဲ့ ကျုပ် ထတောင်မထနိုင်ဘူး ဗျ"

"အဟင်း . . ဒါမျိုးတွေ နေခြည့်ဘဝမှာ ရိုးနေပြီ။ ထူးပေးရဦးမလား . . ဝေးသေး"

အရင်အဖြစ်အပျက်က နေခြည်ကောင်းကောင်း ကြီး သင်ခန်းစာရနေတာလေ။

www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ နေခြည် တိုက်မိတဲ့အတွက်တော့ ဆောရီး၊ ဒါပေမယ့် ကိုယ့်ဘာသာ ထပြီးသာသွားပေတော့"

"ကဲ . . သွားမယ်"

"ဟော့ . . ဟော့ . . နေဦးလေ၊ ခင်ဗျားကျုပ်ကို ဒီအတိုင်း ထားခဲ့လို့တော့ ကျုပ်က အမှုဖွင့်မှာနော်၊ ရဲတိုင်မှာ"

"ဘုရားရေ"

နေခြည် ဘုရားတလိုက်မိသည်။ သူမ ဒီလောက်ထိ တွေးမထားခဲ့မိချေ။

ခုတော့ သူက ရဲတိုင်မည်တဲ့။

ဒုက္ခ . . ။

ဖြတ်သွားဖြတ်လာလူတွေကလည်း ဝိုင်းကြည့်နေကြပြီ။ မေမေတို့ သိသွားရင်လည်း အဆူခံရမှာကျိန်းသေ။

ပြိုင်ဘီးကို ထောက်ပြီးသူ့အနားကို လျှောက်လာခဲ့၏။ ဖြူနုသောသူ့မျက်နှာပြင်မှာ နာကျင်မှုကြောင့် ရှုံ့မဲ့နေတာမို့ တကယ်နာကျင်နေတာ သိသာလှသည်။





"ဒါဖြင့် ပြော ကျွန်မဘာလုပ်ပေးရမလဲ၊ ဆေးဖိုးဘယ်လောက် ပေးရမလဲ"

"ဘာဗျ ကျွန်တော်ဆေးဖိုးလိုချင်လို့ ဟန်ဆောင်နေတာမဟုတ်ဘူး၊ ခြေထောက်က လုံးဝထောက်လို့ရတော့တာ။ ကျိုးသွားလား မသိဘူး"

"ရှင်"

နေခြည့်နားထဲ ဝုန်းဒိုင်းကြသွားသည်။ သူ့ခြေထောက် တကယ်ပဲကျိုးသွားပြီဆိုက သူမကြောင့်ဖြစ်ရတာ။ သူ့ကို ကျေနပ်အောင် တောင်းပန်ပါမှ ပြဿနာကအေးပေတော့မည်။

လူတွေကလည်း သူတို့နှစ်ယောက်အား ကွက်ကြည့်ကွက်ကြည့် ဖြစ်နေကြချေပြီ။

ယာဉ်ထိန်းရဲတို့ ဘာတို့ ရောက်လာပါက အခြေအနေ ပိုဆိုးသွားနိုင်၏။

ဒီပြဿနာဟာ မေမေသိလို့လုံးဝမဖြစ်။ မေမေသည် နေခြည်စက်ဘီး၊ ဆိုင်ကယ်စီးတာ လုံးဝမကြိုက်။


www.burmeseclassic.com

www.burmeseclassic.com

နေခြည်ဆုံးဖြတ်ချက်နှင့်အတူ မျက်နှာကိုပါ ပုံစံပြောင်းလျက်က . . .

"ဒါဖြင့် ရှင်မထနိုင်ရင် နေခြည်တွဲထူပေးမယ်လေ လာ"

"အင်း . . အ . . အ . . ကျေး . . ကျေးဇူးပဲ"

ချက်ချင်းမျက်နှာအနေအထား ပြောင်းသွားသော အလှသရဖူလေးက ရဲတို့ဘာတို့ အတော်ကြောက်ပုံရ၏။

ကမ်းပေးလာသောသူမ လက်ဖဝါးနုနုလေးကို ဖမ်းဆုပ်ပြီး ထရပ်ဖို့ ကြိုးစားလိုက်၏။

"အား . . ကျွတ် . . ကျွတ်"

"ဟင် . . မထနဲ့လေ"

"အို"

"ဟာ . . ဆောရီး . . ဆောရီး"

နာနေတဲ့ခြေထောက်ကို ညှာလိုက်ရတာကြောင့် အရှိန်မထိန်းနိုင်ဘဲ သူမပုခုံးသားနုနုလေးများကို မရည်ရွယ်ဘဲ လှမ်းဖက်မိသွားသည်။

ရှိုင်းစာပေ



မင်းခန့်ညား ရင်တွေတအား ခုန်သွားသည်။

"ဟေး . . ကောင်မလေးကိုလွှတ်လိုက်"

"ဖလင်နှစ်လိပ်လောက် ရိုက်ထားကွ"

ဖြတ်သွားဖြတ်လာ လူငယ်များကပါ ဝိုင်းစသွားကြသဖြင့် ကိုယ်တိုင်ပင်မျက်နှာကြီး ထူပူနေ၏။

သူမကိုလည်း အရမ်းအားနာသွားရပါသည်။

"ဆောရီးပဲနော်၊ ကျွန်တော်ခြေထောက် အရမ်းနာပြီး ထောက်မရလို့"

နေခြည်လည်း မခုန်ဖူးသော နှလုံးသားနုနုလေးကြောင့် လက်ဖျားတွေ ချွေးလေးစို့ပြီး အေးခဲနေသည်။

"ရပါတယ် နည်းနည်းတော့အားတင်းပြီးလျှောက်လိုက်နော် ဆေးခန်းက ဟိုရှေ့နားမှာ"

"ဗျာ . . ကျွန် . . ကျွန်တော်"

သူမညွှန်ပြသော ဆေးခန်းဆိုတာက အတော်ပင်လှမ်းနေသေးတာပါ။ သူအထိန်းမပါဘဲ လျှောက်နိုင်မှာမဟုတ်။

ရှိုင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

“ဟို . . သူခြေထောက်အရမ်းနာနေရင် နေခြည့်ကိုပဲ တွဲပြီးလျှောက်ပေါ့”

အရင်တစ်ခါက သူမအပေါ်မှာ ကိုယ်ကရင့်ရင့်သီးသီး အနိုင်ယူခဲ့မိတာကို အခုအခါမှာ များစွာအားနာနေမိသည်။

လျှောက်လှမ်းနေရသောခြေလှမ်းက ပုံမှန်လှမ်းလျှောက်နေရပေမယ့် ယောကျ်ားလေးတစ်ယောက်နှင့် ဤမျှနီးနီးကပ်ကပ် မနေဖူးသော နေခြည့်ရင်ခုန်သံများက ကိုယ့်နားနှင့်ပြန်ကြားနေရသယောင်။

ပြီးတော့ သူမကိုယ်သူမလည်း နားမလည်နိုင်တော့ဘဲ သူမဘာကြောင့်များ တစ်စိမ်းယောကျ်ားလေးတစ်ယောက်အပေါ် သဘောထား လွယ်ခဲ့ရသလဲ၊ သူကတော့ အညာလွယ်တယ် ထင်တော့မှာပဲ။

မင်းခန့်ညွှား သူမအား ပထမဆုံးကြိမ်က ပညာပေးသွားခဲ့ဖူးတာ သူမကိုယ်တိုင်လည်း အခံရခက်နေခဲ့တာပါလေ။





“အို ဆေးခန်းရောက်ပြီးလို့ သူ့ဒဏ်ရာသက်သာသွားရင် ငါ ဘာပတ်သက်စရာရှိသေးလို့လဲ”

အခုဟာက ငါ့ကြောင့် ဖြစ်တာပဲဟာ။ သူ့ခြေထောက်ကလည်း တကယ်နာတာလား။ ကိုယ့်အပေါ်အသာစီးကပဲ အမြတ်ထုတ်နေတာလား၊ ဝေခွဲလို့မရခဲ့ပေမယ့် ဆေးခန်းရောက်တဲ့အထိ သူက နေခြည့်ပုခုံးလေးအား ဖက်တွယ်ကာပါလာခဲ့သည်။

ရှုံ့မဲ့နေတဲ့ သူ့မျက်နှာနုနုကြောင့် ဟန်မဆောင်ဘဲ တကယ် နာကျင်နေတာက အသိသာကြီးပါ။ သူ့ခြေထောက် ဘာများဖြစ်သွားလေမလဲ ဆိုတာ အတွေးနှင့် အားလုံးသောအဖြစ်အပျက်များက နေခြည့်အတွက် မေ့မေ့ပျောက်ပျောက် ဖြစ်ခဲ့ရသည်။ ဆေးခန်းရောက်ပြန်တော့ . . .

“ပြောမယ်ဆို ဒါ ယာဉ်အက်ဆီးဒင့် ဖြစ်တာပဲကွယ့်။ နှစ်ဦးနှစ်ဖက် ပြဿနာလုပ်ရင် အနက်ကယ်ပါ ရုံးတွေ ဂိတ်တွေ ရောက်နေပါဦးမယ်ကွယ်”



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က ဤသို့ဆိုတော့ နေခြည့်မျက်နှာလေးမှာ သွေးမရှိတော့။

မင်းခန့်ညားကိုယ်တိုင်လည်း သူမအမူအယာလေးကို သနားနေမိပါပြီ။

"ဟာ . . . ဒီအတွက်စိတ်ချပါ ဒေါက်တာ၊ ခု အက်ဆီးဒင့်ကလည်း ကျွန်တော်က လမ်းမှားလျှောက် မိတာဆိုတော့ သူ့ကို ဘာပြဿနာမှ မလုပ်သလို ဒေါက်တာလည်း မပါစေရပါဘူး"

"နော် . . နေ . . နေခြည်"

"ဟုတ် . . ဟုတ်ပါတယ်ရှင်"

မင်းခန့်ညား အလွတ်ရနေတဲ့ သူမနာမည်လေးကိုပါ ထည့်ပြောတော့ သူမကပါ ခေါင်းလေးညိတ်ပြရှာ၏။ ဆရာဝန်က ပထမသူတို့နှစ်ယောက်ကို နားမလည်သလိုကြည့်သေး၏။ နောက်မှ ပြုံးလိုက်ရင်း . . .

"အေးကွယ်။ ဒါဖြင့် အန်ကယ်စမ်းသပ်ပေးပါ့မယ်၊ အဆစ်လွဲသွားတာနဲ့တူတယ်၊ ကောင်းသွားမယ်နော်၊





စိတ်ချ"

ဓါတ်မှန်ရိုက်ကြည့်လို့ သူ့ခြေထောက်မကျိုးဘူးဆိုမှ နေခြည်မှီး သက်ပြင်းချမိသည်။

"အဆစ်လွဲတာပါ။ ဒေါက်တာ ပြန်တည့်ပေးပြီး ဆေးပတ်တီးပါစည်းပေးလိုက်တယ်၊ ကောင်းသွားမှာပါ"

ဆေးခန်းကအပြန် သွေးအေးသွားတော့ နေခြည်မှာ ယောကျ်ားလေးတစ်ယောက်နှင့် နီးနီးကပ်ကပ်နေခဲ့ရတာမို့ ရှက်လွန်းနေမိသည်။

ပြိုင်ဘီးလေးကိုတွန်းလျက် ခေါင်းငုံ့လျှောက်နေသော နေခြည့်အနား သူကတိုးကပ်လျက်က . . .

"နေခြည် ကိုယ် နေခြည်နဲ့ဆုံတွေ့ခြင်း အထိမ်းအမှတ်အဖြစ်နဲ့ တစ်ခုခုကြွေးပါရစေနော်"

ခေါင်းညိတ်မိသလား၊ ခေါင်းခါမိသလား ဝေခွဲမရခဲ့ပေမယ့် သူမ ခြေလှမ်းတွေက မင်းခန့်ညား ဦးဆောင်ရာကော်ဖီဆိုင်ဆီ လိုက်ပါနေခဲ့ချေပြီ။

နံနက်ပိုင်းမို့ ဆိုင်က လူရှင်းနေသည်။ သူဦးသွား



www.burmeseclassic.com

www.burmeseclassic.com



ထောင့်စားပွဲမှာ ရွှေထိုင်ဖြစ်ကြ၏။

"နေခြည် ဘာသောက်မလဲ၊ ကျွန်တော်ကတော့ Ice coffee ပဲကြိုက်တယ်"

"နေခြည်လည်း Ice coffee ပဲသောက်နေကျပါ"

မမျှော်လင့်ဘဲ အကြိုက်ချင်းကလည်း လာတူနေကြ၏။

"ကိုယ့်ကို နေခြည်သိပြီးသားပါနော်၊ ကိုယ်က ရန်ကုန် ကလေ၊ နေခြည်က ဘယ်မှာနေတာလဲဟင်၊ ကိုယ် နေခြည်နဲ့ ခင်မင်ပါရစေကွာ"

ကော်ဖီသောက်ရင်း သူတရစပ်ပြောနေပေမယ့် နေခြည့်မှာတော့ နားထောင်ရုံသက်သက်။

ယောကျ်ားလေးတစ်ယောက်နဲ့ အတူတွဲထိုင်ခဲ့ပြီး ကာမှ လိပ်ပြာမလုံဘဲ ရှက်နေမိသည်။

သူမမိန်းကလေးတန်မဲ့ အညာလွယ်သွားပြီလား။ အို . . ဘာဖြစ်လဲ၊ သူနဲ့လမ်းခွဲတာနဲ့ အားလုံးမေ့လိုက်





ခေါင်းထဲက မေ့လိုက်ရုံပေါ့။

"နေခြည် ဘာတွေတွေးနေတာလဲ"

"ဟို . . ဟို . . ဘာမှမတွေးပါဘူး"

"ဒါဖြင့် နေခြည်ဘယ်မှာနေတာလဲ၊ နေခြည်နဲ့ နောက်ထပ်တွေ့ပါရစေ"

"ဟို . . ကျွန်မ . . ကျွန်မ နန်းတွင်းဘက်မှာ နေတာ၊ တွေ့ဖို့ကတော့ ကံကြမ္မာအတိုင်းပေါ့"

"ကျွန်မသွားတော့မယ်"

"ဟာ . . နေခြည် . . နေ . . နေပါဦး"

သူစကားသာ နောက်မှာကျန်ခဲ့၏။ နေခြည် ဆိုင်ထဲမှ ပြေးထွက်ခဲ့လျက်၊ မြို့င်ဘီးကို အမြန်နင်းလာခဲ့လိုက်သည်။

ယောကျ်ားလေးများနှင့် ကင်းလွှန်းခဲ့သော သူမက သူနဲ့ကျမှ ဘာလို့များ လိုက်လျောမှုတွေ ပြုနေခဲ့ရတာလဲ။

သူမကိုယ် သူမလဲ ဝေခွဲလို့မရနိုင်ခဲ့ချေ။ အဓိက နေခြည်သိတာက ပြဿနာ အရှည်ဖြစ်လာမှာစိုး၍ အ



www.burmeseclassic.com

www.burmeseclassic.com



လိုက်အထိုက်နေခဲ့ခြင်းပါ။

မေမေသာသိသွားရင် လုံးဝလွယ်မှာမဟုတ်။ စက်ဘီးပါမက ဆိုင်ကယ်ရောကားပါ သူမလုံးလုံးကင်းဝေးသွားမှာကျိန်းသေ။

ဒါကြောင့်လည်း သူမလိုက်လျှောခဲ့မိခြင်းပါ။ သူမအပေါ် သူအနိုင်ပိုင်းသွားတာပဲလား၊ ဖြစ်တော့မဖြစ်နိုင်ပါ။

ပထမအကြိမ် နေခြည် အညာမိလိုက်ပေမယ့် ဒီတစ်ကြိမ်တော့ သူတကယ် ဒဏ်ရာရသွားတာပါ။

ဒါဆို နေခြည်မရှုံးတော့ဘူးပေါ့။ အဟင်း . . နေခြည်ပဲလေ။ လိပ်စာကိုလည်း တမင်လွဲပြီး ပြောခဲ့လိုက်တာပါ။

အိမ်ထဲသို့ လှမ်းဝင်လိုက်တာနှင့် မေမေအသံကကပ်ပါလာ၏။

"ဟဲ့ . . သမီးငယ် ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ ဘာများဖြစ်လာပြန်တာလဲကွယ်"





"စက်ဘီးတိုက်လာလို့ မေမေရေ့ စက်ဘီးတိုက်လာ

"ဟယ် . . ဘုရား . . ဘုရား ဘယ်မှာတိုက်လာ လဲ သမီး၊ အတိုက်ခံရတဲ့သူကရော ဘာဖြစ်သွားသေး မေမေ ရင်တုန်လိုက်တာကွယ်"

"အာ . . မေမေကလည်း လုပ်ပြီ၊ ဘာမှမဖြစ်ဘူး၊ ရှင်းခဲ့ပြီးပြီ၊ ဘာမှလည်း ဖြစ်တာမဟုတ်ဘူး မေမေ"

"ဩော် . . ညည်းကတော့ဒီအတိုင်းပဲပြောမှာပေါ့။ ပြီ နောက်နေ့ စက်ဘီးစီးမထွက်ရတော့ဘူး"

"သမီးတစ်ယောက်ရှိတာ ဘယ်တော့မှ သိမ်သိမ် မွေ့ရှိမလဲမသိပါဘူး။ ဖတဆိုးသမီးလေးမို့ အလိုလိုက် ခဲ့မိတာ မှားများမှားခဲ့ပြီလား"

"သမီးကလည်း မေမေ့ကိုပြောမလို့၊ သမီးစက်ဘီး ဒရိုင်ဘာကို လှသိန်းကိုပေးလိုက်တော့ သမီးမစီးတော့

"ဟယ်တော့ . . ဒါကဘယ်လိုဖြစ်ရတာတုန်း၊



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို ရွဲ့တာလားသမီး၊ စက်ဘီးတစ်စီး နည်းတာမှတ်လို့ကွယ်"

"ဟင့်အင်း . . မေမေ ပေးသာပေးလိုက်ပါ၊ သမီး မစီးချင်တော့လို့ပါ"

"ကဲ . . သမီး . . ညည်းသဘောပဲ၊ ကဲ . . ရေ သွားချိုး၊ ထမင်းစားဖို့ ဘွားဘွားစောင့်နေပြီ"

အိမ်ခန်းထဲ ပြေးဝင်သွားတဲ့ သမီးဖြစ်သူကို ဒေါ် ကြည်ပြာမိုး စိတ်မသက်သာစွာကြည့်ရင်း သက်ပြင်းချမိ သည်။

တက္ကသိုလ်စာမေးပွဲကြီးပင် ဖြေဆိုပြီးနေပြီ။ ခုထိ ကလေးစိတ် မပျောက်ချင်။

သမီးလေးတစ်ယောက်ကို သိမ်သိမ်မွေ့မွေ့လေး ရှိစေချင်တာပါ။

အုပ်ထိန်းသူ မိခင်တစ်ယောက်အနေနဲ့ ပူရတာပေါ့ လေ။

ဒါပေမယ့် သမီးမှာ ထက်မြက်မှုတွေရှိနေတာ သူ





သိနေပါသည်။

အချိန်ကျရင်တော့ မိဘစေတနာကို နားလည်ပြီး ပြောင်းလဲပြုပြင်လာမှာပေါ့လေ။

နေခြည် ညနေထမင်းစားသောက်ပြီး တီဗွီရှေ့ တောင်မထိုင်ဖြစ်တော့။

အမှတ်မထင် ပြန်ဆုံတွေ့ခဲ့ပါသော ကိုလူချောကို အမှတ်ရနေမိသည်။

သူမစိတ်တွေ သူနဲ့ကျမှ ဘာဖြစ်ခဲ့ပြီလဲ။ ခါတိုင်းဆို သွက်သွက်လက်လက် ရှိခဲ့သော၊ သူမ ဘွားဘွားကတောင် ထမင်းစားတော့ သူမအား သတိထားမိသွားသေးကာ။

"ဟဲ့ . . . မီးလေးနေခြည် ထမင်းစားတာ နည်းလှချေလား၊ ဘာလဲ သမီး စက်ဘီး တိုက်ခဲ့တယ်ဆိုတော့ ပြဿနာက နောက်ကြောင်းကော ရှင်းခဲ့ရဲ့လားကွယ်"

အမှန်အတိုင်းပြောလိုက်ချင်ပေမယ့် သူနဲ့ပတ်သက် နေလို့ သူမအလိမ္မာနဲ့ ပညာသုံးလိုက်၏။

"ကောင်မလေးတစ်ယောက်ပါဘွားရဲ့၊ ဟိုတိုက်မိ



www.burmeseclassic.com

www.burmeseclassic.com

သွားတာပါ၊ ဘာပြဿနာမှလည်း မဖြစ်ပါဘူး၊ သမီး ထမင်းစားမကောင်းလို့"

အဘွားကို ညာလို့ အဆင်ပြေခဲ့ပေမယ့် အခန်း ရောက်လို့ အိပ်ယာမှာလဲမိတော့ . . .

"အင်း . . သူ ဒဏ်ရာမှသက်သာပါ့မလား၊ ဒါမှ မဟုတ် ငါ့အပေါ် တစ်ဖက် လှိမ့်ပြန်ပြီး အသားယူသွားတာ ပဲလား"

မည်သို့ဖြစ်စေ သူဆုပ်ကိုင် ဖက်တွယ်ခဲ့သော နေခြည့်ပုခုံးသားလေးနှစ်ဘက်က ခုချိန်ထိအောင်ပဲ ပူနွေး နွေး ဖြစ်နေသလို၊ ရင်ထဲမှာလည်း လှုပ်ရှားနေမိသည်။

ဒီတစ်ကြိမ်မှာ သူဟန်မဆောင်တာကိုတော့ နေ ခြည် တစ်ထစ်ချယုံကြည်ထားမိသလိုပါ၊ ခါတ်မှန်ထဲမှာ လည်း သူခြေထောက်တကယ် အဆစ်လွဲသွားခဲ့တာပင်။

ဆရာဝန်ရဲ့ကျေးဇူးကြောင့် သူအလွယ်တကူပြန် ကောင်းခဲ့တာ။ နို့မို့ဆို လွယ်မှာမဟုတ်။

နေခြည်ရင်ခုန်မိတာက ကော်ဖီမသောက်ပါဘဲ





သူမကိုသာ ငေးစိုက်ကြည့်နေခဲ့တာ ဘာကြောင့်များလဲ တွယ်၊ သူ၏ရွှန်းလဲ့တောက်ပနေသော မျက်လုံးအစုံကို မြင်ယောင်၍ စိတ်တွေလှုပ်ရှားနေမိသည်။

"ကျွိ"

"ဟော . . သမီးငယ် အိပ်ယာထဲ စောစောဝင်လို့ မေမေက အိပ်ပြီလို့တောင် ထင်တာ"

"ဟင့်အင်း မေမေ ခေါင်းထဲညီးစီစီဖြစ်နေလို့ပါ"

မေမေ ဝင်လာသဖြင့် သူ့အကြောင်းတွေမောင်း ထုတ်ပစ်လျက် ကုတင်မှာထိုင်လိုက်ရ၏။

"မေမေ သမီးကိုပြောမလို့"

တကယ်လည်း အခန်းထဲအထိ မေမေဝင်လာ ကတည်းက မေမေတစ်စုံတစ်ရာ ပြောတော့မည်ကို နေခြည် ကြိုသိနေခဲ့ပါသည်။

"ပြောလေ မေမေ၊ ဘာများလဲ"

"မနက်ဖြန် ဟိုဘက်အိမ်က ကေဇင်ကော်လေး မွေးနေ့ပွဲကို မေမေမသွားနိုင်ဘူး၊ အဲဒါ သမီးသွားရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . မေမေပဲ သွားပါ၊ သူ့ပွဲကိုဆို သမီးက ပို တောင် မသွားချင်သေး"

နေရာတကာ လိုက်မြိုင်ဆိုင်ပြီး နေတတ်သော ကေဇင့်အား မေမေကလည်း ဦးစားပေးလွန်းသဖြင့် သူမ အစာမကျေတာ ကြာပြီ။

"အဲဒီလို မပြောရဘူးသမီး၊ သမီးလည်းငယ်တော့ တာ မဟုတ်ဘူး၊ ရှေ့လျှောက် မေမေ့ရဲ့စီးပွားရေးကို သမီး ပဲ ဦးစီးလုပ်ရမှာလေ"

"မေမေက မနက်ဖြန် ကုမ္ပဏီတစ်ခုရဲ့ မိတ်ဆက်ပွဲ သွားရမှာမို့လို့ သမီးသွားလိုက်နော်"

"ဒါမှ ကိုယ်လည်း လူတောတိုးရဲသွားမှာ၊ ကေဇင် လေးဆို သူ့အမေစီးပွားအားလုံး နားလည်နေပြီ"

မေမေတစ်ချက်လွှတ်ပြောပြီး ထွက်သွားတော့ နေ ခြည် တကယ်ပဲမသွားချင်၊ ကြည့်မျော်ရှုကောင်းအောင် ဝတ်စားရတာကိုပဲ သူမအဖို့ စိတ်ကျဉ်းကြပ်လှ၏။

မေမေကလည်း အလိုလိုက်ပေမယ့် ဖြစ်ချင်တာ





...ရမှ ကျေနပ်သူဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



❤ ❤

ဦးတက်ထွန်းအောင် သမီး ကေဇင့်မွေးနေ့ပွဲလေးက မီးရောင်စုံများဖြင့် နွေညချမ်းလေးနဲ့ အပြိုင်လှပနေ၏။

မင်းခန့်ညား လူအရှင်းဆုံးထောင့်စားပွဲလေးမှာပဲ ထိုင်ပြီး နေခြည်မိုးဆိုတဲ့ ကောင်မလေးအကြောင်း တွေးနေမိသည်။

သူမကိုတွေ့ချင်လို့ သူလိုက်ရှာတာ မန္တလေးတစ်မြို့လုံးနှံ့နေပြီ။ ဘယ်မှာမှမတွေ့၊ ပြိုင်စက်ဘီးစီးသူတွေ





တွေ့တိုင်း သူမလေးများ ဖြစ်နေမယားလို့ ငေးကြည့်မိခဲ့သော်လည်း မထူးခြားခဲ့။ နောက်နှစ်ရက်လောက်ဆိုပဲ သူ ရန်ကုန် ပြန်ရတော့မည်။

သူမမျက်နှာလေးကိုတော့ဖြင့် တစ်ကြိမ်မျှလောက် တွေ့မြင်ချင်မိပါသေးသည်လေ။

ကားကို ခြံဝမှာပဲရပ်ပြီး နေခြည်လမ်းလျှောက်ဝင်လာခဲ့၏။

မွေးနေ့ရှင် ကေဇင်ကျော်ကို ခပ်လှမ်းလှမ်းက လူအုပ်ကြားမှာ မြင်နေရသည်။

ကိုစွမရှိ။ ပြန်ခါနီးကျမှ နှုတ်ဆက်သွားလိုက်ရုံပေါ့။

ဒီနေ့ကျကာမှ ယုဇနရော ဂျူလိုင်ပါ မအားကြသဖြင့် သူမတစ်ယောက်ထဲရောက်လာခဲ့ရခြင်းပါ။

လူရှင်းနေသော ခြံထောင့်စားပွဲဝိုင်းလေးမှာပဲ ထိုင်မယ်စိတ်ကူးမိစဉ် . . .

"ဟိတ် . . . အညာမလေး တို့ကို မှတ်မိပါသေးလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . ရှင် . . ရှင်"

"ဟုတ်ပါတယ် နေခြည်ရဲ့ ကိုယ့်ကိုတွေ့တာများ ဘီလူးသဘက် တွေ့တာကျနေတာပဲ"

သူနဲ့ ဒီပွဲမှာကြုံကြိုက်မယ်လို့ လုံးဝမထင်ခဲ့တာမို့ အံ့ဩသင့်မိသည်။

သူမရဲ့ မျက်နှာချင်းဆိုင်ခုံလွတ်မှာ ဝင်ထိုင်လိုက်ရင်း . . .

"နေခြည် ကိုယ့်ကို ပညာသားပါပါ အနိုင်ယူလိုက်တာပဲကွာ၊ မန္တလေးတစ်မြို့လုံး လိုက်ရှာတာနဲ့နေပြီ။ ဒီနေ့ထိလည်း ရှာနေတုန်းပဲ"

သူ့အပေါ် ညာမိလို့ ရယ်ချင်တဲ့စိတ်ကို မနည်းထိန်းထားရသည်။

စတိုင်ဘောင်းဘီ ခဲသားရောင်နှင့် စပို့ရှပ်ခဲသားရောင် တွဲဝတ်ထားတဲ့သူ့ပုံက ဒီနေ့မှပိုပြီး ကြည့်ကောင်းနေပါ၏။

ပြီးတော့ သူကေဇင်နဲ့ ဘယ်လိုများ ပတ်သက်နေပါ





သလဲတွယ်။

"မွေးနေ့ပွဲ လာတာပဲလား"

ဟန်ပင်မဆောင်နိုင်တော့ဘဲ သိချင်စိတ်နဲ့မေးလိုက်မိသည်။ [Note: see below]

"သီးသန့်ကြီး လာတာတော့ မဟုတ်ဘူးနေခြည်၊ ကိုယ်က ကေဇင်တို့အိမ်မှာတည်းတာလေ။ ကေဇင့်ဖေဖေ နဲ့ ကိုယ်ကစီးပွားဖက်ပါ"

"ခြော် . . ခြော်"

ကေဇင့် အပေါင်းအသင်းမဟုတ်လို့ ဝမ်းသာမိသေးပေမယ့် ဂျူလိုင်တို့ပြောပြထားသဖြင့် သူနဲ့ကေဇင့်အကြောင်းက နေခြည်သိပြီးသားပါလေ။

နေခြည့်ဖက်က ဆင်ခြင်လို့ရသွားတာပေါ့။

"ဟော . . ရှာလိုက်ရတာ ကိုမင်းခန့်က ဒီကိုရောက်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ကေဇင်ကျော် အနားရောက်လာသဖြင့် ကိုယ်ရှိန် သတ်လိုက်ကြရသည်။

ဒါတောင် ကေဇင်ကျော်က နေခြည်တစ်ယောက်လုံးကိုတောင် မြင်ဟန်မတူ။

"လူတွေကြားထဲမှာ အသက်ရှူကြပ်လို့ ကေဇင်၊ ပြီးတော့ ဒီမှာ ကိုယ့်မိတ်ဆွေနဲ့ စကားပြောနေတာ"

ဒီတော့မှ ကေဇင့်မျက်ဝန်းများက အလိုမကျဟန်ဖြင့် နေခြည့်ထံရောက်လာ၏။

"သြော် . . ကိုမင်းခန့်က နေခြည်နဲ့တောင် သိနေမှကိုး။ အင်းပေါ့ နေခြည်က ဘွိုင်းဖရင့်များတော့ သိနေမှာပေါ့"

အနှောင့်အသွားမလွတ် ပြောလိုက်သောစကားမှန်း မင်းခန့်သားချက်ချင်း သဘောပေါက်လိုက်၏။

ကေဇင့်မျက်လုံးများက သူနှင့် နေခြည်နှစ်ယောက်ထဲထိုင်နေတာကို ကျေနပ်ပုံမရချေ။

နေခြည့်ကိုလည်း အားနာသွားမိသည်။



ဘုဆတ်ဆတ် နေခြည့်ပုံစံနှင့် ညှုချွဲချွဲကေဇင့်ပုံစံ အယ်သူ ပွဲရှုပ်မယ်ဆိုတာ သူအကဲခတ်လို့ရနေပါသည်။

နေခြည်ကတော့ ခေါက်ဆွဲကြော်ကိုသာ ငုံ့စားနေတော့သည်။

ကေဇင်က ထွက်မသွားဘဲ နေခြည့်နဲ့သူကြားက ထိုင်ခုံမှာဝင်ထိုင်ပြီး

"ညီးစီစီဖြစ်နေရင် အိမ်ပေါ်မှာသွားနားနေလိုက်ပါလား။ ညော့ညည့်တွေရှင်းမှ ကေဇင်လာခဲ့မယ်လေ"

အသားယူပြောနေပုံက နားပင် ရှက်ရလောက်သည်။

နေခြည့်ရှေ့မှာမို့ ရှက်လည်းရှက်သွားမိ၏။

"ရတယ် ကေဇင် ဒီပွဲက ကေဇင့်မွေးနေ့ပွဲလေ။ ကိုယ်နဲ့မဆိုင်ဘူး။ အန်ကယ်နဲ့ အလုပ်အကြောင်း တိုင်ပင်ဆွေးနွေးချင်သေးလို့ စောင့်နေတာ"

သူမနဲ့ မပတ်သက်ကြောင်းကို နေခြည့်အား သိစေချင်မိတာ ဘာကြောင့်မှန်းမသိ။

ရှိ င် း စ ာ ေ ပ

www.burmeseclassic.com

"ဒါဖြင့် ဖေဖေ့ကို ခုပဲလွှတ်လိုက်မယ်နော် ကိုမင်းခန့်"

နှုတ်ခမ်းမဲ့ပြီး ကေဇင်ထွက်သွားတော့မှ သူသက်ပြင်းချနိုင်၏။

"ဆောရီးပဲ နေခြည်၊ ကေဇင်က ကလေးစိတ် မ[illegible]ကုန်သေးဘူး"

"ရပါတယ် ကိုမင်းခန့်ညား"

သူ့မျက်နှာကြီး နီမြန်းပြီး နေခြည့်ကို အားနာနေတာ သိသာလွန်းလှသည်။

"နေခြည်"

"ရှင်"

"ကိုယ် ရန်ကုန်မပြန်ခင်လေး တွေ့ခွင့်ပေးပါလား [illegible]ဟင်၊ ပြီးတော့ ကိုယ်မန္တလေးသာ လာတယ်၊ နေရာမသိလို့ သိပ်မရောက်ဘူး"

သူရိုးသားစွာပြောနေမှန်း နေခြည်သိနေပါ[illegible]ကြင်းပယ်ဖို့ စဉ်းစားမိပေမယ့် လက်တွေ့မှာဖြင့် နှုတ်များ[illegible]





ထွက်မလာခဲ့။

ပြောရလျှင် ကိုယ်ကနယ်ခံ ဧည့်ခံဖို့တာဝန်ရှိနေသည်ပေါ့။

"ကေဇင်က လိုက်မပို့ပေးဘူးလား"

"ဟင့်အင်း ပို့ပေးမယ်တော့ပြောတယ်၊ ကိုယ် ကိုယ်တိုင်ကကို မသွားချင်တာ"

သူမလိုပဲ ကေဇင့်ကိုသဘောမတွေ့သူရှိနေတော့ နေခြည်ကျေနပ်မိသလိုတော့ ဖြစ်မိသည်။

"ကောင်းပြီလေ။ နေခြည်က လူတိုင်းကိုတော့ မခင်တတ်ဘူး၊ ဒါပေမယ့် ကိုမင်းခန့်ကိုတော့ ခင်ကြည့်ရတာပေါ့"

"နေခြည့်အိမ်က ကေဇင်တို့နဲ့ မျက်စောင်းထိုးပြီလေ၊ အိမ်ကို အလည်လာဖို့ ဖိတ်ပါတယ်"

ဒီလောက်အထိ လိုက်လျောမိတဲ့ ကိုယ့်ကိုကိုယ်လည်း နေခြည်အမှန်ပဲ အံ့သြမိပါသည်။

"ကျေးဇူးတင်ပါတယ်နေခြည်"



www.burmeseclassic.com

www.burmeseclassic.com

"ဟို . . နေခြည် ပြန်တော့မယ်နော်"

"ကေဇင်နဲ့ တွေ့သွားလိုက်ဦးလေ"

"ဟင့်အင်း . . မတွေ့တော့ဘူး။ နေခြည်နဲ့ သူနဲ့က လိုင်းကွဲတယ်လေ"

"ဩော် . . ဩော်"

"ဆက်ဆက်လည်း လာခဲ့ဦးနော်။ မေမေတို့နဲ့လည်း မိတ်ဆက်ပေးမယ်"

"ကိုယ် ရောက်လာမှာပါ နေခြည်"

"သွားမယ်နော်"

ဆံပင်လေးလှုပ်ဝဲလျက် ထွက်သွားသော သူမလေး အားငေးကြည့်ရင်း ကိုယ့်ဘဝတစ်စိတ်တစ်ဒေသ အတွက် ရင်လေးမိသေးသည်။ သူ့အနေဖြင့် ထိန်ချန်လိမ်ညာမိ သော လူတစ်ယောက်များ ဖြစ်နေခဲ့ပြီလား။

ခုချိန်ဆို ဒေါ်ခွာညိုခက် ရန်ကုန်မှာဒေါင်းတောက် အောင် သူ့အားရှာနေချေတော့မည်။

ကိုယ့်ဘက်က အရာရာပြင်ဆင်ပြီးပေမယ့် အ



လှယ်တကူနဲ့တော့ ဒေါ်ခွာညိုခက်လောင်းရိပ်အောက်က လွတ်မြောက်အောင် ရုန်းနိုင်ပါ့မလား။

ကိုယ့်ဘဝရဲ့ဖြစ်စဉ်ကို ရင်မောမိပေမယ့် နေခြည်မိုး ဆိုသောသူမနှင့် တွေ့ဆုံမိချိန်များမှာ သူ့အတွက် ရင်ခုန် လှုပ်ရှား ချမ်းမြေ့မိတာတော့ အမှန်တကယ်ပါပဲလေ။

ဒီအတွက် တစ်ချိန်ချိန်တော့ သူပြတ်ပြတ်သား သား ဆုံးဖြတ်ရပေဦးတော့မပေါ့။

ရောင်စုံခြယ်သမှု ကင်းနေပေမယ့် ပကတိကြွေရုပ် လေးလို လှပနေတဲ့ သူမဟန်လေးက အမြင်အာရုံထဲမှာ စွဲစွဲနင့်နင့်နှင့် ကျန်ရစ်၏။

ကေဇင်လည်း မိန်းမချောလေး မှန်ပေမယ့် နေခြည့် အလှနဲ့ယှဉ်မိတာ သူ့ဘက်ကပဲ စွဲလန်းမှုလွန်ကဲနေမိတာ သား။

မြင်တွေ့ရချိန်နည်းပေမယ့် သူ့နှလုံးသားထဲမှာ စွဲစွဲ လန်းလန်းနင့်နင့်နဲ့ ခံစားနေရတာတော့ အမှန်ပါပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

မင်းခန့်ညားတစ်ယောက် ထွက်သာလာခဲ့ရပေမယ့်
ကိုယ့်ဘာသာ မလုံဖြစ်နေမိသည်။

ကေဇင်ကျော် လိုက်ပို့မယ်ဆိုတုန်းကတော့
ခေါင်းခါခဲ့သည်။ ယခုသော်. . .။

အို . . . သူနဲ့ငါက ဘာဆိုင်တာမှတ်လို့၊ ဦးတင်
ထွန်းအောင် သမီးမို့ ဆက်ဆံနေရပေမယ့် ခွဲခွဲလွှင်
ကေဇင့်ကို သူသဘောမတွေ့ခဲ့။

ကေဇင်ကျော်ဟာ သူ့အတွက်တော့ဖြင့် ထူးခြား





တစ်စုံတစ်ရာ မပေးနိုင်သော မိန်းကလေးတစ်ယောက်
သာ ဖြစ်ခဲ့၏။

နေခြည်မိုးကမူ ခန့်ညားအတွက် ရင်ခုန်ရသူလေး
ပါ။

"နေခြည်မိုးတို့အိမ် ဟုတ်ပါတယ်နော်"

"ဟုတ်ကဲ့ . . မမနေခြည် ရှိပါတယ်"

ခြံစောင့်ကောင်လေး တံခါးဖွင့်ပေးသဖြင့် ခြံထဲလှမ်း
ဝင်ခဲ့လိုက်သည်။

စိမ်းစိုလှပနေသော ဂျပန်သစ်ခွတို့က စိမ်းစိုကာလှ
ပလို့နေသည်။

လှပလွန်းတဲ့ နှစ်ထပ်အိမ်ကြီးကို မေးကြည့်ရင်း
ကြွယ်ဝလွန်းသလို ထက်ထက်ရှရှလည်းရှိသော နေခြည်ပါ
လားလို့ မှတ်ချက်ချမိသေးသည်။

အတွေးနှင့်ရှိနေစဉ် ပန်းရုံအကွယ်မှ သူမထွက်လာ
သည်။

"ဩော် . . . ကိုမင်းခန့် ရောက်လာသားပဲနော်၊



www.burmeseclassic.com

www.burmeseclassic.com

နေခြည်က လာမှလာပါ့မလားလို့"

ရုပ်လေးနှင့် လိုက်အောင်ပဲ နေခြည့်အသံလေးက ဆွဲဆောင်မှုတွေ ရှိနေသလို . . . ။

"နေခြည်က ကိုယ့်ကိုသေသေချာချာပြောခဲ့တာပဲ။ ရောက်မလာရင်ကိုယ် နေခြည့်စေတနာကို စော်ကားရာ ကျနေမှာပေါ့"

"ပြီးတော့ နေခြည့်မိဘတွေနဲ့လည်း ရင်းနှီးချင်သေးတယ်"

နေခြည် သူ့ဖြေပုံကို နှစ်သက်သွားမိသည်။ သူ့ပုံစံက အရမ်းကိုတည်ငြိမ်ပြီး ရင့်ကျက်မှုတွေရှိနေသည်။

နေခြည် ကိုယ်တိုင်ကပဲ သူ့ကိုအမှတ်တွေပေးနေမိတော့တာလား။

တကယ်လည်း သူမနှင့် ပထမဆုံးအကြိမ် ဆုံဆည်းမိတုန်းကလို ပုံစံမျိုးမဟုတ်တော့ . . . ။

"ကိုမင်းခန့်ကိုလည်း မေမေနဲ့ ဘွားဘွားကတွေ့ချင်နေကြတာလေ၊ ဟို . . နေခြည့်ကို ပညာပြသွားကတည်း





တာပေါ့"

"ဗျာ . . . ဒါ . . . ဒါဖြင့် ကိုယ်မတွေ့ရဲတော့ဘူး နေခြည်၊ အဲဒီတုန်းက ဒေါသထွက်နေတဲ့ နေခြည့်မျက်နှာလေးက ကြည့်ကောင်းလို့ စလိုက်မိတာပါ"

"အဟင်း . . . နေခြည် . . . အလကားစတာပါ။ ကိုမင်းခန့် မေမေတို့ကို နေခြည့်မိတ်ဆွေလို့ပဲ ပြောထားတယ်လေ"

"ကျန်တာက နေခြည့်ခေါင်းထဲမှာပဲ သိမ်းထားတယ်"

"ကိုယ် အရမ်းကျေးဇူးတင်သွားပြီ နေခြည်"

ကျယ်ဝန်းသောဧည့်ခန်းကိုဖြတ်ပြီး သူမက ထမင်းစားခန်းဘက် တန်းခေါ်သွား၏။

"လာ . . ကိုမင်းခန့် မေမေတို့ ထမင်းစားဖို့ စောင့်နေကြတယ်"

ကိုယ့်ဘာသာ တစ်စုံတစ်ခုသော အကြောင်းအတွက် ချီတုံချတုံဖြစ်နေမိသလို။



www.burmeseclassic.com

www.burmeseclassic.com



ဒါ မှားများမှားသွားပြီလား၊ အို ပြတ်သားရမှာ ငါ့အပိုင်းပဲ။

ကျွန်းစားပွဲဝိုင်းကြီးတွင် နေခြည်နှင့် မျက်နှာပေါက်ချင်းဆိုင်သော မိန်းမကြီးနှစ်ယောက်။ နေခြည့်မေမေနှင့် ဘွားဘွားပဲ ဖြစ်ပါလိမ့်မည်။

"ထိုင် . . . ကိုမင်းခန့်။ မေမေ . . ဒါ ရန်ကုန်ကသမီး မိတ်ဆွေ မင်းခန့်ညားလို့ခေါ်တယ်၊ ကိုမင်းခန့် ဒါ နေခြည့်မေမေ ဒေါ်ကြည်ပြာမိုး၊ ဘွားဘွားက ဒေါ်သိန်းသိန်းမိုး မှတ်ထားနော်"

"ဟုတ်ကဲ့။ တွေ့ရတာဝမ်းသာပါတယ် အန်တီ၊ ကျွန်တော် ရန်ကုန်ကပါ၊ ရတနာရောင်းဝယ်ရေးနဲ့ အထည်ချုပ်ကုမ္ပဏီထောင်ထားပါတယ်၊ ဦးတက်ထွန်းအောင် အထည်တွေယူတာ ကျွန်တော့်စက်ရုံကထွက်တဲ့ အထည်တွေပါ"

ကိုယ့်ဘက်က ရိုးရိုးသားသား ဝန်ခံမိတ်ဆက်နေရပေမယ့်၊ အသံတို့က မှုမမှန်ချင်၊ အရိပ်မည်းတစ်ခုကာ





သိတ်ပါ နေသလိုလို။

"အေးကွယ်။ ဦးတက်ထွန်းအောင်တို့ မမူမူနိုင်တို့ဆိုတော့ အန်တီနဲ့ဆွေမျိုးရင်းချာလိုပဲလေ၊ အကူအညီလိုလည်း ပြောပေါ့၊ မနက်စာလည်း ဒီမှာပဲစားပေါ့၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့"

နေခြည့် မေမေရော ဘွားဘွားကပါ စကားနည်းကြသူတွေမို့ တော်တော့၏။

မင်းခန့်ညားအဖို့ မွန်းကြပ်လွန်းလှပါပြီ။ ဖြစ်ချင်တာတစ်ခုတည်းနဲ့ တစ်ဖက်သားမိသားစုကို လှည့်ဖြားမိသလိုများ ဖြစ်နေမလား။

ဟင်းပွဲတွေစုံလင်စွာနဲ့ စားနေရပေမယ့် ထမင်းကခြိန်ချင်ချင်။

"ကိုမင်းခန့် ထည့်စားနော်၊ အားမနာနဲ့"

"အင်း . . . နေခြည်"

ဒါဒီနေ့က နေခြည်နဲ့ရင်းနှီးခင်မင်လိုတာ တစ်ခုတည်းနဲ့ မင်းခန့်ညား အားလုံးကိုမေ့ပစ်ပြီး ဇွတ်တိုးမိုက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



၏။

မှားတယ် မှန်တယ်လည်း မဝေခွဲနိုင်တော့ချေ။

နေခြည်နဲ့ ဆုံတွေ့နိုင်ဖို့သာ အဓိကလို ဖြစ်ခဲ့၏။ မန္တလေး အထင်ကရနေရာမှန်သမျှ နေခြည့်ကားဖြင့်လိုက်လည်ဖြစ်ကြသည်။





ဂျူလိုင်ရောယုဇနပါ သူမကို အထူးအဆန်းဖြင့် ငေးကြည့်နေကြ၏။ ပြီးတော့ မယုံနိုင်သလို ဝိုင်းမေးကြသည်။

အထူးသဖြင့် မင်းခန့်ညားဆိုတဲ့ သူ့အကြောင်းပေါ့

"အာရှိရှိ ကားတစ်စီးနဲ့ အတူတူလျှောက်လည်ပြီးကြပြီဆိုတော့ နင်နဲ့ အဲဒီလူ ခင်သွားကြပြီပေါ့လေ"

"အင်း . . ဟုတ်တယ်"

သူမ သွက်လက်စွာပဲ ခေါင်းညိတ်ပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . နင့်ဟာကလည်း မြန်လိုက်တာဟယ်၊ ဒီလောက်မြန်မြန်ကြီး၊ ဟိုတလောကပဲ ဒီလူ့ကို နင်ကျိန်းနေပါသေးတယ်၊ ဘယ်လိုဖြစ်ရတာလဲ"

ဒီအမေးကို သူမကိုယ်တိုင်ပဲ နားမလည်ခဲ့။

"အဲဒါ ငါ့ကိုယ်ငါလည်း စဉ်းစားလို့ မရဘူးဖြစ်နေတာဟ၊ ဒါပေမယ့် ကေဇင့်ကြောင့်လို့တော့ ထင်တာပဲ"

"ဟင် . . ဘယ်လိုနေခြည်"

ဂျူလိုင် တအံ့တဩမေးတော့ သူမသက်ပြင်းရှိုက်မိသည်။ အမှန်ကို ဝန်ခံရရင် သူမကိုယ်တိုင် ဤမျှမြန်မြန်ဆန်ဆန် ခင်မင်သွားမိတာကို အံ့ဩနေမိတာပါပဲ။

"နင့်အဖြစ်က ရှာမှရှားပဲနေခြည်၊ ပထမတစ်ခါတုန်းက ခုတ်တော့ထစ်တော့မလို့နဲ့"

သူမဘာမှဖြေရှင်းခွင့် မသာအောင်ရှိနေပါပြီ။

"တို့တော့ အံ့ဩတယ်နေခြည်၊ ကေဇင့်ကိုရွဲ့ချင်တာထက် နင့်ကိုယ်၌က အဲဒီလူကိုကျသွားတာ မဟုတ်လား မညာနဲ့နော်"





"ငါ မပြောတတ်တော့ဘူးဟယ်၊ ငါက မြို့ခံလူလေ၊ သူသွားချင်တဲ့နေရာ ပို့ပေးဖို့တာဝန် ရှိတာပေါ့ဟဲ့"

နေခြည် ထုချေလွှာတင်တော့ ဂျူလိုင်တို့က အားပါးတရ ရယ်ကြလေ၏။

သူမမျက်နှာပြင်ဝယ် ရှက်လွန်း၍ ပန်းရောင်ပြေးနေမှာ သေချာ၏။

"ဒါက ဖြေရှင်းချက်ဆိုပေမယ့် မခိုင်လုံပါဘူး နေခြည်ရယ်၊ အဲဒီလူက ကေဇင့်ညီသည်လေ၊ ကေဇင်နဲ့ကျသွားဘဲ မင်းနဲ့ကျမှသွားတာ ရိုးသားမှုဖြစ်မလား"

နေခြည် ဘာမှမပြောသာတော့ချေ။

"သေချာပါတယ်ကွာ၊ အဲဒီလူမင်းနဲ့ ပတ်သက်ချင်လို့ လမ်းရှာတာပါ"

"အန်တီတို့နဲ့တောင် ဝင်တွေ့ပြီး ထမင်းလက်စုံစားသွားတာဆိုတော့ လျှော့တွက်လို့တော့ မရဘူးနော်"

"အေး . . အေး . . ဟုတ်ပါ့၊ ဒီတစ်ကြိမ်ဆိုလို့တော့ နင့်လူက စေ့စပ်ပွဲတောင် လုပ်လေမလားပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းတာပေါ့ ကျူလိုင်၊ ငါတို့ဂေါ်မစ္စ် . . အဲ. . အပျိုသိုးလေးတွေ အတွဲရသွားတာပေါ့"

ယုဇနပြောတော့ သူမမျက်နှာ ရှက်သွေးဖြာသွားရသည်။ အကြောင်းသိ သူငယ်ချင်းငယ်ပေါင်းတွေဆိုတော့လည်း သူမဘက်က မင်းခန့်ညားအပေါ် လိုက်လျောမှုတွေနဲ့ ဦးစားပေးခဲ့မိတာကို တအံ့တသြနှင့် ဝေဖန်ကာနေကြလေသည်။

သူမကလည်း သူမပဲဖြစ်၏။ ကျောင်းမှာရော အရပ်ထဲမှာပါ သူမအား နည်းမျိုးစုံနှင့် ချဉ်းကပ်လာဖူးသူတွေ မနည်းချေ။

တစ်ယောက်ကိုမှ ဦးစားမပေးခဲ့သလို၊ ခါးခါးသီးသီး ငြင်းပယ်ခဲ့တာပဲဖြစ်၏။ မင်းခန့်ညားဆိုတဲ့သူနဲ့ကျမှ သူမနှလုံးသားတွေ ခုန်လှုပ်ခဲ့ရတာတော့ သူမဘက်က ဘယ်လိုမှ ငြင်းပယ်နိုင်စွမ်းမရှိချေ။



ကိုယ်လုံးပေါ်မှန်ထဲမှာ လှချင်တိုင်းလှနေသော ကေဇင်ကျော်။ သို့ပေမယ့် ခုချိန်မှာ သူ့အတွက် မင်းခန့်ညားဆိုတဲ့လူနဲ့ကျမှ အလကားဖြစ်နေရသလိုပင်။

သူမမှာတော့ မင်းခန့်ညား ဆိုတဲ့နာမည် ဖေဖေ့နှုတ်က ထုတ်ပြောလာကတည်းက စွဲလမ်းတိမ်းမူးနေခဲ့မိတာ၊ ယခု လူချင်းတွေ့တော့ ပိုလို့ပင်ရင်ခုန်ရသူတစ်ယောက် ဖြစ်နေပေသည်။

မင်းခန့်ညားကမူ သူမအား ဖေဖေတို့ကြောင့် မလွှဲ



www.burmeseclassic.com

www.burmeseclassic.com

သာလို့ ဆက်ဆံနေရတဲ့ပုံစံ၊ လုံးဝ အရေးမလုပ်တဲ့အပြင် မနေ့တစ်နေ့ကမှတွေ့တဲ့ နေခြည်နဲ့ကျတော့ ပြုံးရွှင်ကာ ရယ်မောလို့။

ဒါကိုပင် ကေဇင် ဒေါကန်လို့မဆုံး။ ကေဇင်ဆိုတာ ချစ်ချင်သူတွေ ဝိုင်းနေတဲ့သူ၊ အလှဆုံးပန်းတစ်ပွင့်ပါလေ။

သူနဲ့ကျပါမှ ကေဇင်က မြောင်းဖေါ်ပေးခဲ့ပေမယ့် ရေက စီးမလာတော့ အခံရခက်လွန်းလှသည်လေ။

ဒီနေ့တော့ အလှဆုံးပြင်ဆင်ဝတ်စားလျက် ထမင်းစားခန်းကို အချိန်မီဆင်းလာခဲ့၏။

မင်းခန့်ညား ဒီနေ့အပြင်သွားမည် ပြောသံကြားထားသည်လေ။

ထမင်းစားခန်းတွင် သူက ဖေဖေနှင့်ကော်ဖီသောက်ရင်း စကားပြောနေ၏။

"ဟော . . . ကေဇင်၊ အလှတွေပြင်ပြီး ဘယ်သွားမလို့လဲ"

"ကိုမင်းခန့် ဘုရားတွေစုံအောင် မရောက်သေးဘူး





လေ၊ ကေဇင် လိုက်ပို့ပေးမလို့"

"အေးကွာ . . ဖေဖေလည်း အလုပ်တွေထဲပဲ အာရုံများနေတာနဲ့ ဘယ်မှတောင် လိုက်မပို့ပေးဖြစ်တော့ဘူး"

"ရပါတယ် အန်ကယ်၊ ထည်းရတာတောင် ကျွန်တော် အားနာလှပါပြီ"

"ကိုမင်းခန့်ကလည်း ကေဇင်တို့နဲ့ တစိမ်းမှမဟုတ်တော့တာ၊ ကေဇင် လိုက်ပို့ပေးမှာပေါ့"

အနားမှာ ကပ်ထိုင်ပြီးပြောတော့ မင်းခန့်ညား ခေါင်းနပမ်းကြီးသွား၏။

သူနှင့် နေခြည် ဒီနေ့ စစ်ကိုင်းတောင်ဘက် သွားကြဖို့ ချိန်းထားသည်ပဲ။ သူမ ပါလာလို့ ဖြစ်မယ်မထင်။ မွေးနေ့ပွဲတုန်းက သူမ မဆင်မခြင်ပြောလိုက်လို့ နေခြည် မျက်နှာပျက်သွားဖူး၏။ ဒီတော့ စကားကို အလီမွှာသုံးရင်း . . .

"ကိုယ်က နောက်နေ့ဆို ပြန်တော့မှာဆိုတော့ မသွားတော့ပါဘူး ကေဇင်၊ ပြီးတော့ ကုမ္ပဏီကိစ္စလည်း



www.burmeseclassic.com

www.burmeseclassic.com

ရှိသေးလို့"

"ဟာ . . ဒီလိုတော့ဘယ်ဟုတ်မလဲ၊ မောင်မင်းခန့်အလုပ်ကိစ္စတွေ အန်ကယ့်ကိုသာလွှဲခဲ့ အားလုံးရယ်ဒီ စီစဉ်ထားလိုက်မယ်"

"ကဲ သမီး မောင်မင်းခန့်ကို သမီးပဲ လိုက်ပို့ပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

သူ့အဖို့ငြင်းပယ်ဖို့ အခက်တွေ့ခဲ့ရ၏။ ကေဇင်ကျော်မှာတော့ သူ့မဆန္ဒပြည့်ဝသွားပြီမို့ ပျော်မဆုံးအောင်ဖြစ်နေသည်။



လှပလွန်းတဲ့ စစ်ကိုင်းတောင်ရိုးရှိ ရှုခင်းများတို့ သူစိတ်မဝင်စားအား။ ချိန်းဆိုထားမိသော coffee ဆိုင်ဝယ်သာမျှော်မျှော်ဖြစ်နေရှာမည့် နေခြည့်ရဲ့ဖြူဝင်းမွတ်နေတဲ့တော်ချာလေးကို မြင်ယောင်နေမိသည်။

"ကိုယ့်ကို ညာရက်လေသူလို့ မင်းကတော့ ထင်ဦးသော့မှာပဲနော် နေခြည်"

"ဟိတ် . . . ကို"

"ကေဇင့် တစ်ယောက်လုံး ဘေးမှာထားပြီး ဘာ



www.burmeseclassic.com

www.burmeseclassic.com



တွေများ စဉ်းစားနေတာလဲ၊ ကေဇင်ခေါ် နေတာ နှစ်ခါ ပြီ"

"ဟို . . . ဟို . . . ဆောရီးပဲ ကေဇင် ကိုယ်ကမှ... အကြောင်း တွေးနေမိလို့ပါ"

ကေဇင်ကမူ သူ့ဖြေရှင်းချက်အား မကျေနပ်နိုင် ချေ။ တစ်စုံတစ်ဦးနဲ့ ပတ်သက်နေတာ အတတ်သိ... သည်။

"ဘာလဲ . . ကို . . ကေဇင်နဲ့လည်ရတာ မပျော်... လား"

"မဟုတ်ပါဘူး ကေဇင်၊ ကေဇင်က တကူးတ... လိုက်ပို့တာ ကိုယ်က ကျေးဇူးတောင်တင်ရဦးမယ်"

"လျှောက်လည်ရတာ ပျော်ပါတယ်"

မှန်ရာကို ဝန်ခံလိုက်ဖို့သူ့မှာ အင်အားတွေယု... လျော့နေခဲ့၏။

သူ့ဒီလောက်ပဲ အမှုအရာတွေ ဖျက်နေခဲ့ပြီလား

"သိပါဘူး။ ကေဇင်ကတော့ တစ်ယောက်ယော...





...တို့များ သတိရနေသလားလို့"

"မဟုတ်တာကွာ။ ကိုယ့်မှာ ကေဇင်ကလွဲလို့ ဒီမြို့ ...ာ ခင်မင်ရသူမှ မရှိသေးတာ"

"တကယ်နော်။ ဒါဆို နေခြည်မိုးကျတော့ရော"

"သူလည်း မိတ်ဆွေပဲပေါ့"

"ဟင့်အင်း . . သူ့ကို ကို မခင်ရဘူး သူကမိဘအ ...အဝါနဲ့ မာန်တက်နေတာ။ သိမ်သိမ်မွေ့မွေ့လည်း ...ယ်တော့မှမရှိဘူး"

ကေဇင် ချိုးချိုးဖွဲ့ဖွဲ့ပဲ နှိပ်ကွပ်ပစ်လိုက်သည်။ ဒါမှပဲ ...ရင်ထဲမှာ ပေါ့ပါးသွားသလို။

နေခြည် မွေးနေ့ပွဲရောက်လာပြီးမှ သူ့ပုံစံတွေ ...ငင့် အပေါ် သိသိသာသာ ပြောင်းသွားခဲ့တာပင်။

နေခြည်နဲ့ ပတ်သက်ပြီး သူမ ရှုံးနိမ့်ဖို့ဆိုတာ မဖြစ် ...ပါလေ။



www.burmeseclassic.com

♥ ♥

ဒီတစ်ကြိမ်လည်း သူမရှုံးနိမ့်ခဲ့ပြန်ပြီလားကွယ်။

သူဒီအထိ လှည့်စားသွားဖို့တော့ မသင့်ပါဘူး

ဂျူလိုင်နှင့် ယုဇနပြောခဲ့တာတွေ မှန်နေခဲ့ပြီလား

ကွယ်။

"အဲဒီလူ မင်းနဲ့ပတ်သက်ပြီး လမ်းစရှာတာနေမှာ

ကွာ၊ မင်းကို ပညာထပ်ပြချင်လို့နေမှာပါ"

သူမဖက်က ဤကဲ့သို့တောင် ဖြေရှင်းချက်ထုတ်

သေးသည်။ ယခုသော်. . .။





"ကို ဆယ်နာရီလောက် ဆက်ဆက်ရောက်လာခဲ့

ဆယ်နော် နေခြည်"

ဟု ပြောသွားခဲ့ပေမယ့် ဆယ့်တစ်နာရီထိုးတဲ့အထိ

သူရောက်မလာမှ နေခြည်ပြန်ခဲ့၏။

သူတစ်ကယ်ပဲ လှည့်စားသွားလေပြီလား။

နေခြည်ကားကို စင်ဝင်အောက် ထိုးရပ်ပြီးတာနှင့်

အိမ်ပေါ် ပြေးတက်ခဲ့၏။

အခန်းထဲရောက်တော့ တင်းထားခဲ့သမျှ ဝမ်းပမ်း

တနည်း ငိုရှိုက်ပစ်လိုက်သည်။

သူမမှာတော့ မိန်းကလေးတန်မဲ့ ဟန်ဆောင်မှုပင်

ထားနိုင်ခဲ့။ သူမအား အလေးမထားခဲ့လျှင် တောင်မှ

အမေနှင့် ဘွားဘွားကို မိတ်တွေဘာတွေဆက်ပြီး အယုံ

သွင်းသွားတာ။

ရင်မှာ လွမ်းဆွေးမှုနှင့်အပြိုင် ဒေါသတွေကလည်း

လိမ့်လိမ့်နှင့်ပါ။

ရှုပ်လေးနှင့် မလိုက်အောင် တကယ်ပဲဟန်ဆောင်



www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ကောင်းခဲ့တာလားကွယ်၊ ရင်ခုန်လှုပ်ရှားမယ်မှ မကြီးသေး တဲ့ သူမနှလုံးအိမ်လေးက မုန်တိုင်းဒဏ်ပဲ ခံရတော့လေမ လား . . .။



# ၁၃၉

ဒီနေ့တော့ နေခြည်စိတ်ထဲလည်း မရှင်းတာ ... အခန်းထဲ အောင်းနေမိသည်။

"မြေးလေး နေခြည်၊ မျက်နှာလည်း မကောင်းဘူး၊ ...ထဲ သမီး နေများမကောင်းဘူးလား"

"ကောင်းပါတယ် ဘွားဘွား၊ မီးခေါင်းထဲ သိပ်မ ...ည်လို့"

မညာစဖူး အဘွားဖြစ်သူကိုပင် ညာမိတဲ့နေခြည်...
...ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဟော . . သမီးဂျူလိုင်၊ ဘယ်ကလှည့်လာသလဲ"

"ဒီကိုပဲလာတာ ဘွားဘွား နေခြည်မလာလို့"

ဘွားဘွားရှေ့မှာ အနေရခက်နေမိစဉ် ဂျူလိုင် ရောက်လာသဖြင့် အတော်ပဲဖြစ်သွား၏။

ဒါတောင် ဂျူလိုင်က ထင်မြင်ချက်ပေးနေသဖြင့် ဘွားဘွားရှေ့မှာ မနည်းကြီး ဟန့်တားလိုက်ရသေး၏။

"ဘွားမြေး နေခြည်မက ရည်းစားပူမိနေတာနေမှာ ပေါ့"

"ဂျူလိုင် ကောင်မစုတ်နော်။ နေခြည် ရည်းစားဆို လို့ မူးရင်တောင်ရှူစရာမရှိဘူး"

ဘွားအေလုပ်သူက ဘာမှ ဆက်မပြောဘဲ အခန်း ထဲမှ ထွက်သွား၏။

မြေးမလေး နေခြည်ကို ဒီအတွက်တော့ စိတ်ချမိ၏။ ဟော့ဟော့လေး နေတတ်တာကလွဲရင် ယောကျ်ား လေးများနှင့် ရှုပ်ရှုပ်ယှက်ယှက်မရှိချေ။

ဟိုဘက်အိမ်က ကေဇင်ကျော်ဆို[illegible]ဘာသာ ရှင်



ကလေးက ယဉ်သလိုလိုနဲ့ ယောကျ်ား လေးဆို ဟောတစ် ယောက်၊ ဟောတစ်ယောက် ထည်လဲတွဲတတ်၏။ ဒါကို သမီးကြည်ပြာမိုးက တစ်ခါတစ်ခါ သမီးနေခြည်နဲ့နှိုင်းပြီး အိုးကျူးနေသေးတော့တာ။ ဒေါ်သိန်းသိန်းမိုးကတော့ တိုယ့်မြေးဘက်ကပဲနာပါ၏။

အဘွားလုပ်သူ အပြင်ထွက်သွားမှ ဂျူလိုင် နေခြည့် အနားသို့ ပြောင်းထိုင်ရင်း . . .

"နင်ကို ငါပြောမလို့ နေခြည် ဒါပေမယ့် ပြောရမှာ လည်း အားနာတယ်ဟာ"

ဂျူလိုင့်ပုံစံက ပြောရမှာတကယ်ပဲ အားနာနေပုံ။

"ဘာလဲဟ နင့်စကားကပြောချင်တာပဲပြောပေါ့ ငါ ဘာ အားနာရမှာလဲ၊ ခုမှ ရေးကြီးခွင်ကျယ်လုပ်လို့"

"အေးပါ။ နင့်တစ်ယောက်ထဲကတော့ ဘာအ ကြောင်းလဲဟာ၊ ခုဟာက ဟိုလေ . . နင့်လူ မင်းခန့်ညားနဲ့ ပတ်သက်နေလို့ဟ"

"ဟင် . . ဘယ်လို . . သူနဲ့"



www.burmeseclassic.com

www.burmeseclassic.com



နာကျင်ချင်ပေမယ့် ရင်ခုန်သံတို့က ဘာကြောင့်များ မြန်ဆန်နေရတာလဲကွယ်။

အိပ်ယာထဲ လဲလျောင်းနေရာမှ ချက်ချင်းထထိုင်မိတဲ့အထိ။

"အေး . . ဟုတ်တယ်။ မင်းခန့်ညားကို ငါတွေ့ခဲ့တယ်။ သူတစ်ယောက်တည်းတော့ မဟုတ်ဘူး၊ ကေဇင်ကျော့ ကားပေါ်မှာ တွေ့လိုက်တာဟဲ့"

"အေးလေ . . သူက ကေဇင်ကျော့အိမ်မှာ တည်းတာဆိုတော့ ဟိုသွားဒီလာတော့ ရှိမှာပေါ့ဟဲ့"

ဂျူလိုင် မပြောခင် ကိုယ်ကသူ့ဘက်မှ ထုချေလွှာပေးမိတော့ဂျူလိုင် မျက်နှာပျက်သွားကာ . . .

"အွန်း . . . ခက်တာပဲ။ နင်ပြောတာ ငါသဘောပေါက်တယ် နေခြည်၊ ခုဟာက အဲဒီလိုမဟုတ်ဘူးဟ၊ ကားပေါ်မှာ ဘေးချင်းယှဉ်ပြီး ပြုံးလို့ရယ်လို့ဟ။ သမီးရည်းစား အတွဲတွေ လျှောက်လည်နေကြတဲ့ပုံ"

"ဘာ . . . ဘာရယ်"





နားကြားများ လွဲရော့သလား။ သူ့မျက်နှာများလိမ့်မယ်လို့ ထင်မထားမိခဲ့။

"နင့်လူက ငွေနဲ့တူပါတယ်ဟာ။ နင့်ကိုလည်း အကြံနဲ့ လာလုံးတာနေမှာ"

"အဲဒီလိုတော့ မပြောနဲ့ဟာ၊ သူနဲ့ငါ ဘာမှမဆိုင်သေးဘူး"

"ရင်းနှီးဖူးတာတောင် တစ်ခါပဲရှိသေးတယ်"

"အေးပါ . . . ငါကလည်း စေတနာနဲ့ ပြောပြတာပါ။ နင် ဆွေးကျန်ခဲ့မှာစိုးလို့"

"အဝေးဆုံးပဲ ဂျူလိုင်။ သူနဲ့ငါ ဘာမှမဆိုင်သေးဘူး"

ပြောသာပြောလိုက်ရပေမယ့်လို့ သူ့မျက်နှာကို မြင်ယောင်ပြီး နှလုံးသားက နာကျင်နေသလိုလိုပါ . . .။

♡ ♡



www.burmeseclassic.com

www.burmeseclassic.com



"တိ . . တိ . . တိ"

သူမ အောက်ထပ်ဆင်းလာမှ တယ်လီဖုန်းက တတီတီမြည်လာ၏။

မေမေ့တယ်လီဖုန်း ထင်ပါရဲ့။ မေမေ့ အလုပ်ကိစ္စနဲ့ ပတ်သက်တာကလွဲလို့ သူမထံသို့လည်း အပေါင်းအသင်းများက ဆက်လေ့တော့မရှိ၊ အကြောင်းရှိရင် ကိုယ်တိုင်ရောက်လာကြတာများသည်။

မေမေလည်း အနားမှာမရှိတာမို့ နေခြည်





တယ်လီဖုန်း ကောက်ကိုင်လိုက်တော့ ထင်မှတ်မထားသူ ဖြစ်နေ၏။

"ဟယ်လို . . အမိန့်ရှိပါရှင်"

"နေခြည် လားဟင်"

သတ္တုသံစွက်နေတဲ့ သူ့အသံကို သူမလည်း ကောင်းစွာမှတ်မိနေသလို သူကလည်း သူမအသံကို ကောင်းကောင်းကြီး မှတ်မိနေပုံရသည်။

"နေခြည် ကိုယ်မင်းခန့်ညားပါ နေခြည့်ကို ကိုယ် ဟိုနေ့က အဖြစ်ကို တောင်းပန်ချင်လို့"

"မလိုပါဘူး၊ အလုပ်များနေလို့ ပြောမလို့မတတ်လား"

"တ . . . တကယ်ပါနေခြည် . . ကိုယ် . ."

"ဟင့်အင်း . . ဆက်မပြောနဲ့ ကျွန်မဘာမှ မကြားချင်သလို ရှင်နဲ့ပတ်သက်ဖို့လည်း မရှိတော့ဘူး"

"ဟာ . . မဟုတ် . . နေခြည် . . ကိုယ် . . ကိုယ်"

သူ့ရှင်းပြသံအား နေခြည် မကြားလိုစွာပင် ဖုန်းကိုချ



www.burmeseclassic.com

www.burmeseclassic.com

ပစ်လိုက်သည်။

ရင်ထဲမှာ ဘာကိုအလိုမကျမှန်း စဉ်းစားလို့မရ။

တယ်လီဖုန်းစင်နားမှ လှည့်ထွက်မည်အပြု မေမေ့အသံက အချိန်မီစွာနေခြည့်နောက်မှလိုက်ပါလာ၏။

"သမီးနေခြည် ခဏလာပါဦး။ မေမေစကားပြောချင်လို့"

"ဟုတ် . . . မေမေ"

အကြောင်းကိစ္စ တစ်စုံတစ်ရာ မရှိဘဲနှင့်တော့ မေမေ ဤသို့ပြောလေ့မရှိ။

မေမေ ဘာများပြောမလို့ပါလိမ့်။

မေမေ့ရှေ့ဆက်တီမှာ အသာဝင်ထိုင်ရင်း သူမခေါင်းမှဦးနှောက်တို့ကို ချက်ချင်းအလုပ်ပေးထားလိုက်ပါသည်။

လက်နှစ်ဖက်ကို ဆုပ်ကိုင်လျက် နားစွင့်နေမိသည်။

"မေမေ မေးတာမှန်မှန်ဖြေနော် သမီး"

"ရှင် . . ဟုတ် . . ဟုတ်ကဲ့"





ရင်ထဲမှာ တထိတ်ထိတ် . . .

"သမီးနဲ့ မင်းခန့်ညား ဘယ်လောက်အထိ ရင်းနှီးနေကြပြီလဲသမီး"

မါးစပ်ကမေးသလို မျက်လုံးများကလည်း သမီးဖြစ်သူကို အကဲခတ်နေ၏။

ဒီမေးခွန်းမျိုး သမီးဖြစ်သူအား မမေးချင်။

ယောကျ်ားလေးများနှင့် ကင်းကင်းရှင်းရှင်းရှိခဲ့တာ သူမကိုယ်တိုင် အသိဆုံးပါပဲ။ ဒါပေမယ့် အခုကိစ္စမှာဖြင့် တစ်ဖက် အသိုင်းအဝိုင်း၏ ပုတ်ခတ်ပြောဆိုခံရမှာကို စိုးနေမိသလို မှားယွင်းသွားမှာလည်း စိုးပါသည်။

ရင်မှာ ဗြောင်းဆန်သွားသည်။ သူနဲ့ပတ်သက်လာသောကြောင့် နေခြည် ဘာဖြေရမှန်းမသိ။ ပြီးတော့ သူနဲ့နေခြည်ဘာမှလည်း ဖြစ်ကြသေးတာမှ မဟုတ်တာလေ။

နေခြည်အသံကို ထိန်းရင်း . . .

"သမီးတို့ မိတ်ဆွေသူငယ်ချင်း အဆင့်ပါပဲမေမေ"

"ဟုတ်ပြီ ထားပါလေ၊ ညှိသည်သူငယ်ချင်းကို ဟို



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုက်ပို့တာ မေမေဘာမှမပြောလိုပါဘူး။ ဒါပေမယ့် မိန်းကလေးတစ်ယောက်အနေနဲ့ အခြေအနေ၊ အချိန်အခါဆိုတာရှိတယ် သမီး"

"သမီးဟာ မိန်းကလေး ဆင်ခြင်ရမယ်"

မေမေ့စကားက ဘာကိုပြောမည်ကို အစပျိုးနေသလိုမို့ သူမက ဆန္ဒစောစွာနှင့်ပဲ . . . .

"ပြောပါ မေမေ။ သမီးဘာတွေ ဆင်ခြင်ရမှာလဲ"

"ကြိုက်တယ်သမီး မေမေကလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောချင်တာ။ ဒါပေမယ့် သမီးမေမေ့ကို အထင်လွဲမှာ စိုးလို့"

"မလွဲပါဘူး မေမေ"

"အေး . . ဒီလို သမီး၊ သမီးနဲ့မင်းခန့်ညားး နီးစပ်သွားမှာကို မေမေမလိုလားဘူးသမီး"

"ဘာလို့လဲဆိုတော့ မင်းခန့်ညားဟာ ကေဇင်ကျော်နဲ့ စေ့စပ်မှာမို့လို့ပဲ"

"မင်းခန့်ညားနဲ့ သမီးသာ ဖြစ်သွားကြရင် ပြောလာ





ကြမယ့် စကားတွေက သမီးသဘောပေါက်မှာပါ။ မူမူနိုင်နဲ့ မေမေဟာ စီးပွားဘက်ဆိုတာသမီးအသိ။ ဒီတော့ သမီးနောင်ကို မင်းခန့်ညားနဲ့ မပတ်သတ်ပါနဲ့တော့နော်"

"ကဲ . . . မေမေလည်း အလုပ်သွားဦးမယ်"

မေမေပြောပြီး ထွက်သွားပေမယ့် နေခြည်ငေးငိုင်ပြီး ကျန်ရစ်ခဲ့သည်။

သူနဲ့ နေခြည်ပတ်သက်မှုတွေက ဒီမှာပဲလမ်းဆုံးပြီထင်၏။

ဒါပေမယ့် ကေဇင်ကျော်နှင့် နီးစပ်သွားမှာကိုတော့ စိုးရွံ့မိနေသလိုလို . . . ။



www.burmeseclassic.com

www.burmeseclassic.com



ရင်မှဖြစ်လာသော ဆန္ဒတို့က ရတာမလို၊ လိုတာမရ အဖြစ်မျိုး ကြုံကြိုက်နေ၏။

ရင်မှာ သို၀ှက်စွာ နေရာယူနေသူက နေခြည်။ အနီးကပ် လာရောက်တွယ်ငြိနေသူက ကေဇင်ကျော် ဖြစ်နေ၏။

သူ့ဆန္ဒ၏ ဆန့်ကျင်တဲ့ဘက်မှာ ကေဇင့်အပေါ် မိတ်ဆွေ ဦးဖာက်ထွန်းအောင် သမီးအဖြစ်နဲ့ ဆက်ဆံနေရပေမယ့် နေခြည့်ကိုသာ တမ်းတနေမိတော့တာ။





နေခြည်နဲ့ သူချိန်းထားသော ရက်မှာ ကေဇင့်ကြောင့် ပျက်ခဲ့ရသဖြင့် နေခြည်စိတ်ဆိုးသွားမည်ကို အစိုးရိမ်ကြီးစိုးရိမ်နေပေမယ့် မင်းခန့်ညားအဖို့ နေခြည်နှင့် တွေ့ဆုံဖို့ အပြင်ထွက်မရနိုင်အောင် ကေဇင်ကျော်က တွယ်ကပ်နေတော့တာပါ။

ယခုလည်း ကေဇင်ကျော် သူ့မအားမနေနှင့် အပြင်ထွက်တုန်း နေခြည်တို့အိမ်ဘက် ထွက်ခဲ့လိုက်၏။

နေခြည်နဲ့ တွေ့ပြီး တောင်းပန်ဖို့ပါ။

ခြံရှေ့ရောက်တော့ တံခါးက အဆင့်ပွင့်နေတာမို့ အိမ်ထဲ တန်းပြီးဝင်လာခဲ့၏။

ဘာကြောင့်မှန်းမသိ။ ဒီတစ်ခေါက် နေခြည့်ဆီအလာမှာတော့ ရင်တစ်ခုလုံး ပြောင်းဆန်နေပါသည်။

အိမ်ရှေ့ရောက်လာတဲ့အထိ လူရိပ်လူယောင်မတွေ့ သဖြင့်ခြံထဲ ဟိုဒီကြည့်မိတော့ ဒါန်းစီးရင်း စာဖတ်နေသော နေခြည့်အား တွေ့ရသဖြင့် အနီးသို့ တိုးလာခဲ့၏။



www.burmeseclassic.com

"နေခြည်"

"ဟင် . . ရှင် . . ရှင် ဘာလာလုပ်တာလဲ"

အနီးကပ်ပြီး ခေါ်လိုက်တာမို့ သူမလန့်သွားမိသည်။

သူ . . သူ . . မင်းခန့်ညားး။

သူနှင့် နေခြည် ဘာပတ်သက်စရာရှိတော့လို့လဲ အခွင့်အရေးသမား၊ ရုပ်ကလေးသနားကမားနဲ့ ဘယ်တော့မှ ဒီလိုလူမျိုးနဲ့ မပတ်သက်တော့ဘူးလို့ ဆုံးဖြတ်ထားခဲ့တာ။

အိမ်မှာ မေမေရောဘွားဘွားပါ အပြင်သွားကြလို့ တော်သေးတာပေါ့။

"ရှင် ဘာလာလုပ်တာလဲလို့ မေးနေတာမကြားဘူးလား"

ဒေါသတို့ဖြင့် သူမလေသံက သိသိသာသာမာတင်းနေသည်။

"ဟို . . . ကိုယ် နေခြည့်ကို ဟိုနေ့က ကိစ္စ





တောင်းပန်မလို့ပါ၊ ကိုယ်အလုပ်ကိစ္စတွေ များသွားလို့လားဖြစ် . . ."

"တော် . . တော် . . ရှင် ဘာမှလာပြောမနေနဲ့၊ ခု ကျွန်မခြံထဲက ထွက်သွားနော်"

"ကိုယ်မသွားဘူး နေခြည်၊ နေခြည်ကျေနပ်တဲ့အထိ ကိုယ်တောင်းပန်မှာပါ"

"သွား . . မလိုဘူး။ ရှင်အခုထွက်သွား"

ဂျူလိုင်ပြောပြလို့ သူနှင့် ကေဇင်ကျော် ပျော်ပျော်ပါးပါး လျှောက်လည်နေတဲ့အချိန်မှာ သူမကတော့ဖြင့် နေစောင်းတဲ့ အထိတမျှော်မျှော်နဲ့ ဒုက္ခတွေခံခဲ့လိုက်ရတာပါ။

ဘယ်လိုမှ ကျေနပ်ဖွယ်မရှိ။ ဒါတင် မကသေးမေမေနဲ့ ဘွားဘွားကိုပင် အယုံသွင်းသွားသေးတာ။

သူမနှင့်အပြိုင် ကေဇင်ကျော်နဲ့ ပတ်သတ်မယ့်သူဆိုမှတော့ ပိုပြီးတောင် ဒေါသဖြစ်လာ၏။

"ရှင့်ကို ပြန်လို့ပြောနေတယ်နော်"

www.burmeseclassic.com



အပြောင်းလဲကြီး ပြောင်းလဲနေသော နေခြည့်ကို ကြည့်ပြီး မင်းခန့်ညား မချိမဆံ့ဖြစ်လာရသည်။

"မလိုဘူး . . ။ မရှင်းပြနဲ့။ ဘာမှ လာမရှင်းပြနဲ့။ ရှင့်အသံလည်း မကြားချင်ဘူး။ မျက်နှာလည်း မကြည့်ချင်ဘူး။ ကျွန်မခြံထဲကသာ ရှင်ထွက်သွား"

"မသွားနိုင်ဘူး နေခြည်"

"ရှင်စာကယ် မသွားဘူးလား"

နေခြည်အသားတွေ တုန်တဲ့အထိ ဒေါသတွေဖြစ်နေမိပါပြီ။

"ဒီလောက် မသွားချင်လှတာ ကဲဟယ် . . တဲ . . တဲ"

"ဒုတ် . . . ဒုတ်"

"အ . . . အ"

ထင်မှတ်မထားသော အဖြစ်မို့ မင်းခန့်ညား ဘယ်လိုမှ ရှောင်တိမ်းချိန် မရလိုက်တော့ . . .

နေခြည် သူမအနီး အသင့်တွေ့တဲ့ ပေါက်တူးရိုးနဲ့





လွှဲရိုက်လိုက်တာ ခေါင်းကိုတည့်တည့်ကြီး ထိမိပြီး မျက်စိထဲ ပြာဝေသွားကာ လဲကျသွားတော့၏။

"ဘုန်း"

"ဟယ် . . ဘုရား . . ဘုရား ငါ လက်လွန်သွားပြီနဲ့ တူတယ်။ ဒုက္ခပဲ"

"ကိုမင်းခန့် . . . ကိုမင်းခန့်"

သူမ အားကုန်လွှဲရိုက်လိုက်တဲ့ ဒုတ်ချက်က အင်မတန်မှ ပြင်းလွန်းသည်။

လှုပ်ကိုင်နှိုးနေပေမယ့် သူတော်တော်နှင့် သတိမရ။ သူမ့ရင်ထဲ ဗလောင်ဆူလာသည်။

မင်းခန့်ညားသာ တစ်ခုခုဖြစ်သွားရင် ဆိုတဲ့အတွေးသာ ချက်ချင်း သူမခေါင်းထဲဝင်လာ၏။

"ဘုရား . . ဘုရား . . ဒုက္ခပါပဲ၊ ဘယ်သူမှမရှိဘူး၊ ငါဘယ်လိုလုပ်ရမလဲ"

မေမေနဲ့ ဘွားဘွားရော ဒရိုင်ဘာကိုစိုးရော အိမ်မှာမရှိကြ။ ခြံစောင့် လူကိုကလည်း ခွင့်ယူပြီးပြန်သွားတာ



www.burmeseclassic.com

သုံးလေးရက် ရှိသွားပြီ။

"အိမ်ထဲကို အရင်ပို့မှဖြစ်မယ်"

နေခြည် အတွေမျှားနှင့်အတူ မင်းခန့်ညားကို မနိုင်မနင်းပွေ့ချီလျက် ဧည့်ခန်းဆိုဖာ ဆက်တီပေါ်သို့ ပွေ့ချီခဲ့၏။

ထို့နောက် သူသတိပြန်လည်လာစေရန် ကြိုးစားကြည့်သည်။ မထူးခြား။

"အသက်မှရှုသေးရဲ့လား"

လက်တလော သူမသိတာက မင်းခန့်ညားသတိပြန်ဝင်လာဖို့ပဲ ဖြစ်၏။

သူသာသေသွားလျှင်. . . ဆက်ပြီးမတွေးရဲ။

ဘယ်လိုလုပ်ရမှာပါ။ မှားသည် မှန်သည်မစဉ်းစား။ နောက်ဆုံးကျောင်းသားဘဝက ရှေးဦးသူနာပြုစုနည်းတို ချက်ချင်းသတိရလိုက်၏။ (မောက်စ်တူမောက်စ်) ပါးစပ်ချင်းတေ့မှုတ်ပြီး နှလုံးခုန်ပြီး သတိရအောင် လုပ်ပေးသောနည်း။

ရှိုင်းစာပေ



ဤနည်းကလွဲပြီး အခြားလည်းမရှိတာမို့ နေခြည်မင်းခန့်ညားနှင့် ပါးစပ်ချင်းအပ်ပြီး လေမှုတ်သွင်းနိုင်ဖို့ ကြိုးစားရတော့၏။

ပထမတစ်ကြိမ်။

မင်းခန့်ညား အနည်းငယ် လွန်းလွန်းလှုပ်ရှားလာ၏။

"ဟော . . . သူလှုပ်လာပြီ၊ နောက်တစ်ကြိမ်ဆို သတိပြန်ရလာမှာပဲ"

နေခြည်ဝမ်းသာသွားလျက် နောက်တစ်ကြိမ် ကြိုးစားကြည့်ပြန်၏။ အချိန်မည်မျှကြာသွားမှန်းလည်း တစက်မသိလိုက်တော့. . ။

"ဟင် . . နေ . . နေခြည် ဒါ . . ဒါ . . ဟင်"

"မင်းခန့်ညား မိုက်လှချည်လားသမီး၊ မေမေအတန်တန် မှာထားပါရက်နဲ့"

ရှိုင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

အားလုံးကို နေခြည်သတိထား မိချိန်မှာတော့ မင်းခန့်ညားက သတိရလျက် ကယောင်ကတမ်းဖြင့် သူမအား မြန်လို့ဖက်တွယ်ထားခဲ့သလို မေမေနှင့်ဘွားဘွား။ ပြီးတော့ မေမေ့စီးပွားရေးညွှန်သည်များ။

သူမနှင့် မင်းခန့်ညားကို တအံ့တဩကြီး ဝိုင်းကြည့်နေကြ၏။

ကြည့်လည်းကြည့်ချင်စရာ။ သူမတို့အဖြစ်က သမီးရည်းစား နှစ်ကိုယ်ကြား ကလူကျီးစယ်နေကြတဲ့ပုံ ပေါက်နေမှာ အမှန်ပါပဲ။

မေမေ့မျက်နှာမှာ ဒေါသတွေ အလိပ်လိပ် တက်နေတာ သူမသိနေသည်။

နေခြည် ချက်ချင်းသတိဝင်လျက် ဖြေရှင်းဖို့ ကြိုးစားကြည့်သေး၏။

"ဟင့်အင်း . . . မဟုတ်ဘူး မေမေ၊ သမီး . . . သူ . . . သူကို"

"တော် . . . တော်စမ်းသမီး မေမေ့ကို ဘာမှထပ်





မပြောနဲ့၊ သမီးတို့ချင်း ဒီလောက်မျက်စိနှင့် တပ်အပ်မြင်နေတာ။ မေမေမေးကတည်းက အမှန်အတိုင်း ဖွင့်ပြောဖြလိုက်ပါလား၊ မိုက်လိုက်တဲ့သမီး"

"မောင်မင်းခန့် မင်းလည်းလိုတယ်၊ ကိုယ့်ချစ်သူကို ပိုင်ဆိုင်ချင်တာများကွာ ငါတို့မိဘတွေကို ရဲရဲတင်းတင်း ဖွင့်ပြောရောပေါ့ကွာ"

မင်းခန့်ညားလည်း သတိရကာစမို့ ဘာကစပြောလို့ ပြောရမှန်းမသိ။ သူ့အနီးမှ တရှုပ်ရှုပ်ငိုနေသော နေခြည့်ကိုလည်း အားနာသနားမိ၏။

အခြေအနေက ဖြေရှင်းလို့မရနိုင်။ သူဖြေရှင်းပြလို့ တော့ ဒေါ်ကြည်မြာမိုးတို့ ယုံကြည်မှာမဟုတ်။ ပြီးတော့ ကိုယ့်ကိုယ်ကို ရှန်းထွက်ဖို့ထက် နေခြည့်ရဲ့မိန်းကလေး အရှက်နဲ့ သိက္ခာကိုငဲ့ကွက်ရသေးသည်မို့ နောင်ခါလာ နောင်ခါချေး။

ဒီအတိုင်းပဲ ငြိမ်နေလိုက်တော့သည်။

"သမီးကြည်မြာ ညွှန်သည်တွေလည်းရှိ ငါ့မြေး



www.burmeseclassic.com

www.burmeseclassic.com

လည်း စိတ်ဆင်းရဲနေပါ့မယ်ကွယ်၊ ဖြစ်လာကြပြီဆိုမှတော့ မြည်တွန်တောက်တီးနေလည်း လူကြားရုံရှိမှာ၊ ကိုယ့်သားသမီး ဆိုးဆိုးကောင်းကောင်း မိဘက အကောင်းဆုံးဖြစ်အောင်တော့ စီမံပေးရမှာပေါ့ကွယ်"

ဒေါ်ညွှန့်သည်တွေရှေ့မှာ ဒေါ်ကြည်ပြာမိုး ဆက်ပြီးဆူနေလို့လည်း ကိုယ့်သားသမီးပဲ အရှက်ရမှာကို သိနေ၏။

"သမီးလည်း ဒီအတိုင်းပဲ စီစဉ်ထားပါတယ်မေမေ၊ တိုးတိုးတိတ်တိတ် မင်္ဂလာပွဲပဲလုပ်လိုက်တာပေါ့"

"သိပ်ကြီးကျယ်နေရင် ဦးတက်ထွန်းအောင်တို့ ဒေါ်မူမူနိုင်တို့ကို စော်ကားသလို၊ ကြွားသလိုဖြစ်နေမှာ"

"အေး . . အေး ငါ့သမီး ကောင်းသလိုသာ လုပ်တော့၊ ကဲ . . မြေးလေးနေခြည်၊ ငိုမနေနဲ့တော့ကွယ်၊ သမီးတို့ ချစ်ခြင်းကို ဘွားဘွားတို့ မခွဲပါဘူးကွယ်"

နေခြည့်အဖို့ ငိုရှိုက် ရုံကလွဲပြီး ဘာများတတ်နိုင်မှာလဲလေ။

သို့ပေမယ့် ခါးခါးသီးသီး မေမေနဲ့ဘွားဘွားကို ငြင်းဆန်ဖို့ကျတော့လည်း သူမ ဘာကြောင့်များ အားနည်းခဲ့ရတာလဲ။

သူမစိတ်ထဲမှာ သေချာတာတစ်ခုက မင်းခန့်ညားကို သူမကိုယ်၌က မသိစိတ်ထဲမှာ စွဲလန်းရင်ခုန် မြတ်နိုးနေခဲ့ရတာမို့ပင်ဖြစ်သည်။

♡ ♡






www.burmeseclassic.com

www.burmeseclassic.com



"တောက် . . ဒါသက်သက် လူပါးဝတာ ကြည်ပြာ၊ ကြည်ပြာ နင်ဟာ ငါ့ဘဝတစ်လျှောက်လုံး ဘာမှကို ကောင်းကျိုး မပေးခဲ့ပါလားဟယ်"

"ငါ့သမီးနဲ့ မင်းခန့်ကို နေရာချထားမယ်ဆိုမှ ဒင်းက သမီးနဲ့မှားပြီး အပိုင်ချည်လိုက်တာ"

"အောက်ကို . . ဒင်းကို တစ်သက်မကျေနပ်ဘူး"

ဧည့်ခန်းထဲတွင်ဒေါ်မူမူနိုင်နှင့် သမီးဖြစ်သူ ကေဇင် ကျော်တို့ပြင်းစွာ ပေါက်ကွဲနေတာကိုကြည့်ပြီး ဦးတာတ်





ထွန်းအောင်တစ်ယောက် စိတ်အပျက်ကြီးပျက်နေမိသည်။

"တိုးတိုးသက်သာလည်း ပြောပါမူရာ၊ မင်းဟာက ခုနစ်သံချီပြီး အောလူကြားရင် ဘယ်လောက် ရှက်ဖို့ကောင်းလဲ"

"မင်းမှမဟုတ်ဘူး၊ ငါကိုယ်တိုင်လည်း မင်းခန့်ကို အစွမ်းအစရှိတဲ့သူဆိုပြီး သမီးကေဇင်နဲ့ နီးစပ်သွားစေချင်တာ။ သူတို့ချင်းကမှ နှစ်သက်လို့ နေခြည်နဲ့ အကြောင်းပါသွားတာ။ ကိုယ်က ဘာမကျေနပ်စရာရှိလဲကွာ"

"အို . . . ကိုထွန်းက ဘာသိလို့လဲ . . ။ဒါ မူမူတို့ကို ကြည်ပြာက လက်တစ်လုံးကြားကပ်ပြီး အနိုင်ယူသွားတာ မူမူ သိတာပေါ့။ မူမူတို့သမီးနဲ့ မောင်မင်းခန့်ကို စေ့စပ်မယ်ဆိုတာ အားလုံးက သိပြီးသား ဒါကို သူ့သမီးနေခြည်နဲ့မှားပြီး မောင်မင်းခန့်ကို အပိုင်ဖမ်းလိုက်တာ . . ."

ခုချိန်မှာ ဒေါ်မူမူအတွက် နေခြည်တို့မိသားစုအား အက်ထဲမှာ ကိုင်တွယ်ပြီး အမှုန့်ချေလို့ရက ချေပိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်လေ။

တကယ်ဆို သမီးလေး တေဇင်နဲ့ ကုမ္ပဏီသူဌေး မင်းခန့်ညားကို ဒေါ်မူမူနိုင် တကယ်ပဲဖြစ်စေချင်ခဲ့၏။ သမီးငယ်ရဲ့ဘဝကို အစစပြည့်စုံစေချင်တာဟာ မိဘများရဲ့ ဆန္ဒမဟုတ်လား။

ခုတော့ဒေါ်မူမူနိုင်ရည်မှန်းထားသမျှ သဲထဲရေသွန်သလိုအရာမထင်တော့။

ဒါတင်မကသေး၊ မိတ်ဆွေအပေါင်းအသင်းများကြား သူမဘယ်လို မျက်နှာပြရပါ့မလဲ၊ ဒါကိုပဲ အဖေလုပ်သူ ကိုယ်တိုင်က ဟိုတစ်ဖက်ကို မဲပါနေသလိုကြီး ပြောနေတော့ ငုံးဆူးဒေါသက ရင်မှာအခံရခက်နေရသည် မို့လား . . .။

"ခုကိစ္စက သူ့သမီးနဲ့တင် ပြီးတာမဟုတ်ဘူး၊ ကြည်ပြာကိုယ်တိုင်က စီးပွားတွက်တွက်ပြီး အပိုင်တွယ်လိုက်တာ၊ ဒင်းကို ဘယ်တော့မှ ကျေမှာမဟုတ်ဘူး"

တွေးကြည့်လေ ဒေါသဖြစ်လေနှင့် အပေါက်တွဲ





ကြီး ပေါက်ကွဲနေသော ဇနီးမူမူနိုင်ကိုကြည့်ပြီး စိတ်မသက်သာဖြစ်နေရသူက ဦးတက်ထွန်းအောင်ပါ . . .။

သူလည်း ဖခင်တစ်ယောက်အနေနဲ့ သမီးလေးအက်တ စိတ်မကောင်းတော့ ဖြစ်ခဲ့မိတာပင်။

သို့ပေမယ့် ဒါကိုအပြစ်ပြောနေလို့ကတော့ ထူးခြားလာမယ်တဲ့လား။

ဖူးစာဆိုတာကလည်း ရေစက်ဆုံမှ ညားနိုင်တာမို့အတွက် မင်းခန့်ညားကို အပြစ်မမြင်သလို ကြည်ပြာမိုးတို့ကိုလည်း ဘာသဘောထားမှမပြောင်းလဲခဲ့ချေ။

"အေး . . . မင်းအခုဒီလိုသာ သူတစ်ပါးကို အပြစ်ညည်းမြင်နေမယ်ဆို စီးပွားလည်း ဖြစ်မှာမဟုတ်တော့ဘူး ပြီးခဲ့တာ စားမြုံ့ပြန်နေတော့ကော ဘာထူးမှာလဲ"

"ထူးတယ်တော့ ထူးတယ်၊ ကျွေကိုမကျေနပ်တာ၊ အဲဒီ မင်းခန့်ညားထက် သာတဲ့လူတစ်ယောက်နဲ့ ငါ့သမီးကို အမြန်ဆုံးပေးစားပြမယ်"

"တော် . . . တော်ကြပါတော့ ဖေဖေနဲ့မေမေရယ်၊



www.burmeseclassic.com

www.burmeseclassic.com



သမီးကြောင့် ဖေဖေနဲ့မေမေပါ စိတ်ဆင်းရဲနေရတာပါ"

တစ်ချိန်လုံး ငြိမ်နားထောင်နေခဲ့သော ကေဇင်ကျော် ရင်ထဲမှာလည်း မွန်းကျပ်လွန်းလှပြီမို့ အခန်းထဲ ပြေးဝင်ကာ ငိုချလိုက်သည်။

ကုတင်ဘေးစားပွဲပေါ်မှ မင်းခန့်ညားနှင့် နေခြည်ဦး တို့၏ မင်္ဂလာဆောင်ဖိတ်စာကလေးက သူမအားပြောင် လှောင် နေသယောင်။

"တောက် . . . ဒီလောက်တောင် ဖြစ်လှတာ"

"ကဲဟယ် . . . ကဲ . . . ကဲ"

"ဖျို . . ဖျို . . ဖျို"

ဖိတ်စာစာရွက်ဖြူဖြူလေးက ကြမ်းပြင်ပေါ်တွင် စိတ်စိတ်အမွှာမွှာဖြစ်လျက် မွစာကြဲသွားသလို ရင်ထဲ သူမနှလုံးသားများမှာလည်း ဖိတ်စာစာရွက်နဲ့ အပြိုင် စိတ်စိတ်အမွှာမွှာ ကြေမွလျက်ရှိ၏။

တကယ်ဆို ဖိတ်စာ စာမျက်နှာပေါ်မှာ ကေဇင် ကျော် ဆိုတဲ့ သူမနာမည်လေးသာဖြစ်နေရမှာ





ခုတော့ . . ။

ဆုံးရှုံးရပြီဆိုပါမှ မင်းခန့်ညားဆိုတဲ့သူ့အပေါ် သူမ ဘယ်လောက်တောင် နှစ်နှစ်ကာကာ ချစ်နေမိတယ်ဆို တာ သိလာရပါသည်။

"နေခြည် . . နေခြည် . . ငါ့နှလုံးသားကိုမှ ရက် ရက်စက်စက် ခွဲထုတ်ယူသွားတဲ့နင့်ကို တစ်သက်လုံး မ ကျေနပ်ဘူးဆိုတာ သိထားလိုက်စမ်းပါ။ လူဆိုတာ အရှုံးနဲ့ ချည်း ရင်ဆိုင်နေရတာ မျိုးမှမဟုတ်တာ"

"တစ်ချိန်မှာ ကေဇင်ဘာဆိုတာ သိရမှာပါလေ"

နာကျင်မှုနဲ့အတူ သူမစိတ်ထဲ ကျိန်းဝါးနေမိ၏။ အဖြစ်အပျက်က ခံရခက်လွန်းလှသည်လေ . . ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ချစ်သူနဲ့ ပေါင်းဖက်ရခြင်းမှာ ကျေနပ်ပျော်ရွှင်စရာကောင်းလှပေမယ့် တကယ်တမ်း ယောင်နောက်ဆံထုံးပါ လိုက်ရမယ်ဆိုတော့ နေခြည်မေမေနှင့်ဘွားဘွားကို မခွဲနိုင်ပြန်။

"မေမေရယ်သမီး မောင်နဲ့လိုက်မသွားချင်ဘူး၊ မေမေတို့နဲ့ပဲ နေပါရစေနော်"

"သမီးရယ် . . . ရန်ကုန်ဆိုတာ နီးနီးလေးပါကွယ်၊ မောင်မင်းခန့်ကလုပ်ငန်းတွေ ပစ်ထားခဲ့ရတာလေ၊ ကိုယ့်





တာ ကလေးမှမဟုတ်တော့ဘဲကွယ်"

"နေခြည်ကလည်းကွာ အန်တီတို့ ဘွားဘွားတို့ စိတ်မကောင်းဖြစ်နေမှာပေါ့၊ မောင်အနားမှာ ရှိနေမယ့်တာ ဘာအားငယ်စရာရှိလဲ"

ဒေါ်ကြည်ပြာမိုးက အိမ်တစ်လုံး သီးသန့်စီစဉ်ပေးမယ့် မင်းခန့်ညားက လက်မခံဘဲ ရန်ကုန်ပြန်ဖို့သာ ပြောနေသဖြင့် ဒေါ်ကြည်ပြာမှာ သမီးဖြစ်သူကို စိတ်မချချင်ပေမယ့် မထည့်လို့ကလည်း မဖြစ်တော့ . . .။

ကိုယ်ချစ်ရတဲ့သူရဲ့ ရင်ခွင်မှာ ခိုလှုံပြီးမျှော်လင့်ပဲ အိမ်ထောင်ဖက်ယည်ဘဝ ရောက်ခဲ့ပေမယ့်လို့ နေခြည့်အနေဖြင့် မေမေနှင့်ဘွားဘွားကို ခွဲရမည်ဆိုတော့ ရင်ထဲမှာ အားငယ်ဝမ်းနည်းမိသည်။

"သမီးက အိမ်ထောင်ရှင်မဖြစ်သွားပြီနော်၊ သမီး၊ အိမ်ထောင့်တာဝန်တွေ တစ်ဖက်တစ်လမ်းက ထိန်းသိမ်းရမယ်နော် ကြားလား"

"ဟုတ်ကဲ့ပါ ဘွားဘွား"



www.burmeseclassic.com

www.burmeseclassic.com



နေခြည်က မျက်ရည်များဝဲလျက် ဘွားဘွားပါးမြှင့်ကို နမ်းရှုံ့နှုတ်ဆက်လိုက်သည်။

နှလုံးသားအလိုကို လိုက်ကာ ချစ်သူဘဝကို ရွေးချယ်ခဲ့ပြီးမယ့် တာဝန်ကြီးလှသော အိမ်ထောင်သည်ဘဝ ဆိုတာ ချိုသည် ခါးသည်ကို မသိနိုင်သေးသော နေခြည်ပါလေ။

နေခြည့် ရင်ထဲမှာ ပျော်ရွှင်ခြင်းနှင့်အတူ မွန်းကြပ်နေခဲ့သည်။

အားပေးဆုပ်ကိုင်ထားသော မောင့် လက်ကိုသာ အားကိုးတကြီး ဆုပ်ကိုင်ထားလိုက်မိသည်။

သူမတို့ ကားလေးမြင်ကွင်းမှ ပျောက်ကွယ်တဲ့အထိ မေမေနှင့် ဘွားဘွားတို့မှာ ငေးကြည့်ရင်း ကျန်ရစ်ခဲ့ကြ၏။

ဖွဲ့ရစ်စီးလာသော နေခြည့်မျက်ဝန်းမှ မျက်ရည်စများအား မောင်က ကားမောင်းရင်းမှ တယုတယ သုတ်ပေးရှာပါသည်။

"မောင် တစ်ယောက်လုံး နေခြည့်အနားမှာ ရှိနေပြီ





ပဲကွာ၊ နေခြည် ဘာမှအားမငယ်နဲ့နော်၊ နေခြည်ဟာ မောင့် ဘဝနေခြည်ကသာ မောင့်နှလုံးသား ရှင်သန်နွေးထွေးစေတဲ့ ပန်းကလေးတစ်ပွင့်ပါကွာ"

"ဪ . . . မောင်ရယ်"

နွမ်းလျနေချင်သော သူမ စိတ်အစဉ်တို့ ခဏချင်းမှာပဲ တက်ကြွလန်းဆန်းလာလျက် မောင့်ရဲ့ အကြင်နာအယုအယများမှာ အရာအားလုံး မေ့လျော့သွားရပါသည်။

ရန်ကုန်နှင့် နီးသထက်နီးလာလေ သူ့စိတ်တွေပိုမိုပြီး မွန်းကျပ်လာသလို ခံစားလာရသည်။

"ငါ နှလုံးသားအလိုလိုက်ခဲ့တာ မှားများမှားခဲ့ပြီလား"

ရင်ဆိုင်ရမည့်အဖြစ်ကို တွေးနေမိသည်။

သူ့လက်မောင်းကို မှီတွယ်ထားရှာပါသော နေခြည့်မျက်နှာနုနုထွေးထွေးလေးကို ငေးကြည့်ပြီး မမခွာညီ့ခက်ထန်မျက်နှာကို ဖျတ်ကနဲမြင်ယောင်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com

နေခြည့်ရယ် မောင့်ကိုနားလည်ပေးပါ။

သူ့အဖြစ်သာသိလျှင် မမခွာညိုခက် ဘယ်နည်းနဲ့မျှ ခွင့်လွှတ်မှာမဟုတ်ဘူးဆိုတာ သူသိနေသလိုပါပဲ။

“အို . . . ငါ့ဘဝကို သူသိမ်းပိုက်ပြီးခဲ့ပြီပဲ၊ ငါ့နှလုံးသား ရှင်သန်ခွင့်ကိုတော့ ဒင်းလက်ထဲမှာ အစတေးမခံနိုင်ဘူး”

မမခွာညိုခက်အကြောင်းတွေးမိတော့ မေမေ့အကြောင်း ပါလာရသည်။

ဒါပေမယ့် မေမေကတော့ သူ့ဘဝကိုအမြဲ နားလည် ပေးလေ့ရှိလို့ တော်ပါသေးသည်။

“ငါ့သားလေး မေမေ့ကြောင့် အများသူငါတွေရှယ် တူသက်တူချစ်သူတွေနဲ့ ပျော်ရွှင်နေတဲ့ အရွယ်မှာ မနှစ်သက်သူ ရင်ခွင်ခိုနေရမှန်း မေမေ နားလည်ပါတယ်ကွယ်”

“မေမေ့ကြောင့်ပါ ဒါပေမယ့် ခွာညို့ကျေးဇူးတွေက မေမေ့တို့ ဆပ်မတုန်နိုင်ဘူးသား”





ဒီကျေးဇူးများကြောင့်ပဲ သူ့ခွာညိုခက်အားလက်ထပ်ပေါင်းသင်းပြီး နှလုံးသားကို စတေးထားခဲ့ခြင်းဖြစ်ပါသည်။ သူယုတ်မာသောသူဖြစ်နေပြီလား။

ဘာပဲဖြစ်ဖြစ် ခုချိန်မှာတော့ မင်းခန့်ညားအဖို့ ပြတ်သားရပါတော့မည်။

ပြတ်သားဖို့လည်း သူ နှစ်တွေလတွေချီပြီး ကြိုးစားထားခဲ့တာပါပဲ။ ခုလို သူ့ရင်ခွင်မှာ နေခြည်ရောက်ရှိလာချိန်မှာတော့ သူ့ဆန္ဒဆုံးဖြတ်ချက်တို့ ပိုမိုခိုင်မာလာရပါတော့မည်။

ချစ်သောနေခြည်သာ အနားမှာရှိနေပါစေ၊ အရာအားလုံး မင်းခန့်ညားရင်ဆိုင်သွားမှာပဲဖြစ်သည်။

နေခြည့်ကိုယ်လေးအား တင်းကြပ်စွာ ပွေ့ဖက်ထားလိုက်ပါသည်။

သူ့ဘဝအဖြစ်မှန်တွေ နေခြည်သိသွားခဲ့ရင်ဆိုတဲ့ အတွေးမျိုးတော့ ဒီအချိန်တုန်းက သူနဲ့နဲမှုထည့်ပြီး မစဉ်းစားမတွေးတောခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

"တီ . . တီ . . တီ"

"ဟဲလို . . ကျွန်တော်မင်းခန့်ပါ"

"မင်းခန့် . . မင်း . . မင်းကွာ ခဏဆိုပြီးသွားလိုက်တာ သုံးလကြီးများတောင်ကြာရတယ်လို့။ ဒီမှာ မမခွာညိုခက်ကို မနည်းကြီး လှံအောင်ပြောထားရတယ်"

ခွာညိုခက်ဆိုသောအသံကြားတာနှင့် သူ့ခန္ဓာကိုယ်တစ်ခုလုံး ကျင်စက်နှင့်အတို့ခံလိုက်ရသလိုပင်။

"မင်း ဘယ်လိုပြောထားလဲ ဇော်သစ်"

နေခြည်လည်း အခန်းထဲမှာရှိမနေတာကြောင့် အခြေအနေကို မေးကြည့်လိုက်ပေမယ့် ဇော်သစ်နဲ့တင်ပြဿနာက ပြီးသွားမှာမဟုတ်တာ သူသိနေပါသည်။

"ငါတော့ မင်းမန္တလေးမှာ စက်ရုံသစ်တစ်ရုံသွားဆောက်နေတယ်လို့ ပြောထားရတယ် မင်းခန့်၊ ဒါပေမယ့်ဘွားတော်က မယုံချင်ဘူးဟေ့ကောင်၊ မင်းဘယ်လို ရှင်းမယ် စိတ်ကူးထားလဲ"

"မင်းခန့်ရာ ဘွားတော်ကြီး အကြောင်းလည်း





သိသားနဲ့ မင်းမရှိတဲ့အချိန် စက်ရုံကိုလာလာကြည့်တာအကြိမ်ပေါင်း မနည်းတော့ဘူးကွ"

"အေး . . . ဒါတွေ ငါတွက်ပြီးသားပါ၊ ဒီကြားထဲမေမေကော လာသေးလား"

"ဟော့အေး . . မင်းခန့် အန်တီတော့မလာဘူး"

မေမေမရောက် မလာဘူးဆိုမှ မေမေ့အတွက် သူပူပင်သွားမိသည်။

မေမေမကော နေကောင်းရဲ့လားမသိ။

"အေး . . . အေး . . . ဒါပဲဇော်သစ်၊ ငါမနက်မှစက်ရုံကို လာခဲ့မယ်ဟုတ်လား"

ဟမ်းဖုန်းကိုပိတ်ပြီး သက်ပြင်းမောကိုမှုတ်ထုတ်လိုက်မိသည်။

အစစသူ့ဘက်က စီစဉ်ပြီးပါလျက် ခွာညိုခက်ဆိုတဲ့နာမည်ကြားလာတာနှင့် အမျှ သူ့ရင်ထဲမှာ တုန်လှုပ်ချောက်ခြား ချင်နေမိသည်။

"ဟင် . . မောင် မျက်နှာလည်း မကောင်းပါလား



www.burmeseclassic.com

www.burmeseclassic.com

နေလို့ မကောင်းဘူးလားဟင်”

မျက်နှာကို အချိန်မီပြင်လိုက်ပေမယ့် နေခြည့်ကမြင်ဖြစ်အောင် မြင်လိုက်ပါသေးသည်။

“ကောင်းပါတယ်နေခြည်၊ အလုပ်ကိစ္စတစ်ခုကြောင့်ပါ”

“ကဲနေခြည် မောင်အပြင်ခဏသွားဦးမယ်နော်”

“ဟုတ်ကဲ့မောင် သွားလေ”

နေခြည့်နဖူးလေးအား မြတ်နိုးစွာ နမ်းလိုက်မိသည်။

မေမေ့အိမ်ကို သူထွက်လာခဲ့၏။ မေမေ နေမျှားကောင်းရဲ့လားမသိ။

အလိုက်သိတတ်သောနေခြည့်ကိုပင် ကျေးဇူးတင်ရသေးတော့၏။ ဒဂုံက တိုက်မှာနေဖို့ သူစီစဉ်တော့လည်း နေခြည်ဘာမှဝင်မပြောခဲ့သလို မေမေ့ကိုပင် မမေးခဲ့။ ဒီအချိန် နေခြည်နဲ့ပေးတွေ့လို့က မေမေပေါက်ကွဲမှာသေချာနေ၏။

“တီ . . . တီ . . . တီ”





“ဟော . . အန်တီကြီးရေ ဒီမှာ ကိုကိုလေးလာတယ်”

“ကိုကိုလေး အန်တီကြီးက ကိုကိုလေးကိုမျှော်နေတာ”

“အေး . . . ဟုတ်တယ် ပုံ့ပုံ့ ကိုလေး မန္တလေးသွားနေလို့”

ဆက်တီခုံမှာ ထိုင်လိုက်စဉ် မေမေအနားသို့ရောက်လာလျက် . . .

“သား . . . မင်းခန့်”

“ဗျာ . . . မေမေ”

“သား ဘာတွေလုပ်နေတယ်ဆိုတာ မေမေ့ကိုပြောစမ်းသား၊ ခွာညိုအိမ်လာသွားတယ်”

“ဗျာ . . . မေမေ၊ မမခွာညိုလာသွားတယ် ဟုတ်လား”

“အေး . . . ဟုတ်တယ်။ အိုးပစ်အိမ်ပစ် မယားငယ်အိုးလေးလကြာအောင် မန္တလေးမှာ ဘာသွားလုပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com

လဲ"

"ဟိုး . . ဟိုး . . သား စက်ရုံသစ်တစ်ရုံဆောက်နေ
တာပါ မေမေ"

ဒေါ်သဇင် မင်းခန့်၏အဖြေကြောင့် အနည်းငယ်
တော့ စိတ်သက်သာရာ ရသွားခဲ့၏။ သို့ပေမယ့် အပြည့်
အဝတော့ မဟုတ်ချေ။

သား မင်းခန့်စီးပွားအရှာကောင်းခဲ့လို့ပဲ သူမတို့တစ်
မြို့နဲ့ကားပါ မပူမပင်နေခဲ့ရသလို လက်စာလောလည်ပတ်
နေသော စက်ရုံနှစ်ရုံကိုလည်း သူပဲဦးစီးနေတာပင်။

"စီးပွားရှာတာလည်း ရှာပေါ့သား၊ ဒါပေမယ့်
ခွာညို့ အပေါ်မှာတော့ လင့်ဝတ္တရားမပျက်စေချင်ဘူး
ကွယ်"

"မေမေတို့မှာ သူ့ကျေးဇူးတွေ အများကြီးရှိတယ်
နော်သား"

"ဟာ . . . မေမေရာလာဖြန်ပြီ၊ ဒီကျေးဇူးတွေ
ကျေးဇူးတွေကြောင့်ပဲ သားဘဝသူ့လက်ခုပ်ထဲ ရောက်ခဲ့





ရတာ"

"ခုလဲ သား သူ့ကိုပြန်ဆပ်နိုင်အောင်ပဲ ကြိုးစား
နေတာပါမေမေ"

"ဘာ . . . ဘယ်လို . . . ဘယ်လိုသား ဘာကိုပြန်
ဆပ်မှာလဲ"

မင်းခန့် ကိုယ့်စကားလွန်သွားမှန်း သိပေမယ့် မထူး
တော့ပြီမို့ . . .

"ဟုတ်တယ် မေမေ၊ မေမေ့ကျန်းမာရေးအတွက်
မမခွာညိုခက် ဆီကယူထားတဲ့ငွေတွေကို သားမကြာခင်
ပြန်ဆပ်တော့မှာပါ။ ဒါမှသူ့ကျေးဇူးတွေက ကင်းနိုင်မှာ
လေ"

မေမေသူ့စကားကို နားမလည်နိုင်အောင်ဖြစ်နေခဲ့
သည်။

"မေမေ နားမရှင်းဘူး"

"ဒီလိုမေမေ သူ့ကိုအသိပေးဖို့က စောနေသေးလို့
ပါ။ သား မမခွာညိုကို သူ့ပိုက်ဆံတွေအကုန် ပြန်ဆပ်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် သားသူ့ကို ကွာရှင်းလိုက်တော့မယ် မေမေ"

"အို . . သားရယ် . . မဖြစ်နိုင်တာပဲ၊ ခွာညိုက သားကို သိပ်ချစ်တာနော်၊ ပြီးတော့ ဒီကိစ္စ သူ့အလွယ် တကူ ခေါင်းငုံ့ခံမှာတော့ မဟုတ်ဘူးသား"

"သားကို မေမေအပြစ်ပြောနေတာတော့ မဟုတ် ဘူးနော်"

"မဖြစ်နိုင်တာကို ပြောတာ"

"မေမေရယ် ဘာလို့မဖြစ်နိုင်ရမှာလဲ၊ မမခွာညိုကို လက်ထပ်ယူခဲ့လို့ အပေါင်းအသင်းကြား၊ သူများကြားမှာ ယောကျ်ားပိုင်းလုံးဘဝနဲ့ သားဘဝခေါင်းငုံ့ နေခဲ့ရတာပါ မေမေ"

"အဲဒီဝဋ်တွေ သားကျွတ်ချင်ပြီ"

မင်းခန့်ပြောတော့ ဒေါ်သဇင်မှာ သားဖြစ်သူအ တွက် အမှန်ပဲ ဝမ်းနည်းစိတ်မကောင်းဖြစ်သွားမိသည်။

မီခင်အတွက်နှင့် ငယ်ငယ်ရွယ်ရွယ် နှလုံးသားလှုပ် ရှားနေချိန်လေးမှာပဲ မချစ်မနှစ်သက်တဲ့ရင်ခွင်မှာ ခိုလှုံခဲ့ရ





တာပါ။

တကယ်ဆို မင်းခန့်လည်း သက်တူရွယ်တူမိန်းက လေးများနှင့် ရင်ခုန်လှုပ်ရှားချင်ပေမပေါ့။

"ဘာပဲဖြစ်ဖြစ်ပေါ့ သားရယ်၊ ပြီးခဲ့တာတွေလည်း ပြီးပါစေတော့၊ သူ့ပံ့ပိုးမှုနှင့် မေမေတို့ လူတစ်လုံး သူတစ် လုံးပြန်ဖြစ်လာရတာပါ"

"သားရဲ့ကြိုးစားမှုလည်း ပါတော့ပါတာပေါ့၊ ဒါပေ မယ့် ကိုယ့်ကိုယ်ကိုယုံကြည်စိတ်ချပြီး ငွေပင်ငွေရင်း ထုတ်ပေး ခိုဆိုတာ တော်ယုံသဒ္ဒါစိတ်နှင့်တော့ ဖြစ်မလာနိုင်ဘူး သား"

"ကုန်ကုန်ပြောမယ်ဆိုရင် ခွာညိုဟာ သားနဲ့ပတ် သက်လို့ မယားဝတ္တရားကျေပွန်နေတယ်၊ စိတ်လိုက်မာန် ပါ မလုပ်မိပါစေနဲ့ကွယ်"

မေမေ့ထံမှ သူမျှော်လင့်ထားသော စကားတို့သာ ထွက်လာသဖြင့် ရင်ထဲမှာ မောဟိုက်သွားသလိုပင်။ သူ့ စိတ်ထဲဦးနှောက်ထဲမှာ မမခွာညိုနှင့် နေခြည်ဆိုသော ခစ်



www.burmeseclassic.com

www.burmeseclassic.com



ဖနီးအသစ်စက်စက်လေးကို တဖက်စီအပြိုင် လွှန်ဆွဲနေကြ၏။

ကိုယ်လျှောက်ချင်တဲ့ စိတ်ကြိုက်လမ်းကို လျှောက်ပြီးတော့မှ တွေဝေနေဖို့ မသင့်တာသိနေသည်။ မေမေ့အိမ်က အပြန်မှာတော့ မမခွာညိုဆီလှည့်ဝင်ခဲ့၏။

သူ့ရဲ့ နှောင်ကြိုးမဲ့ စံအိမ်တစ်ခုဆိုလည်း မှားတော့မမှားချေ။ ကားကိုပေါ်တီကိုအောက်မှာရပ်ပြီး အိမ်ထဲလှမ်းဝင်ခဲ့၏။ ဧည့်ခန်းတွင် မမခွာညိုကို အသင့်ပဲတွေ့ရ၏။ သူ့ကိုမြင်တာနှင့် . . .

"ဘယ်လိုလဲ မင်းခန့်၊ မင်းမှာမယားပစ်ပြီး စီးပွားရေးနောက် ကောက်ကောက်ပါအောင် လိုက်ဖို့အထိတော့ အခြေအနေ မယိမ်းယိုင်သေးပါဘူးနော်"

ရိုတဲ့စကားမှန်း သိနေပေမယ့် ခွန်းတုံ့မပြန်သေးဘဲ သူမနှင့် မျက်နှာချင်းဆိုင် ဆက်တီမှာ ဝင်ထိုင်လိုက်သည်။

ခွာညိုခက် ရင်ထဲမှာလည်း မင်းခန့်ညား သူမအပေါ် မည်သို့သဘောထား ဆက်ဆံနေသည်ကို သိနေခဲ့၏။





၏။

သို့သော် . . .

"ကျွန်တော်မန္တလေးမှာ စက်ရုံခွဲဆောက်ဖို့ စီစဉ်နေတာမမ"

"အဟင်း . . . မင်းခန့်ရယ်၊ ရန်ကုန်မှာရှိတဲ့ စက်ရုံလုပ်ငန်းတွေတောင်မှ ပြီးပြတ်အောင် မခန့်ခွဲနိုင်လို့ မန်နေဂျာ ဦးမြင့်အောင်ကို ခန့်ထားရတာမျိုးကွယ်"

"မမကို ညာမနေပါနဲ့"

သူခိုးလူမိသွားသော မင်းခန့်မျက်နှာ ပျက်ယွင်းသွားတာ ခွာညိုခက်ကလည်း ချက်ချင်းပဲသတိထားလိုက်မိသည်။

"ကျွန်တော်အမှန်ပြောတာပါ၊ ဟိုမှာက ဒီကထက် အထည်ဖြန့်ဖို့ အကွက်အကွင်းပိုကောင်းတယ်၊ ဒါကြောင့်"

"ကောင်းပြီလေ၊ ဒါဖြင့် မမ ဟောဒီရတနာလုပ်ငန်းရပ်ပြီး ဟိုကစက်ရုံကို ဦးစီးမယ်၊ ဖြစ်မလား"

"ဟာ . . . ဒါကမဖြစ်နိုင်တဲ့ကိစ္စပဲ၊ မမက ရတနာ



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းပဲ နားလည်တာလေ၊ ကျွန်တော် ဇော်သစ်နဲ့ ဖွဲ့
လိုက်မှာပါ"

"အဟင်း . . . တော်ပါတော့မင်းခန့် မှန်းနေ
ဇော်သစ် မမကိုပေါင်းပြီးလှိမ့်နေကြတာ၊ ထားပါလေ ဒါတ
တစ်ပိုင်းပေါ့၊ ဒီမယ်မင်းခန့် မမခွာညိုကို မင်းဘာလို့
လှိမ့်လုံးတွေပေးနေတာလဲ၊ မမဟာ မင်းရဲ့ ဇနီးမယားဖြစ်
တဲ့နေ့ကစလို့ ဘာများဝတ္တရားပျက်တာရှိလည်း၊ ဒါတွေ
မင်း အသိပါကွယ်"

"မမ ပြောမယ်နော်၊ မင်း မမကို ဘယ်လိုသဘောနဲ့
ဆက်ဆံနေတာလဲဆိုတာ မမလည်း သဘောပေါက်ပါ
တယ်ကွယ်၊ မမကို ဇော်သစ် မင်းမန္တလေးသွားတဲ့ အ
ကြောင်း ဂယနဏပြောပြပြီးဆို မင်းအံ့သြမှာလား
မင်းခန့်"

ရင်ထဲမှာ မခံရပ်နိုင်တဲ့အဆုံး ခွာညိုခက်ဖွင့်ပြော
တော့၏။ မျက်ဝန်းမှာ မျက်ရည်များ အဆက်မပြတ်
စီးဆင်းငိုရှိုက်နေမိသည်။

ရှိ င် း စာ ငေ ပ



ကြီးစွာတုန်လှုပ်သွားမိသူက မင်းခန့်ညားပင်။

ဇော်သစ် မျက်နှာလုပ်ပြီး မမခွာညိုခက်ကိုပြောပြ
အသိပေးလိုက်တာဖြစ်မည်။ ခုချိန်မှာတော့ မထူးတော့
ပြီလေ။

"ကျွန်တော့် ဘဝဟာ ရင်ခုန်ပျော်ရွှင်ခဲ့ရတဲ့အချိန်
တွေ ခင်ပျားဆီမှာ မြှုပ်နှံခဲ့ရတာ ကျုပ်ဒီဘဝကို ငြီးငွေ့လာ
ပြီဗျာ"

"ဘာ . . . ဘာရယ်မင်းခန့်"

"ဟုတ်တယ် . . ဒေါ်ခွာညိုခက်၊ မိန်းမတစ်
ယောက်ကို မှီခိုပြီးနေခဲ့ရတဲ့ ယောကျ်ားပိုင်းလုံး ဘဝမျိုးကို
ကျုပ်စွန့်လွှတ် လိုက်ပါပြီ။ ဒီတော့ ကျုပ်ဘဝရှင်သန်မှုကို
အသစ်က ပြန်စပါရစေ"

ကျေးဇူးကန်းသူတစ်ယောက်ဘဝ ချက်ချင်းသက်
ရောက်သွားမယ်ဆိုတာ သိနေပေမယ့်ချစ်ရသော နေခြည့်
မျက်နှာရှိသေးသည်လေ။ သူပြတ်သားဖို့တော့ လိုပါလိမ့်
မည်။

ရှိ င် း စာ ငေ ပ

www.burmeseclassic.com

www.burmeseclassic.com

"ဩော် . . . မင်းခန့် . . . မင်းခန့် မင်းကအကြောင်းတရား ခေါင်းပါးတဲ့စကားတောင် ပြောတတ်နေမှ ကော"

"ရတယ် . . မင်းခန့်၊ ဒါပေမယ့် မင်းကိုပိုင်ဆိုင်ခွင့် ရဖို့ ငါငွေတွေဘယ်လောက် ရင်းနှီးမြှုပ်နှံခဲ့ရတယ်ဆိုတာ မင်းသိပါတယ်ကွယ်"

ဒေါ်ခွာညိုခက် တမင်တကာ အချက်ကျကျပြောလိုက်ခြင်း ဖြစ်ပါသည်။ ရင်ထဲက ပါလို့တော့မဟုတ်၊ သူမအပေါ်မှာ မင်းခန့်တန်ဖိုးထား တွယ်တာလာစေရန်ပဲ ဖြစ်သည်။

သူမပစ်ချက်က ထိထိမိမိရှိလွန်းလှသည်၊ မင်းခန့်ညား ရှုံးရှုံးရှားရှား ဖြစ်သွားသည်။

"ကျုပ် ကောင်းကောင်းကြီးသိတယ် ဒေါ်ခွာညို။ ဒါကြောင့်လည်း အချိန်ပိုင်းအတွင်း ခင်ဗျားငွေတွေ ပြန်ဆပ်နိုင်အောင် ကြိုးစားနေတယ်"

"ဘယ်လို မင်းခန့်ညား၊ မင်းက မမငွေတွေကို ပြန်ဆပ်မယ်။ မဟုတ်တာ မင်းခန့်ရယ်၊ မမပြောတဲ့ စကားမှားသွားလို့ပါ။ မမနဲ့မင်းက သူစိမ်းမှ မဟုတ်တာ၊ အကြောင်းသင့်မယားတွေလေ၊ ဒီစကားကို ပြောမနေသင့်ပါဘူးကွယ်"

တကယ်တမ်း မင်းခန့်အတွက် တင်းမာပြီတော့ ခွာညိုခက်ရင်ထဲ ဗလောင်ဆူသွားပါ၏။ မင်းခန့်ညားအပေါ်မှာ ဘယ်လောက်အထိ သံယောဇဉ် တွယ်တာမိသလဲဆိုတာ သူမကိုယ်သူမသာ အသိဆုံးပါပဲ။

သူမနှင့် မင်းခန့် အသက်အရွယ်ချင်းကွာပေမယ့် မောင်ငယ်လိုရော၊ လင်သားတစ်ဦးအနေနှင့်ပါ ချစ်ခင်တွယ်တာနေမိခဲ့တာပင်။ ကလေးမုန့်ပေးကြိုက်တယ်ပဲဆိုဆို မင်းခန့်ညားနှင့် ပတ်သက်သမျှ သူမပိုင် စည်းစိမ်ဥစ္စာများနှင့် လဲမည်ဆိုလည်း လဲနိုင်ပါ၏။

အခုလို မင်းခန့်ဆီမှာ ဒီစကားမျိုး ကြားလာရသောအခါ ကမ္ဘာကြီးမှောက်သွားပြီလား အောက်မေ့ရသည်။

မင်းခန့်မှာ ဘယ်လိုစီးပွားရေး အခမ်းအနားတွေ







www.burmeseclassic.com

www.burmeseclassic.com



ရှိနေတာ သူမ အသိဆုံးပင်။ သို့သော်လည်း မင်းခန့်စကားတွေက ပြောင်းလဲမှု မရှိခဲ့ချေ။

"ကျုပ် အတည်ပြောနေတာ ဒေါ်ခွာညိုယောက်ျားပိုင်းလုံးအဖြစ် အများခံမေးငွေါ်ခံဘဝကို ကျုပ်ဆက်မနေချင်တော့ဘူး၊ ကျုပ်မေမေ့အတွက် တင်ထားတဲ့ အကြွေးတွေမကြာခင်ပြန်ဆပ်မယ်၊ ပြီးတာနဲ့ ကျုပ်ခင်ဗျားနဲ့ ကွာမယ်ပါပဲ"

ဒေါ်ခွာညိုခက် တုံ့ပြန်စကားမဆိုမီ သူလှမ်းထွက်ခဲ့၏။ ကိုယ်ဖြစ်ချင်တာ ဖွင့်ဟခဲ့ရတဲ့အတွက် ရင်ထဲမှာအနည်းငယ်တော့ ပေါ့ပါးသွားသလိုပါပဲ။ ကျွန်တော့်ကိုနားလည်ပေးပါမမရယ် . . .။

မုန်းကြုပ်ဆိုနင့်မှုတွေက ကြေကွဲမှုနာကျင်မှုတွေနှင့်အမြှင် ခွာညိုခက်ရင်ထဲမှာ စွဲထင်းလို့ ကျင်စက်နှင့်အတို့ခံလိုက်ရသလိုတစစ်စစ်နာကျင်နေရ၏။

သူမဘဝတစ်လျှောက်လုံး အရှုံးဆိုတာကို ဘယ်သောအခါမှ မတွေ့ကြုံစေရဟု ကြွေးကြော်ထားခဲ့လေသမျှ မင်းခန့်ညားနှင့်ကျမှ ရှုံးပြီးရင်းရှုံးနေခဲ့ရတာပါပဲလား။

မင်းခန့်ညားအတွက်နှင့်ဆို သူမသိက္ခာတွေ၊ ဂုဏ်ရှိန်တွေ၊ ကဲ့ရဲ့ရှုံ့ချမှုတွေ၊ ဒါတွေအားလုံး သူမဥပေက္ခာပြုနိုင်




www.burmeseclassic.com

www.burmeseclassic.com

တာမှန်ပေမယ့် မင်းခန့်ညားဘက်က သူမအပေါ် စွန့်လွှတ်စွန့်ခွာသွားမှာကို စိုးရွံ့မိခဲ့ပါ၏။

တကယ်တော့ သူမ မင်းခန့်ညားကို ပိုင်ဆိုင်နိုင်ဖို့အတွက် စီးပွားဖက်များ၏ကဲ့ရဲ့ဝေဖန်မှုအမျိုးမျိုးကို ခါးစီးခံယူခဲ့တာပဲဖြစ်သည်။ မိဘပေးစားခဲ့သော ကိုမြင့်ဝေသေဆုံးခဲ့လို့သာ သူမမုဆိုးမဘဝဆိုးကို ရခဲ့ပေမယ့် နှလုံးသားကမြတ်နိုးတွယ်တာရသော မင်းခန့်ကတော့ သူမရဲ့ နံပါတ်တစ် အချစ်ဦးပါပဲ။

ဒါတွေသိရက်နဲ့များ သူမအပေါ် ရက်စက်ခဲ့တော့မှာလား မင်းခန့်ရယ်။ ခွာညိုခက် ရင်ထဲကြိတ်ကာ ဝမ်းနည်း နေမိသည်။

ဟိုစဉ်ကတည်းက မင်းခန့် သူမအပေါ် မချစ်မနှစ်သက်တာ မှန်ပေမယ့် ခုလိုခါးခါးသီးသီး စဉ်းစားဆုံးဖြတ်လိမ့်မယ်လို့ ထင်မထားခဲ့ချေ။ သူမကတော့ ချစ်လိုက်ရတာ။

မင်းခန့်ရယ် . . . မင်းတော်တော်ရက်စက်တယ်။





ရင်မှာ မြတ်နိုးရဆုံးသော ပန်းလေးတစ်ပွင့်ဆုံးရှုံးရတော့မှာကိုတွေးပြီး ခွာညိုခက်အဖို့ အိပ်လို့လည်း မပျော်သလို စားလို့လည်း မဝင်ခဲ့ချေ။

"ဟယ် . . မမခွာညို ပိန်ကျသွားလိုက်တာ ကျွန်တော်တောင် မနည်းကြီးရုပ်ဖမ်းယူရတယ်"

"ဟင် . . . မောင်လေးနန္ဒ ရန်ကုန် ဘယ်တုန်းက ရောက်တာလဲ ဟင်"

ဆက်တီမှာထိုင်ပြီး မင်းခန့်အကြောင်း တွေးနေခိုက် အိမ်ရှေ့မှာ တက်စီထိုးရပ်သွားတာကိုပင် ခွာညိုသတိမထားမိလိုက်တော့။

"မနက်ရထားနဲ့ ရောက်လာတာ မမ၊ မမအမျိုးသားကော၊ ကျွန်တော်လာတိုင်း မဆုံဘူးကို ဖြစ်နေတယ်၊ လမ်းပေါ်မှာ ဆုံဖြစ်ခဲ့ရင်တောင် ယောက်ဖမှန်း သိမှာမဟုတ်ဘူး"

နန္ဒပြောမှ မင်းခန့် အိမ်မှာပြန်မအိပ်တာ မန္တလေးက ပြန်လာပြီးကတည်းက။ နှစ်လနီးပါးပင် ရှိသွားပြီဆို



www.burmeseclassic.com

www.burmeseclassic.com



တာ သတိရလာမိ၏။

"သူက စက်ရုံသုံးရုံလောက် ကြီးကြပ်နေရတာဆို တော့ တော်ရုံအိမ်ပြန်မလာနိုင်ဘူး၊ နန္ဒရဲ့ မမလိုက်သွားမှ ဖြဲ"

မင်းခန့်ညားနှင့်ပတ်သက်ပြီး ခွာညို ပွင့်ပွင့် လင်းလင်း မပြောရဲတာအမှန်။

နန္ဒ နံရံမှ မင်းခန့်ညားနှင့် ခွာညိုခက်တို့ ရိုက်ထား သော ဓါတ်ပုံကြီးဆီ မမျှော်လင့်ဘဲ အကြည့်ရောက်သွား ခဲ့သည်။ ဓါတ်ပုံထဲမှ မမခွာညိုဘေးမှလူကို နန္ဒကောင်း ကောင်းကြီး မှတ်မိနေသည်။

"မမ . . မမခွာညို၊ ဒီအမျိုးသားက မမခွာညို အမျိုးသားလား၊ သူနာမည်ကကော ဘယ်သူတဲ့လဲ"

"ဟင် . . နန္ဒ ဘာဖြစ်လို့လဲ မောင်လေး"

ခွာညို အထိတ်တလန့်မေးမိတော့ နန္ဒက ပြုံးလိုက် ၍ . . .

"သူ့နာမည်ကိုပဲ နန္ဒသိချင်တာ မမခွာညို၊ လူတူတာ





တော့ လုံးဝမဖြစ်နိုင်ဘူး"

"သူ့နာမည် မင်းခန့်ညားပဲ မောင်လေး၊ မမနောက် အိမ်ထောင်ပေါ့"

"မင်းခန့်ညား ဟုတ်လားမမ"

"အေး . . ဟုတ်တယ် မောင်လေးနဲ့ လာတိုင်းလွဲ နေလို့ မဆုံဖြစ်ကြတာ၊ မောင်လေးက မင်းခန့်ကို သိနေ တယ်ပေါ့၊ အင်းလေ . . မင်းခန့်က စီးပွားရေးမှာ နာမည် ရနေတော့လည်း သိနေမှာပေါ့"

"အဟား . . . သွားပြီ မမခွာညို၊ မမခွာညိုဟာ စိန်ကျောက်ပတ္တမြားရတနာတွေ အကဲခတ်တဲ့တော် သလောက် လူကဲခတ် ညံ့လှချေလားဗျာ၊ မမလူကို ဒီ လောက်လည်း အထင်ကြီး မနေစမ်းပါနဲ့"

"အဲဒီ မင်းခန့်ညားကို နန္ဒကောင်းကောင်းသိတယ် မမ၊ နန္ဒရဲ့ရင်ထဲက အလှပန်းလေးကို မတရားအချောင် နှိုက်သွားတာ"

"ဘာရယ် . . . နန္ဒ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမလူက မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးပဲ။ မန္တလေးမှာ နေခြည်မိုးဆိုတဲ့ မိန်းကလေးနဲ့ လက်ထပ်သွားတာ ရှေ့လထဲမှာ ပေါ့ဗျ"

"မမ . . . မမကို ဒီလူထားခဲ့တော့မှာ"

နန္ဒစကားတွေကို ကြားတစ်ချက်၊ မကြားတစ်ချက်။

"တောက် . . . နေခြည် . . . နေခြည် ငါ့လိုကောင်ကိုကျတော့ ခါးခါးသီးသီး အသည်းခွဲခဲ့ပြီးမှ ခုတော့ ယူပြီးသွားလိုက်တာ ဟား . . ဟား . . ဟား"

ခွာညိုခက်၏ အတွေးပုံရိပ်တို့က မှုန်ကန်လွန်းလှပါ၏။ ရင်မှာမွန်းကျပ်လာသည်။ နန္ဒကတော့ အရူးတစ်ယောက်ပမာ အော်ဟစ်ပြောနေဆဲ။

"ဟား . . ဟား . . နေခြည် မင်းရိုက်ခဲ့တဲ့ ငါ့ဝါးစပ်ကဒဏ်ရာအတွက် တုန့်ပြန်မှုကို ငါမကြာခင်ပဲ ပေးမယ်ဟေ့"

"ဟဲ . . . မမခွာညို နန္ဒလာတုန်းကတော့ မမဆီမှာ နှစ်ရက်လောက် တည်းမလို့ပဲ၊ ခုတော့ မတည်းတော့ဘူး





မင်းခန့်သားရဲ့ မယားအသစ်ကလေး မိသားစုကို သတင်းဖြန့်ဖို့ ဒီနေ့ပဲ မန္တလေးကို ပြန်တော့မယ်"

မောင်အငယ် နန္ဒကျော်ကို သူမ တားမိလား၊ မတားမိလား ခွာညိုခက်မသိတော့။ လုပ်ရက်လေခြင်းဟူ၍ပဲ ဝမ်းနည်းငိုရှိုက်လိုက်မိသည်။

"ဟင့် . . . မင်းခန့်ရယ် လုပ်ရက်လိုက်တာ"

နန္ဒပြောပုံအတိုင်းသာဆို ဇော်သစ်ပြောတာနဲ့ လုံးဝ ထပ်တူဖြစ်သွားပြီပေါ့။

မင်းခန့်တကယ်ပဲ သူမအား စွန့်လွှတ်တော့မှာကို သိလိုက်ရပါပြီ။

"မင်းခန့်ရယ် မမစေတနာတွေကို အလွယ်တကူ ရိုက်ချိုး ဖျက်ဆီးပစ်တော့မှာလားကွယ်"

မကျေနပ်စိတ်များနှင့်အတူ ခွာညိုခက် မင်းခန့်ရှိရာ စက်ရုံသို့ လိုက်ခဲ့၏။ ရုံးခန်းထဲအဝင် မင်းခန့်နှင့် အဆင်သင့်ပဲ တွေ့လိုက်သည်။

သို့သော် မင်းခန့်ဘက်က တုန့်လှုပ်မသွားခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမခွာညို။ နေခြည့်ကို ကျွန်တော် လက်ထပ်လိုက်ပြီ၊ ဒီတော့ မမခွာညို ကျွန်တော့်ကို ကွာပေးမှဖြစ်မယ်"

"ဘာ . . . မင်းခန့်၊ မမက မင်းကိုကွာပေးရမယ် မဖြစ်နိုင်လိုက်ထာကွယ်၊ မင်းကိုပိုင်ဆိုင်နိုင်ဖို့ မမက သိန်းရာနဲ့ချီပြီး ရင်းနှီးခဲ့ရတာလေ၊ ပြီးတော့ မင်းမေမေ အသက်ဟာ မမကျေးဇူးကြောင့် ဒီနေ့ထိ ရှင်သန်ခွင့်ရနေ တာပါ"

"မင်း ဒီကျေးဇူးတွေ သိထားဖို့တော့ကောင်းပါ တယ်ကွယ်"

"အဲဒီငွေတွေဟာ မမ သဲထဲကရခဲ့တာတော့မဟုတ် ဘူးနော်၊ မနားမနေ ရိုးသားကြိုးစားရှာဖွေခဲ့ရတာ"

ခွာညိုခက် မလှုပ်သာအောင် ငွေစကားနဲ့ပဲချည် နှောင်ထားလိုက်ပါ၏။

သို့သော် . . .

မင်းခန့်ညားမှာကား သူမထင်ထားတာထက်ပိုလို့





ပင် တည်ငြိမ်နေလျက်က . . .

"ကျုပ်ဘဝကို ငွေနဲ့သိမ်းပိုက်ခဲ့မှန်း နားလည်ပြီး သားပါ မမခွာညို"

"လျှော့တော့မတွက်နဲ့ပေါ့လေ၊ ကျုပ်ကလည်း ဒီ ငွေကြောင့်သာ ယောကျ်ားစင်စစ်ဘဝကနေ ပိုင်းလုံးဘဝ ရောက်ခဲ့ရတာလေ၊ ကျုပ်ကလည်း ဒီငွေကို နဂါကျဉ်းချက် နဲ့ မနားမနေ ကြိုးစားရှာခဲ့ပြီးသားပါ"

မင်းခန့် ဘာတွေပြောနေတာမှန်း ခွာညိုနားမလည် နိုင်ပေမယ့် စားပွဲပေါ်သို့ ပစ်ချလိုက်သော ငွေစုဘဏ် စာအုပ်နှင့် ချက်လက်မှတ်များကိုတွေ့မှ သူမကောင်း ကောင်းကြီး သဘောပေါက်ရတော့၏။

"ဒီမှာ မမခွာညို ဟောဒီဘဏ်စာအုပ်ထဲမှာငွေ သိန်းနှစ်ရာကျော် ရှိတယ်၊ ဒီနေ့ကစပြီး ကျုပ်ဘဝ လွတ် လပ်ပါရစေတော့"

ခွာညိုခက်များစွာ တုန်လှုပ်နေခဲ့ရပါပြီ။ မင်းခန့် နှင့်သီးသီး ပြောနေပေမယ့် စိတ်မဆိုးနိုင်ခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆက်တည်းမှာပဲ မင်းခန့်က သူမအား အမှန်ပဲ စွန့်ခွာတော့မှာပါပဲလို့ သိလိုက်ရတော့သည်။

"ဩော်. . ဟော်. . မင်းဘက်က ဒီလောက်ထိ တောင် ပြင်ဆင်ပြီးနေမှကိုး မင်းခန့်ရဲ့။ ကိစ္စတစ်ခုကို အလွယ်လေး မဆုံးဖြတ်စမ်းပါနဲ့ မင်းခန့်"

"ဒေါ်ခွာညိုမှာ ငွေဆိုတာ သုံးမကုန် ဖြုန်းမကုန်ပါ ကွယ်၊ မမလိုတာ မင်းရဲ့အချစ်တွေပါ။ မမကို စွန့်ခွာဖို့ စကား မပြောပါနဲ့နော်"

ပြောရင်းမှ ခွာညိုခက် က မင်းခန့်ကို ဖက်တွယ် လျက် ငိုရှိုက်နေတော့သည်။

မင်းခန့်သူ့ဆုံးဖြတ်ချက်များ မှားယွင်းခဲ့လေပြီလား မေမေ့ရောဂါသာမက ခွတ်ခြုံကျနေသော သူတို့စီးပွားရေး ဟာ ခွာညိုခက်ကြောင့်ပဲ ပြန်ဦးမော့လာနိုင်ခဲ့တာပင်။

အများအမြင်မှာ ဘယ်လိုပဲ ရှိခဲ့ပေမယ့် ခွာညိုခက် နဲ့ပေါင်းသင်းခဲ့သမျှ ကာလတစ်လျှောက်မှာ ဘာတစ်ခုမှ လို လေသေးမရှိစေရ။





မင်းခန့်လက်ညှိုးညွှန်ရာ ရေဖြစ်စေခဲ့တာချည်းပဲ ဖြစ်၏။

ကိုယ့်ဘဝကို များစွာကောင်းခဲ့သူကို ဘာမဟုတ်တဲ့ နှလုံးသားရေးရာကျမှ စွန့်ခွာတော့ရော တရားမျှတမှု ရှိမှာ တဲ့လား။

သို့သော် ချစ်သောနေခြည် . . . ။

သူ့ဘဝနောက်ကြောင်းတွေ ဘာမှမသိရှာသေးဘဲ သူ့ဘဝထဲ ရောက်လာသူလေး။

နေခြည့်ကိုရော သူစွန့်လွှတ်နိုင်မှာတဲ့လား။

ဘယ်လိုမှ မဖြစ်နိုင်။ နေခြည်ဟာ သူ့ဘဝ သူ့ရင်ထဲ က ပန်းလေးတစ်ပွင့်ပါ၊ ဘယ်လိုမှ ဆုံးရှုံးမခံနိုင်ပါ။

သူ ပြတ်သားရပါမည်။ ဖက်တွယ်လာသောခွာညို့ လက်များအား ဆွဲဖယ်လိုက်ကာ . . .

"ကျုပ်ဘဝ သူများအပြောခံဘဝက ကျွတ်ပါရစေ တော့ဗျာ၊ ခင်ဗျားငွေတွေ ပြန်ရပြီဆိုတော့ ကျုပ်တင်ဖို့ ကျေးဇူးလည်း မရှိတော့ဘူး၊ ဒီတော့ ကျုပ်ကိုသာ ကွာရှင်း



www.burmeseclassic.com

ပေးပါ"

"မင်း . . . မင်းခန့် မမကို တကယ်ခွဲသွားတော့မှာလား ကွယ်"

"ဟုတ်တယ် မမခွာညို ကျုပ်ဆုံးဖြတ်ပြီးပြီ၊ ကျုပ်ရင်ထဲက ခင်ပျားနဲ့ပေါင်းဖက်နေဖို့ အချိန်မရှိတော့ဘူး"

"ဩော် . . . မင်းခန့် မင်းကိုလည်း ငါကပြောပြရ သေးတာပေါ့ကွယ်"

"ဒီမှာ မင်းခန့်၊ ခွာညိုခက်ဆိုတာ ဘယ်တုန်းကမှ သူများနောက်မှာ မရှိဘူးဆိုတာ မင်းနားလည်ထားလိုက် စမ်းပါကွယ်"

"မင်းဟာ မမရဲ့ကွာရှင်းခွင့်လက်မှတ် မပါဘဲနဲ့ လွတ်လပ်တဲ့သူတစ်ယောက် ဘယ်တော့မှ ဖြစ်မလာဘူး ဆိုတာ မှတ်ထားလိုက်"

"ဒီလိုမှမဟုတ်လို့ ရှေ့ဆက်တိုးမယ်ဆိုရင်တော့ မင်းနဲ့ ပတ်သက်မယ့် မိန်းကလေးကို လင်ခိုးမှုနဲ့ ငါက





တရားစွဲယုံပေါ့ကွယ် ဟုတ်လား၊ ရှင်းတယ်နော်"

ကိုယ့်ဘက်က အခိုင်အမာပြောပြီးတာနဲ့ ခွာညို တားပေါ်တက်ပြီး မောင်းထွက်ခဲ့၏။

ရင်ထဲမှာတော့ ကိုယ်တကယ် မင်းခန့်ကို ဆုံးရှုံးရ တော့မှာပါလားလို့ ကြွေကွဲစိုးနင့်နေရ၏။

www.burmeseclassic.com

♥ ♥

နှလုံးသားနဲ့ မြတ်နိုးခဲ့ရတဲ့ သူ့ကိုပဲအပြစ်တင်ရမည်လား၊ ဒါမှမဟုတ် သူ့မနှလုံးသားကို ကြေမွစေခဲ့သော နေခြည်မိုးကိုပဲ အပြစ်တင် ရန်ညှိုးဖွဲ့ရလေမလား ရယ်ဖြင့် ကေဇင့်အဖြစ်က ရင်ကွဲပက်လက်။

ကေဇင်ကျော် ဘဝတွင် ယောကျ်ားလေးများစွာ၏ အရေးယူ ချစ်ခွင့်ပန်မည့်သူများစွာရှိခဲ့ပေမယ့် ဘယ်သူ့ကိုမှ ရင်ခုန်မှုရှိမနေခဲ့တာ အမှန်။

"မင်းခန့်ညားနဲ့ကျမှ သူ့မအသည်းတွေ တစ်စစီ





ကြွေပြုန်းရတဲ့အဖြစ်။

ပြီးတော့ နေခြည်မိုး။

သူမဟာ မင်းခန့်ညားကို ဘယ်လို မာယာတွေနဲ့များ အပိုင်ဖမ်း၊ စည်းရုံးသွားသလဲ။ သေချာတာကတော့ ကေဇင် နေခြည်မိုးသာ မြေစိုင်ခဲဆို ချော်မွှအမှုန့် ပြုမိမှာမလွဲပင်။

"ဒီလောက်လည်း ကြေကွဲမနေပါနဲ့ ကေဇင်"

"ဟင် . . နန္ဒ . . နင်ရန်ကုန်က နင့်မမဆီသွားတာဆို၊ ဘာလို့ ချက်ချင်းပြန်လာတာလဲ"

ကေဇင် မျက်နှာကိုပြင်လျက် ချက်ချင်းစကား လွှဲလိုက်မှန်း နန္ဒသိလိုက်ပါသည်။

မင်းခန့်ညားအတွက်နဲ့များ အားနာနေလိုက်တာ။နန္ဒကျတော့ ရှိတယ်လို့တောင် မအောက်မေ့။ နန္ဒ ရင်မှာ ခံပြင်းမိသည်။

"နင်စကားမလွှဲပါနဲ့ ကေဇင် နင့်ကိုမချစ်လို့ နေခြည်နဲ့ ကို လက်ထပ်သွားမှ ဒီလောက်လည်း ခံစားမနေပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့ဟာ"

"နန္ဒ ဒါ ငါ့ကိုယ်ရေးကိုယ်တာကိစ္စ၊ နင်နဲ့ ဘာမှမဆိုင်ဘူး"

"အိုးဟိုး . . . ဒီလိုမပြောနဲ့လေ။ ဒီမယ် ငါက နင်နဲ့မကြာခင် လက်ထပ်တော့မှာလေ၊ ငါယူမယ့် မိန်းမတတစ်ပါးသူ ယောကျ်ားကို တမ်းတနေတာကို ငါက ကျွမ်းထိုးပြီး ခွမ်းသာနေရမှာလား ပြောစမ်း"

အရင်က ချစ်သောကေဇင် မျက်နှာတစ်ချက်အညှိုတောင် မခံဝံ့လို့ ငြိမ်ကုတ်နေခဲ့သူ နန္ဒတစ်ယောက်။ ရန်ကုန်က ပြန်လာမှအကြီးအကျယ်ကို ပေါက်ကွဲနေခဲ့တာပင်။

မပေါက်ကွဲလို့လည်း မဖြစ်၊ မမခွာညိုရဲ့ယောကျ်ား မင်းခန့်ညားဆိုတဲ့ သိုက်သမားကိုမှ သူသိပ်ချစ်တဲ့ကေဇင်ကျော်က တမ်းတပြီး လွမ်းမျက်ရည်ကျနေတာကိုး။

"ဒါက နင့်အပိုင်းပဲ နန္ဒ၊ နင် ငါ့ကို မပိုင်သေးတဲ့အ





တွက် ချုပ်ချယ်ခွင့်မရှိဘူး"

ကေဇင့်ကို အကြွပ်ကိုင်လို့ မရမှန်းသိလိုက်သည်။

"အားဟား . . . အေးပါကေဇင်ရာ ငါနင့်အစားကြားက ခံပြင်းလွန်းလို့ပါ။ နင့်ကိုလည်း ငါဝန်ခံစရာရှိတယ်။ ပြီးတော့ ဟို . . မင်းခန့်ညားနဲ့ နေခြည်မိုးရဲ့ သတင်းလေးပြောစရာရှိတယ်ဟာ"

ဝန်ခံစရာနဲ့ မင်းခန့်ညားတို့အကြောင်းပါလာတော့ဆွေးရိပ်သန်းနေတဲ့ ကေဇင်ကျော့် မျက်နှာလေး ဝင်းပသွား၏။

နန္ဒကလည်း တမင်အညှာကိုင်လိုက်ခြင်းပါ။

"ငါ ကျောင်းသားဘဝက နေခြည့်ကို စွဲစွဲလန်းလန်းဖြစ်ခဲ့ဖူးတာ နင်သိမှာပေါ့။ အေး အဲဒီတုန်းက ငါ့ကို မတန်မရာလုပ်ခဲ့တဲ့ နေခြည်ဟာ ခုတော့ မယားရှိတဲ့လင်ကိုမှအပိုင်ဖမ်းလိုက်တယ်တဲ့ဟာ၊ နင် မအံ့သြဘူးလား ကေဇင်"

သူမ နန္ဒပြောတာကို ချက်ချင်းသဘောမပေါက်သဲ့အံ့တော်ပင် တွေးယူရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ အံ့ဩတသင့်နှင့် . . .

"နင့်ဟာက သေရောသေချာရဲ့လား၊ သူ့ရုပ်က ဒီလောက်မအိုစာသေးပါဘူး၊ နှင်နေခြည့်ကို မကျေနပ်လို့"

"ဟာ . . တော် . . တော် . . ကေဇင် နင်ပစ်ချက်တွေလွဲကုန်ပြီ၊ ငါဒီလောက် မယုတ်မာသေးဘူး၊ ငါ့အကန့်ကို ထည့်မစဉ်းစားနဲ့၊ နင့်အစား မခံနိုင်ဖြစ်နေတာ၊ နင်တို့ကသာ သိုက်သမားကို အထင်ကြီးနေကြတာ"

"သေချာဖို့ကတော့ ကျိန်းသေပဲ၊ မင်းခန့်ညားက မမခွာညိုခက်ယောက်ျား၊ မမခွာညိုခက်က ငါနဲ့ ဝမ်းကွဲမောင်နှမတွေ ခုချိန်မှာ အဲဒီနှစ်ယောက်လုံးအတွက် နင်က အောင်နိုင်သူဖြစ်နေပြီဟ"

နန္ဒစကားတွေက သူမနားထဲ မကြားတစ်ချက်၊ ကြားတစ်ချက် မယုံဆူးလို့ငြင်းရအောင်လည်း နန္ဒဟာ ဒီလိုမျိုး စနောက်တတ်သူမဟုတ်"

"ငါတော့နားထဲမှန်တိုင်းတွေ ဝင်ရောက်နေပြီနန္ဒ"

နန္ဒကလည်း မခေပါဘူးလေ၊ ကေဇင့်ကိုလည်း





တကယ့်ကို သနားပြီး အချစ်ကြီးချစ်နေမိတာပါ။

"စိတ်ချ ကေဇင်၊ နင် နားမလည်မချင်းကို ရှင်းပြမှာ၊ အဲဒီလို ပြောချင်လို့ကို နေ့မကူးဘဲ ငါပြန်လာတာလေ"

"အေး . . ပြောပြရင် နေခြည်ကစရမယ်၊ နေခြည်ဟာ ငါ့ကိုအသည်းခွဲရုံမက နင့်နှလုံးသားကိုလည်း လုယူသွားတယ်ဟာ။ ဒီအတွက်သူ့ရလိုက်တာ လူပျိုဟန်ဆောင်ထားတဲ့ မင်းခန့်ညားနဲ့ ဟုတ်တယ်နော်"

"အင်း . . . ဟုတ်ပြီ"

ကေဇင် ဖြည်းဖြည်းချင်းတော့ သဘောပေါက်လာ၏။

"ကဲ . . ဒါဖြင့် နင်စွဲလန်းခဲ့တဲ့ မင်းခန့်ညား၊ သူဟာ ငါ့လို လူပျိုလူလွတ်မှမဟုတ်ဘဲဟာ၊ သူ့မှာ မယားနဲ့ အဲဒီတော့ နင်နဲ့လွဲသွားတာကို ဝမ်းမသာဘူးလား"

"ငါ အဖြေရှင်းသွားပြီ နန္ဒ"

ကေဇင်ကျော့ မျက်နှာပြင်လေး ချက်ချင်းဝင်းပ



www.burmeseclassic.com

www.burmeseclassic.com

သွားခဲ့၏။

"နန္ဒ ငါကံကောင်းလို့ပေါ့နော်"

"အိုကေ . . . ငါလိုချင်တာအဲဒါပဲ ကေဇင်၊ သေချာသလားလို့တော့မပြောနဲ့၊ မင်းခန့်ညားရဲ့ လက်ရှိအိမ်ထောင်က ငါ့မမ ခွာညိုခက်ဖြစ်နေလို့ပဲ"

"ငါတော့ နင့်ကိုသိပ်ပြီးကျေးဇူးတင်သွားပြီ နန္ဒ၊ တကယ်ပြောတာ"

"ဟိတ် . . . ဒီလိုမရဘူးလေ၊ ငါနဲ့လက်ထပ်ဖို့သာ"

ကေဇင့်အား နန္ဒကသိုင်းဖက်ထားလိုက်ရင်း ပြောတော့ သူမ ချစ်စနိုးလေးပြုံးရင်း။

"စိတ်ချသာနေတော့ နန္ဒ မေမေ့ကို မြန်မြန်စီစဉ်ခိုင်းလိုက်ရင် နင်ကျေနပ်တော့ပေါ့"

"အိုကေ"



ဒေါ်မူမူနိုင်ပြောသမျှတွေက နားထဲတွင် သံရည်ပူနှင့် လောင်းချနေသည့်နှယ် ဒေါ်ကြည်ပြာမိုး ခံစားနေရ၏။

"မူမူလည်း ပြောသာပြောဖြစ်ရတယ်၊ စိတ်ထဲမကောင်းပါဘူး ကြည်ပြာရယ်၊ နေခြည်မိုးလေးဆိုတာ ကိုယ့် သမီးလေးလို ပါပဲ"

"ကြည်ပြာတို့အပြစ်လည်း ပါပါတယ်၊ မင်းခန့်တို့ မူမူတို့နဲ့ပတ်သက်နေတော့ ယုံလိုက်မိတာ။ အင်း . . .

www.burmeseclassic.com

သမီးကြိုက်တဲ့ခုချိန် ဒုက္ခရောက်နေရောပေါ့၊ ကြည်ပြာတော့ သေသာ သေလိုက်ချင်တော့တယ်။ အမိုက်မကောင့်လို သိမ်သိမ်မွေ့မွေ့မှမရှိခဲ့တာ၊ ဒင်းထိုက်နဲ့ ဒင်းသာ ခံပေတော့"

သမီးလုပ်သူနေခြည့် အဖြစ်ကြောင့် ဒေါ်ကြည်ပြာမှီး **ခမျာ ခေါင်းမဖော်ဝံ့အောင်** ဖြစ်နေရသည်။

**အထူး**သဖြင့် ဒေါ်မူမူနိုင်ရှေ့မှာဆိုတော့ ပိုဆိုး**နေ သည်။**

သမီးနေခြည်က မင်းခန့်ညားနဲ့ ကေဇင်**ကျော်စေ့စပ်**ကာနီးမှာမှ မင်းခန့်ညားနှင့် လက်ထပ်ယူခဲ့**ကြတာ ဆိုတော့** ဒေါ်မူမူနိုင်က မစားရတဲ့အမဲ သဲတွေ**နဲ့ဖျည်း ဖိပက်**နေတော့၏။

"မင်းခန့်ရဲ့အိမ်ထောင်သူက **ကေဇင်နဲ့လက်ထပ် မယ့် နန္ဒ**ရဲ့ မမခွာညီလေ၊ သတင်းက **မမှားနိုင်ပါဘူး**"

အထ**က်**စီးလေသံနဲ့ တစ်ဖက်ကပြောသမျှဒေါ်ကြည်ပြာ ခေါင်းငုံ့ခံလာရတဲ့အဖြစ်။





ခုချိန်မှာတော့ ဘာကိုအပြစ်ဖွဲ့လို့ ရတော့မှာတဲ့လဲ။ သမီးလုပ်သူ နေခြည်မိုးကိုသာ ဒေါသတွေတလိပ်လိပ်ဖြစ်နေရတော့သည်။

ဒေါ်ကြည်ပြာက သမီးဖြစ်သူအတွက် ဒေါသနဲ့မြေးနိုင်ခဲ့ပေမယ့် မြေးဖြစ်သူကို အလိုလိုက် သိပ်ချစ်လွန်းသော **ဘွားဘွား**ကတော့ မြေးမလေး နေခြည်မိုး၏ **သတင်းဆိုးကြားတာနဲ့**တင် ရောဂါတိုး၍ စိတ်ထိခိုက်ပြီး **ဦးနှောက်သွေးကြောပြ**တ်၍ ကွယ်လွန်သွားရှာလေသည်။

ဒေါ်**ကြည်ပြာ**ဒေါ**သတို့**ကား နောက်ဆုံးအဆင့်ထိ ရောက်ခဲ့ချေပြီ။

သမီးဖြစ်**သူနေခြည့်**အား အမွေပြတ်ကြေငြာတဲ့အထိဖြစ်သွားခဲ့ရ**သည်။**

အချစ်ကြီးချစ်ခဲ့ရသောသမီးလေးမို့ အမျက်ကြီးခဲ့ရခြင်းပဲဖြစ်သည် . . .

ဖတာဆိုးသမီးလေးမို့ မအေက အလိုလိုက်ခဲ့တာကို


www.burmeseclassic.com

www.burmeseclassic.com



ယောက်မမြင်းစီးထွက်ခဲ့လေတော့ နာလည်းနာကြည်း မိလေသည်။

မိုက်လိုက်တဲ့ သမီးလေးရယ် . . . .။



မောင်နဲ့ လက်ထပ်ခဲ့ခြင်းသည် နေခြည့်အတွက် မှန်ကန်သော ရွေးချယ်မှုတစ်ခုဖြစ်ခဲ့ပါ၏။

နေခြည့် မောင့်ကိုချစ်သလို မောင်ကလည်းနေခြည့် ကို ချစ်လွန်းလှပါသည်။

တစ်ခါတစ်ရံ မေမေနဲ့ဘွားဘွားအား သတိရမိရုံ မှတပါး မောင်နဲ့နေရတဲ့ဘဝလေးကို နေခြည်ကျေနပ်ပျော် ရွှင်နေမိသည်။

အိမ်ထောင်သည်ဘဝ ရောက်ခဲ့ပေမယ့် နေခြည်



www.burmeseclassic.com

www.burmeseclassic.com

နေရသည်မှာ တကယ့်ကို ခြေမွှေးမီးမလောင် လက်မွှေး
မီးမလောင်။

နေခြည်လည်း အဖော်ရ၊ အိမ်ထမင်းချက်နဲ့ အ
ဝတ်အစားလျှော်ဖို့ချည်းကို အိမ်အကူနှစ်ယောက် မောင်
က ခေါ်ထားပေးခဲ့သည်။

နေခြည် ဘာဆိုဘာမှ လုပ်စရာမလို၊ မောင်အလုပ်
တို့ အပြင်တို့သွားမယ်ဆိုမှ မောင်နဲ့လိုက်ဖက်မယ့် အဝတ်
အစားကို ဗီရိုထဲက အဆင်သင့် လိုက်ရွေးထုတ် ပေးရုံ
သာ။

ဒီနေ့လည်း မောင့်အတွက် ပိုးတွဲအပြာနုလေးနှင့်
ရှပ်အပြာနုရောင်ကို ဗီရိုထဲမှထုတ်ယူလာကာ မီးဖိုခန်း
ဘက်ထွက်ခဲ့၏။

"နေခြည်ရာ မောင့်အတွက်များ တကူးတကနေ့စဉ်
ရက်ဆက်ကြီး ရွေးပေးမနေပါနဲ့ မောင်ကြုံသလို ဝတ်
တတ်ပါတယ်ကွာ"

"ဘယ်ဟုတ်မလဲမောင် နေခြည်လည်းအိမ်မှာဘာမှ





လုပ်ရတာမှ မဟုတ်ပဲဟာ၊ ပြီးတော့ မောင်ကကုမ္ပဏီတွေ
စက်ရုံတွေပိုင်ရှင်လေ၊ ဝတ်စားတာ ကျက်သရေရှိနေမှ
ပေါ့"

မင်းခန့်သား ပြုံးလိုက်၏။ မမခွာညိုခက်နဲ့နေလာ
တဲ့ သူ့ဘဝတစ်လျှောက် ဤသို့ ဂရုတစိုက်ပြုစုယုယမှုမျိုး
အလျှင်းမရှိခဲ့။

ဒါကြောင့်လည်း သက်တူရွယ်တူ နေခြည့်ကို အ
ချစ်ပိုခဲ့ မိသလား မပြောတတ်ချေ။

"ဒီနေ့ မောင် ခပ်စောစော ပြန်ခဲ့မယ်နေခြည်"

"ဘာလို့လဲမောင်ရဲ့ အလုပ်ကိစ္စတွေ မပြတ်ဖြစ်
တုန်မှာပေါ့"

"ဖော်သစ်ရှိတယ်နေခြည်၊ သူက မောင့်လူယုံ။ လွှဲ
ထားလို့ရတယ်၊ မောင် နေခြည့်ကို မြို့ထဲမှာ ရှော့ပ်ရှင်လိုက်ပြ
မလို့"

"ဟယ် . . . တကယ်"

"တကယ်ပေါ့ နေခြည်ရဲ့။ နေခြည်သာ အလှဆုံး



www.burmeseclassic.com

www.burmeseclassic.com


ပြင်ထားဟုတ်လား"

နေခြည် ခေါင်းလေးညိတ်ပြီး ကိုယ့်ကိုကိုယ် ကျေနပ်နေမိသည်။

မင်းခန့်ညား သူမအပေါ် အရေးတယူ ဂရုစိုက်တာမို့ ရင်မှာပျော်မဆုံးခဲ့။

မိဘလက်ထဲ ရုပ်ရှင်ခိုးကြည့်ရတဲ့ အရသာနဲ့အိမ်ထောင်သည်ဘဝမှာ ကိုယ့်ကို လင်သားက တရေးတယူ ရုပ်ရှင်ပြမည်ဆိုတော့ ဇနီးမယားမှာ ဝမ်းသာမိသည်ပေါ့။

"အကိုလေးကတော့ မမနေခြည်ကို အရမ်းချစ် အရမ်းဂရုစိုက်တာပဲနော်"

"ချစ်တာကိုး မြမြရဲ့၊ အဲ . . . ဟုတ်ပေါင်"

အိမ်ဖော်မလေး မြမြအားလက်လွှတ်စပယ် ပြောမိပြီးမှ နေခြည်ကိုယ့်ဘာသာ ရှက်နေမိတဲ့အဖြစ်။ ဘာပဲပြောပြော မောင်ပြန်လာမယ့်အချိန်ကို သူမအလှဆုံး ပြင်ပြီး စောင့်နေလိုက်တော့မှာပါ . . .။

ညနေကို သူနေခြည့်အား ရုပ်ရှင်လိုက်ပြပေးမယ်ဟု ကတိပေးထားသဖြင့် လုပ်လက်စ ငွေလွှဲများကို မန်နေဂျာ ဦးအောင်မြင့်အား လက်စသတ်ခိုင်းလိုက်ရ၏။

"ဒီငွေလွှဲလေး ဆက်ရှင်းထားလိုက်နော် ဦးအောင်မြင့်"

"ဟို . . မောင်မင်းခန့် အန်ကယ်လ်လည်း မင်းကို ပြောရမှာ အားနာတယ်ကွာ၊ အန်ကယ်လ်တို့ကချည်း ငွေရှင်းဖမ်းတွေ လုပ်ပေးနေလို့ မမလေးခွာညိုက မကျေနပ်


www.burmeseclassic.com

www.burmeseclassic.com

ဘူးဖြစ်နေတယ်၊ မောင်မင်းခန့်ပဲ ရှင်းသွားလိုက်ပါ လား"

ခွာညိုခက်နာမည် ကြားလိုက်တာနဲ့တင် မင်းခန့် ရင်ထဲမှ ပျော်ရွှင်နေမှုများ ချက်ချင်းငုပ်လျှိုးသွားရ၏။

သူ့စိတ်အစဉ်မှာ နေခြည်နဲ့ပတ်သက်လို့ ရင်ခုန်ဖျော်ရွှင်ကြည်နူးရပေမယ့် ခွာညိုခက်နဲ့ဆိုလျှင် အမြဲလျှောင်ပိတ်မွန်းကြပ်ခဲ့သည်သာ။

တစ်ချိန်က အချုပ်အနှောင်မှာ မလွဲသာလို့နေနိုင်ခဲ့ပေမယ့် နေခြည်ရှိလာတော့ ဒီအနှောင်အဖွဲ့မှာ သူ့အတွက် မဟာငရဲကြီးတစ်ခုလို ဖြစ်လို့နေခဲ့ပြီ။

ဒီအနှောင်အဖွဲ့မှ ရုန်းထွက်ချင်လှသလို ရုန်းထွက်နိုင်အောင်လည်း မင်းခန့် ကြိုးစားခဲ့၏။

ခုတော့ မင်းခန့်ညားမှာ အောင်မြင်မှုတွေနှင့်။ သို့ပါသော် ခွာညိုခက် နှောင်ကြိုးတွေက ရုန်းထွက်ဖို့မလွယ်ရှိနေ၏။

သူနှင့် နေခြည် တိတ်တခိုး လက်ထပ်ထားတာသာ ခွာညိုခက်သိသွားပါမူ။





သက်ပြင်းမော့ သူ့ရှိုက်တော့ ဦးအောင်မြင့်အားနာနေရှာသည်။

"ခက်တယ်ဗျာ"

"အန်ကယ်လ် ကျန်ခဲ့တဲ့လက လက်ကျန်ငွေရှင်းတော့ အန်ကယ်လ်ရှင်းတာ မလိုချင်ဘူးတဲ့၊ မောင်မင်းခန့်ကကျေကျေနပ်နပ် လက်ခံပေမယ့် ခွာညိုလက်မခံတော့ အန်ကယ်လ်လည်း ကြားကမျက်နှာပူလို့ပါကွာ"

"ဟုတ်ကဲ့ အန်ကယ်လ် ဒါဖြင့်ကျွန်တော်နဲ့ ရှင်းပြီးသွားပြီလို့သာ သူလာရင်ပြောလိုက် ဟုတ်လား၊ စာရင်းတွေ ကျွန်တော်သိမ်းသွားမယ်"

"အေး . . . အေး . . . မောင်မင်းခန့်"

အလုပ်နဲ့ပတ်သက်လျှင် စေ့စပ်လွန်းသောခွာညိုခက်ကြောင့် သူ့စီးပွားတိုးတက်လာခဲ့ပေမယ့် ခုချိန်မှာတော့ ခွာညိုခက် စီမံနေသမျှ သူ့အတွက် အနှောင့်အယှက်လို ဖြစ်နေခဲ့ချေပြီ။

ဖိုင်တွေသိမ်းပြီး လှမ်းထွက်မယ့် သူ့ခြေလှမ်းများ



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီရုံးရှေ့မှာ ထိုးရပ်လာသော မက်တူးကားဖြူလေးကြောင့် ရင်မောသွားရ၏။

ခွာညိုခက်ပင် . . .။

သူ့ထံ တန်းတန်းမတ်မတ် လှမ်းဝင်လာလျှက် . .

"ငွေရှင်းတမ်းတွေတောင် ငယ်သားတွေနဲ့ လွှဲထားရအောင် ရင်းနှီးထားရတဲ့ငွေတွေက မိုးပေါ်ကကျလာတာ မဟုတ်ဘူးမင်းခန့်၊ မင်း ဆင်ခြင်ဖို့ကောင်းနေပြီ"

ခွာညိုခက်လေသံက ကျောက်သားပမာ မာကျောနေ၏။

"သူတို့က ကျွန်တော့်လူယုံတွေပဲ၊ မမခွာညို ဒါကျွန်တော့်အလုပ်လေ"

"ဩော် . . . ငါက မင်းမယားဆိုတာရော ထည့်မပြောတော့ဘူးလား၊ မင်းအောင်မြင်လာတာရော ဘယ်သူ့ကျေးဇူးတွေကြောင့်လဲ"

ပါလာပြီ ဒီကျေးဇူးတွေ၊ ရင်မှာ ငုပ်လျှိုးနေတဲ့ ဒေါသက ရုပ်ချည်းအုံကြွလာသည်။





ဒီကျေးဇူးတွေကြောင့်ပဲ သူ့ဘဝမွန်းကြပ်ခဲ့ရတာပါ။

"တော်ပြီ . . . ဒေါ်ခွာညို၊ ခင်ဗျားကျေးဇူးတွေဆိုတာ ကျုပ်ခင်ဗျားကိုပေးထားတဲ့ ဘဏ်စာအုပ်ထဲမှာ အပြည့် ပြန်အပ်ထားပြီးပြီ"

မင်းခန့် နာနာကျင်ကျင်ပြောတော့ ခွာညိုခက်သဲ့သဲ့ရယ်၏။

မင်းခန့် ဘာကိုဆိုလိုတော့မယ်ဆိုတာ သူမ အတတ်သိနေပြီးပြီ။ သို့သော် မင်းခန့်ကို သူမ မစွန့်လွှတ်နိုင်။

ပေးဆပ် မှုတွေဘယ်လောက်ပဲ ရှိနေခဲ့ပါစေ၊ သူ့ဘဝမှာ မင်းခန့်သည်သာအဓိက။ လိုက်လျောမှုတွေနဲ့ ချစ်ခဲ့မိတာ သူမ မှားအံ့မထင်မိပါလေ။

"မင်းခန့် . . . မင်းခန့် ငွေဆိုတာ ခွာညို့အတွက် မရှားဘူးလေ။ ဒီငွေတွေဆပ်ပြီး မင်းငါနဲ့ကွာမယ်ပေါ့၊ အဟင်း . . . သိပ်ရယ်ဖို့တော့ကောင်းနေပြီ၊ မင်းအာမေရောဂါသည်ဆိုတာ မမေ့နဲ့နော်"

"ပြီးတော့ ဒါဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းခန့် အံ့ဩတကြီး ကြည့်မိတော့ သူနှင့်ခွာညို့ တရားရုံးမှာ လက်ထပ်ထားတဲ့ **စာချုပ်။**

ဖော်သစ်ကို အစ်မေးလို့ **ငါအားလုံးသိပြီးသွားပြီ** မင်းခန့်၊ မင်း အဲဒီမိန်းကလေးကို **ကွာလိုက်ပါ၊** မဟုတ်လို့ **ကတော့** ငါက ငါ့လင်ခိုးမှုနဲ့ **တရားစွဲပစ်လိုက်မှာနော်”**

သူမဘက်က ယတိပြတ် ပြောလိုက်ရပေမယ့် **တကယ်ပြတ်သွားဖို့ကျတော့ တွန့်ဆုတ်**နေမိတာ ဘာ**ကြောင့်**များလဲ။

ပြိုင်ဘက်ကို အလဲထိုးချင်ပေမယ့် မင်းခန့်စိတ်ဆင်း**ရဲမှာ၊** နာကျည်းသွားမှာ သူမစိုးရိမ်မိတာအမှန်။

ခွာညို့ဘဝမှာ မင်းခန့်ဟာ အိမ်ထောင်ဦးမဟုတ်ခဲ့**ပေမယ့် အချစ်**တွေဟာ မင်းခန့်နဲ့ကျမှ ရှင်သန်နိုးထလာ**ခဲ့တာပဲ ဖြစ်**သည်။

**မင်းခန့်**သာ ခွာညို့ဘဝ၊ ခွာညို့နှလုံးသား ဖြစ်ခဲ့ရာမှ မင်းခန့်ဘက်က သူမအား တစိမ်းဆန်ဆန် စွန့်လွှတ်ဖို့ စကားတွေသာ ပြောနေတော့ ရင်မှာနာကျင်မိသည်။





ယခုလည်းလက်တွေ့သူမပြောခဲ့သလို မင်းခန့်အား ပြတ်သားဝံ့ပါမတဲ့လား။

သို့သော် မင်းခန့်ဘက်ကမူ နေခြည်နဲ့ပတ်သက်သမျှ ရင်ဆိုင်ဖြေရှင်းဖို့ ဆုံးဖြတ်ထားပြီးသား။ ခွာညို့လောင်းရိပ်မှာ နေရခြင်းထက် နေခြည်နှင့် သာယာတဲ့ အိမ်ထောင်လေး တည်ဆောက်လျက် ခေါင်းမော့နေချင်မိသည်သာ။

**ခွာညို့**ခက်နဲ့ပတ်သက်နေသ၍ သူ့ဘဝရှုံးနေမည်ဟုသာ သိထား၏။

“အဟင်း . . . သိပ်ပြီးရယ်ရတယ် ဒေါ်ခွာညို့။ **ကျေးဇူးဝန်း**ပြပြီး ကျုပ်ဘဝတစ်ခုလုံးကို မေမေနဲ့ ချုပ်ကိုင်ပြီး သိမ်းပိုက်ခဲ့တာ အားမရသေးဘူးလား”

“**အဲဒါ** ဘာကြောင့်လို့ မင်းထင်သလဲမင်းခန့်၊ **ဟောဒီ** မမခွာညို့က မင်းကို အချစ်ကြီးချစ်ခဲ့လို့ပေါ့ကွယ်”

ဟန်မဆောင်နိုင်ဘဲ ခွာညို့ပွင့်ပွင့်လင်းလင်းပဲပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းခန့်၏ အရင်ကပြောင်းလဲခဲ့သော ကြင်နာယုယမှုတွေကို ခုချိန်မှာ ခွာညိုအရမ်းတပ်မက်နေမိတာဆိုလည်း မမှားပါလေ။

“ခင်ဗျားရဲ့အကွက်ကျကျ အကြောင်းဇာတ်လမ်းတွေ လာပြောပြမနေနဲ့ ကျုပ်နားခါးတယ်၊ ယောက်ျားတစ်ယောက်အနေနဲ့ ပိုင်းလုံးဘဝအထိရောက်အောင် ခင်ဗျားဖန်တီးခဲ့တာရော ခုထိအားမရနိုင်သေးဘူးလား ဒေါ်ခွာညို”

“ခင်ဗျားဟာ မိန်းမတန်မဲ့ တဏှာရာဂကို ငွေကြေးနဲ့ ကျုပ်ကိုသိမ်းပိုက်ခဲ့တာ”

“တော်စမ်း . . . မင်းခန့်”

ခွာညို အာခေါင်ခြစ်ပြီး အော်လိုက်မိတဲ့အထိ။ ဒါ သူမအချစ်တွေကို သက်သက်စော်ကားနေသလိုမို့ ရင်မှာ နာကျင်သွားရ၏။

“ဒီမှာမင်းခန့် ငါ့နှလုံးသားတွေထဲသာ မင်းမရောက်လာခဲ့ရင် မင်းအမေဟာ လူ့လောကကြီးထဲမှာ ရှိမနေ





တော့ပါဘူးကွာ”

“ဒီကျေးဇူးတွေနဲ့တင် မင်းငါ့ကို ဒီလိုမဆက်ဆံသင့်ဘူး မင်းခန့်”

“တော်စမ်းဗျာ နားခါးတယ်၊ မေမေ့အတွက်ကုန်ကျငွေတွေအားလုံး ကျုပ်ရှာပေးထားပြီးပြီ။ ဒီတော့ လှောင်အိမ်ထဲရောက်နေတဲ့ ကျုပ်ဘဝကို လွတ်လပ်ခွင့်ပေးတော့ ဒါပဲ”

မင်းခန့် ပါးစပ်ထဲရှိတာပြောပြီး ခွာညိုခက်ရှေ့မှ လှမ်းထွက်မည်အလုပ်။

“မင်းခန့် မမခွာညိုကို မင်းနှလုံးသားထဲမှာနေရာလေးတစ်ခုတောင် မပေးနိုင်တော့ဘူးလားကွယ်၊ မင်းနေတတ်ရင် ကျေနပ်စရာချည်းပါကွာ”

မင်းခန့်လက်မောင်းကို ဖက်တွယ်ရင်းခွာညို ပြောတော့ မင်းခန့်ခေါင်းခါ၏။

သူမကမ္ဘာကြီးတစ်ခုလုံး ပျက်သုန်းသွားသလား ထင်မှတ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက အချစ်ရဲ့ကျေးကျွန်ဖြစ်သလို ငါလည်းအချစ်ရဲ့ကျေးကျွန်ဖြစ်သွားတာပဲကွာ၊ မင်းကိုယ်ချင်းစာဖို့ကောင်းတယ်ကွာ"

"ကျုပ်နှလုံးသားတွေဟာ ခင်ဗျားကြောင့်ကျောတ်စိုင်ခဲ့တွေလို မာကျောနာကျင်ခဲ့ရတာ ခင်ဗျားအသိဆုံးပါဒေါ်ခွာညို။ ဒီအတွက်နဲ့ကျုပ်ဆက်ပြီး ဟန်မဆောင်ပါရစေနဲ့"

ဖက်တွယ်လာသောခွာညို့လက်များကို ဖယ်ချကာလှမ်းထွက်ခဲ့၏။

သူမငိုရှိုက်ပြီး ကျန်ခဲ့မှန်းသိနေပေမယ့် မင်းခန့်ရင်ထဲမှာ ထွေထွေထူးထူးတော့ မခံစားရပါချေ။

လက်မှနာရီကိုကြည့်တော့ ညနေလေးနာရီဆယ်မိနစ်။

"ဟာ . . . နေခြည်တော့ ငါ့ကိုမျှော်နေတော့မှာပဲ 'တောက်' ဟိုမိန်းမလာရှုပ်နေလို့ အလကားတကျာ ရှုမကြီး"





ကားပေါ်ထိုင်မိတာနှင့် ခပ်ကြမ်းကြမ်းပဲမောင်းထွက်ခဲ့၏။

ရင်မှာ အပျော်စိတ်တို့အစား စိုးထိတ်မှုတွေသာဖြစ်တည်နေခဲ့ပြီ။

နေခြည် မျှော်နေလောက်ပြီ။

နေခြည်နဲ့ပတ်သက်၍ နေခြည်မုန်းသွားမှာမပြောနှင့်။ နေခြည့်မျက်နှာ ညိုးသွားမှာကိုပင် မဖြစ်စေချင်တာသူ့ဆန္ဒ။

နေခြည်နဲ့ပတ်သက်လို့သာ လှောင် ပိတ်မွန်းကြပ်နေတဲ့ဘဝက ရုန်းထွက်လာနိုင်ခဲ့တာပါ။

သူ နေခြည်နဲ့သာ မဆုံဆည်းခဲ့ပါမူ ခွာညိုခက်၏ လောင်းရိပ်အောက်မှာ ဘယ်လောက်များ ရပ်တည်ပေးနေရမည်မသိချေ။

နေခြည် ကိုယ် ဝင့်မလည်ပါရစေနဲ့ကွာ . . . ။

နေခြည် သူနောက်ကျသဖြင့် စိတ်ကောက်နေမည်ကို ဘယ်သို့ချော့ရပါလိမ့်လို့တွေးပြီး ကားကို အိမ်ရှေ့ဆင်



www.burmeseclassic.com

www.burmeseclassic.com

ဝင်မှာ ထိုးရပ်လိုက်သည်။

"တီ . . . တီ . . . တီ"

ကားရပ်ပြီးတာတောင် နေခြည့်အရိပ်အခယောင်မ

တွေ့ရသဖြင့် ကားဟွန်းကို ဖိတီးလိုက်သည်။

ခါတိုင်းဆို သူ့ကားစက်သံကြားတာနှင့် နေခြည်အ

အိမ်ထဲမှထွက်ပြီး ကြိုဆိုစမြဲ။ ယခုမူ အပြင်ကကားသံ

ကြားတာတောင် သူမကိုမတွေ့။

နံနက်က အပြင်သွားကြဖို့ ညနေလေးနာရီပြင်ဆင်

ထားဖို့ သေချာမှာထားခဲ့တာပါ။

"ဟော . . . အစ်ကိုလေးပြန်လာပြီ"

ကားပေါ်ကဆင်းပြီး အိမ်ရှေ့ရောက်တော့ အိမ်

အကူမလေးမြမြ ပြေးထွက်လာကာ တံခါးဖွင့်ပေးသည်။

သူ့သတိပြုမိသလောက် မြမြ မျက်နှာမကောင်းအ

"မြမြ အိမ်မှာဘာဖြစ်လို့လဲ၊ နေခြည်နင့်ကိုဆူထား

လို့လား"

"ဟင့်အင်း . . . မဟုတ်ဘူး အစ်ကိုလေး"





မေးသာမေးလိုက်ရပေမယ့် နေခြည်က ကိုယ့်အိမ်

က အလုပ်သမား မြမြတို့အပေါ် ဘယ်တော့မှ နိုင့်ထက်

စီးနင်း မဆက်ဆံတာ သူအသိဆုံး။

ဒါမှမဟုတ် ဘေးပတ်ဝန်းကျင် အိမ်နဲ့များ စကား

များ လေရော့သလား။ ဒါလည်း ကိုယ့်ခြံနှင့်ကိုယ်အိမ်

နေကြသော လူကုံထံရပ်ကွက်လေးမို့ ပြဿနာမဖြစ်နိုင်။

မင်းခန့်ဇဝေခွဲမရဖြစ်နေစဉ်မှာပဲ မြမြက သူသိချင်နေ

သောအဖြေကိုပေးလာခဲ့ပါသည်။

"အ . . အစ်ကိုလေး . . မမ . . မမလေးနေခြည်

မ . . မရှိတော့ဘူး"

"ဘာ"

မင်းခန့် ရင်တစ်ခုလုံးပြောင်းဆန်သွားရ၏။ ဘယ်

လိုမှ ထင်မထားမိတဲ့သတင်းပါ။

မြမြကလည်း ညာပြောမည့်ပုံမပေါ်ပါ။ နောက်

တော့ သူ့ရင်ကို အက်ဆစ်နဲ့ပက်သော သတင်းဆိုးများ

အချုံး ဖွင့်ပြောလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်ကိုလေး မမနေခြည်ကို မန္တလေးက သူ့အမေ လာခေါ် သွားတယ်၊ ရော့ ဒီမှာအစ်ကိုလေးအတွက် စာပေးခဲ့တယ်"

"နေခြည့် မမေ ဟုတ်လား"

"ဟုတ်တယ် အစ်ကိုလေး၊ အဘွားကြီးက အစ်ကိုလေးကို တော်တော်ဒေါကန်နေတဲ့ပုံပဲ"

စဉ်းစားမရနိုင်စွာနဲ့ စာအိတ်ဖြူလေးကို ဖွင့်ဖောက်ဖတ်မိသည့်အခိုက် . . .။

*လှသူတော်ကောင်းကြီး၊*

*ရှင့်ကို ဒီလိုပဲခေါ်လိုက်ပါရစေတော့၊ ရှင်ဟာ ရုပ်ကလေးနဲ့မလိုက်အောင် အကြံပက်စက်လိုက်သာနော်၊*

*ရှင့်အပေါ်ယုံကြည်ပြီး ထုံအလွန်းတဲ့ကျွန်မဟာ မေမေလိုက်လာပြီးပြောပြမှ ရှင့်အကြောင်းတွေသိခဲ့ရတယ်။*

*ကျွန်မ ရင်နာလိုက်တာရှင်၊ ရှင်ဟာ မယားကြီး မယားငယ်ရှိနေလျက်နဲ့ ကျွန်မဘဝကို ဖျက်ဆီးရက်တယ်*





*နော်၊*

*ရှင့်ကို ဒီဘဝသာမက နောက်ဘဝအထိ မုန်းလိုက်ပြီ။*

*ရှင့်ဘဝ ကျွန်မဘဝလိုအလှည့်ဖြားကင်းပါစေလို့တော့ ကျွန်မရင်နာနာနဲ့ ဆုတောင်းနေပါမယ် . . .။*

*ဘယ်တော့မှ မကျေမယ့်*

*နေခြည်မိုး*

စာရွက်ဖြူလေးအား ကိုင်ထားသော သူ့လက်များ တဆတ်ဆတ်တုန်ခါနေပြီ။

သူ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ရှင်းပြဖို့ စဉ်းစားထားပေမယ့် ယခုမူ သူ့ဘဝအရိပ်မဲကြီးအား နေခြည့်ကဦးစွာ သိသွားခဲ့ပြီဆိုမှ သူ့အပေါ် ဘယ်လောက်များ နာကျည်းလိုက်လေမလဲ။ ဒါဟာ မမခွာညိုခုံခက် လက်ချက်များလား။

"အစ်ကိုလေးကို တော်တော်မုန်းသွားတြတယ် အစ်ကိုလေး"

"မမနေခြည်ဆို ငိုလိုက်တာမပြောပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com

မြမြစကားတွေက နီးသွားလိုက် ဝေးလာလိုက် ဆက်တီမှာထိုင်ချပြီး မျက်ဝန်းနှစ်ဖက်ကို မှိတ်ထားလိုက်တော့ မျက်ဝန်းမှ မျက်ရည်များစီးကျလို့လာသည်။

"တော်ပါတော့ မြမြ ငါဘာမှမကြားပါရစေနဲ့တော့၊ အားလုံးဟာ ငါ့အပြစ်တွေပဲ"

သူဟာနေခြည့်အပေါ်မှာ မရိုးမသားနဲ့အချစ်တွေ ရယူလှည့်ဖြားခဲ့တာလေ။

သူ့အား နေခြည်ဘယ်လောက်များ စိတ်နာလိုက်လေမလဲ။

သို့ပေမယ့် နေခြည့်မှာ အပြစ်မရှိသလို သူ့ဘက်ကလည်း နေခြည့်အပေါ်မှာ ခိုင်ကျဉ်တဲ့ မေတ္တာထုနဲ့ ချစ်ခဲ့တာပါပဲလေ။

နေခြည့်ကို အသည်းနင့်အောင် ချစ်ခဲ့ရသည့်အတွက် လှည့်ဖြားမိခြင်းသာ။

မပွင့်လန်းခင် လျှောင်ပိတ်မိနေခဲ့ရသော သူ့နှလုံးသား အကျဉ်းကျခဲ့တဲ့ဘဝကို နေခြည့်ကို ရှင်းမပြဖြစ်ခင်





ယခုတော့ သူ့အား နေခြည်အမုန်းကြီးမုန်းသွားခဲ့လေပြီ။

ဖြူစင်သန့်ရှင်းလွန်းတဲ့နေခြည့်အချစ်တွေကို ဝေးကွာရပြီဆိုမှ သူပိုပြီးလွမ်းဆွတ်တမ်းတနေမိခဲ့ပြီ။

နေခြည်ရယ် တကယ်တော့ နေခြည့်အမုန်းတွေနဲ့သာ မောင်ကထိုက်တန်သူပါကွာ။

မောင့်ကို မုန်းပစ်လိုက်စမ်းပါနေခြည်။

ဒါပေမယ့် မောင်ကတော့ ရှင်းသန့်တဲ့အချစ်တွေနဲ့ ထာဝရချစ်နေမှာပါကွာ။

ချစ်သူမရှိသောဘဝက နေ့ချင်းညချင်းပင်သူ့အတွက်အထီးကျန်သောဘဝမျိုးကို သက်ရောက်သွားစေခဲ့သည်။

ကြည့်လေရာ မြင်လေရာတိုင်းမှာ နေခြည့်ပုံရိပ်လေးများကိုသာ စွဲလန်းမြင်ယောင်နေမိ၏။

နေခြည့်အပေါ် ဘယ်သဘောနဲ့သူ့ဘဝ အဖြစ်မှန်ကို ပြောမပြဖြစ်ခဲ့တာ ရှင်းပြချင်ပေမယ့် ချစ်သူက အဝေးသို့တစ်နေရာကို ပြေးထွက်လို့သွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

မောင် ရှင်းပြခွင့် အချိန်လေးတောင် မပေးနိုင်ခဲ့တော့ဘူးလား နေခြည်ရယ်၊ နေခြည်ဟာ မောင့်ရင်ထဲက အချစ်ဦး၊ အချစ်ဆုံးပါ။

နေခြည်ရယ် မောင် ရင်တွေနာလိုက်တာကွာ။

နေခြည့်ကို ချစ်လွန်းလို့ နှလုံးသားအလိုကို လိုက်မိတာပါကွာ၊ မောင့်ကို ခွင့်လွှတ်ပါလို့မောင် မပြောရက်ပါဘူး အချစ်ရယ်။

မျက်ဝန်းကို မှိတ်လိုက်သောအခါ နေခြည်ရဲ့ ချစ်စရာ မျက်နှာလေးနှင့် သံသယတွေကင်းတဲ့ မျက်ဝန်းလေးတွေ နှင့် သူ့ကိုချစ်စဖွယ် အမြဲကြည့်သောမျက်နှာလေးတို မြင်ယောင်လျက် မျက်ဝန်းမှ အလွမ်းမျက်ရည်၊ သောကမျက်ရည် စီးဆင်းလျက် သူမျက်ဝန်းအစုံကို မှိတ်လျက်ငြိမ်နေမိတော့သည်။

နေခြည်နှင့်သူ အပြန်အလှန် ချစ်အကြင်နာလေးများကို တမ်းတနေမိကာ မောင်တို့အဖြစ်ကအိပ်မက်လိုပါပဲလား အချစ်ရယ် . . . ။

ရှိုင်းစာပေ

နေခြည်လည်း မောင့်ကိုနာကျင်ရင်းနဲ့ သတိရနေမလား။

မောင့်အပေါ် အပြစ်မမြင်ဘဲ အချစ်တွေသာမြင်ပါစေကွာ။

♡ ♡

ရှိုင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

မိန်းမတစ်ယောက်အတွက် အလိုပြည့်အောင်မြင်မှုများအတွက် ကျေနပ်ဝမ်းမြောက်စရာချည်းပေမယ့်လို့ မင်းခန့်၏အံမှုအယာကိုကြည့်ပြီး ကြေကွဲမိနေသူက ခွာညိုပဲဖြစ်၏။

ကားပေါ်မှ ဒယီးဒယိုင် ဆင်းလာသော မင်းခန့်။ နှုတ်ဖျားမှလည်း သူ့မမဟုတ်သော နေခြည်နာမည်ကို တတွတ်တွတ်တမ်းတနေ၏။

"အေး . . အေး . . နေခြည်။ အချစ် . . . မင်း





မင်းသိပ်ရက်စက် တယ်ကွာ"

"အဟင်း . . ဒါပေါ့ . . မင်းခန့်ရယ် မမခွာညိုသာ မင်းအနွံအတာခံမှာလေ။ လာပါ မမကိုတွဲ"

"ဗျာ . . . မမခွာညို ဟုတ်လား။ ကျုပ်ဘာမှ မကြားချင်ဘူးဗျာ၊ ခင်ဗျားဟာ ကျုပ်တဝကို အစိမ်းလိုက်ဝါးစားခဲ့တဲ့ မိန်းမကြီးပဲ"

"ဒီကမ္ဘာမှာ ကျုပ်အမုန်းဆုံးဟာ ခင်ဗျား"

နှုတ်ဖျားက ပြောချင့်တာပြောနေပေမယ့် သူ့ခန္ဓာတစ်ခုလုံးက ခွာညိုခက်ရင်ခွင်ထဲမှာ . . .။

ကိုယ်ချစ်ရတဲ့သူက တစ်ပါးသူ ရင်ခွင်ကိုတမ်းတနေမှန်းသိသိကြီးနှင့်တော့ ခွာညိုကတော့ ခွင့်လွှတ်စိတ်နဲ့ချစ်နေ ဆဲပါဘဲ။

ညှော်ခန်းကိုဖြတ်ပြီး အခန်းထဲထိရောက်အောင် သူမ တွဲခေါ်လာခဲ့၏။

ခွာညိုခက် မျက်ရည်မကျအောင် မနည်းထိန်းထားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

မင်းခန့် သူမဆီမလာခဲ့တဲ့ရက်ပိုင်းအတွင်း လပိုင်းအတွင်းမှာ အရက်သောက်တတ်တဲ့အထိ ပျက်စီးသွားခဲ့လေပြီလား။

စီးပွားကိုသာ ကြိုးစားရှာဖွေခဲ့သူ မင်းခန့်။ ခုတော့ သူမ မဟုတ်တဲ့ မိန်းမတစ်ယောက်အတွက်များ ခံစားနေလိုက်တာ။

သူမ မကြည့်ရက်တော့ . . . ။

မင်းခန့်ညားကတော့ ဒီအဖြစ်အပျက်တွေဘာမှ မသိနိုင်ခဲ့သလို ရင်မှာနာကျင် ငကားမှတ်ထားခဲ့မိသမျှကိုသာ မကျေမချမ်းနှင့်ပြောနေမိ၏။

"ခင်ဗျားကို ကျွန်ဘာယ်တော့မှ ကျေမှာမဟုတ်ဘူး ဒေါ်ခွာညို။ ခင်ဗျားဟာ အတ္တသမားပီပီ ကျုပ်ဘဝကို ချိတ်ပိတ်ခဲ့တာ ဒီကမ္ဘာမှာခင်ဗျားကို ကျုပ်အမုန်းဆုံးပဲ"

မင်းခန့်စကားတွေက ခွာညို့နားထဲ ကန့်လန့်ကြီး ဝင်လာခဲ့၏။

တွဲခေါ်လာသော မင်းခန့်အား ကုတင်ဆီသို့





တွန်းချလိုက်ရင်း . . . ။

"အတ္တကြီးတာ ငါမဟုတ်ဘူး၊ မင်းကွ၊ မင်းအမေ့ မျက်နှာလည်းမထောက် ငါ့မျက်နှာလည်းမထောက်၊ ငါ့ပတ်ဝန်းကျင်မှာ ငါ့မျက်နှာ ဘယ်နေရာမှာ သွားထားရမလဲ၊ မင်း ငါ့စေတနာတွေ ဒီလောက်စော်ကားရရင် ကျေနပ်ပါတော့ မင်းခန့်"

"ငါ အတ္တကြီးခဲ့တယ်ပဲထားပါဦး၊ ငါနဲ့သာ မဆုံဆည်းခဲ့ရင် မင်းအမေ လူ့ဘဝမှာတောင် ရှိတော့မှာ မဟုတ်ဘူး ဆိုတာနားလည်စမ်းပါ"

မင်းခန့်ကို ပိုင်ဆိုင်ရဖို့အရေး ခွာညို့ဘဝမှာ အားလုံးကို ရင်ဆိုင်ဖြတ်ကျော်ခဲ့ရတာကို မင်းခန့် တကယ်ပဲ မသိရှာသလား။

စီးပွားရေးဘက်မှာ အောင်မြင်သလို နှင့်ပင်ကိုယ် အလှနှင့်သာမက ပြင်ပြင်ဆင်ဆင်နေတတ်ခဲ့သော ခွာညို့ခက်ကို လုပ်ငန်းရှင်ပုရိသတော်တော်များများက စိတ်ဝင်စားခဲ့ ကြတာပါ။


www.burmeseclassic.com

www.burmeseclassic.com



ဒီအထဲကမှ ရှုပ်ရည်လေးရှိတဲ့ ခပ်ယိုင်ယိုင်စီးပွား ပျက်နေသော မင်းခန့်အား သူမရွေးချယ်ဖြစ်ခဲ့ခြင်းပင်။

မင်းခန့်နှင့် လက်တွဲခဲ့တဲ့တစ်ချိန်လုံးလည်း ကလေး ကိုမုန့် ပေးကြိုက်တာတို့၊ နွားအိုမ မျက်နုကြိုက်တာတို့ကို ခွာညိုခက်ခ ပြောင်အနေနဲ့ရော စောင်းမြောင်းပြောတာမျိုး ကိုပါခံခဲ့ရ၏။

ဒါတွေကို ခါးစည်းခံနိုင်ခဲ့ပေမယ့် မင်းခန့်ထံမှအမုန်း စကားတွေကိုတော့ဖြင့် ခွာညိုဘယ်လိုမှ မခံနိုင်အောင် ဖြစ်မိသည်။

မင်းခန့် နှုတ်ဖျားမှထွက်နေတာမို့လည်း ခွာညို ကြားနေရတာတွေဟာ အိမ်မက်မဟုတ်တာ ကျိန်းသေနေ ပါသည်။

"အော့ . . အော့ . . ကျုပ် : . တောင်းပန်ပါတယ်။ ဒေါ်ခွာညို ကျုပ်ဘဝကို စေတနာတွေ၊ ကျေးဇူးတွေနဲ့ မချုပ်ကိုင်ပါနဲ့တော့ ဗျာ"

"ဒီလောက်နဲ့ပဲ ကျေနပ်ပြီး ကျုပ်ကိုလွတ်လပ်ခွင့် ပေးပါတော့၊ ကျုပ်နဲ့နေခြည် ချစ်ခြင်းကို မခွဲပါနဲ့တော့ဗျာ"

"နေခြည့်ကို ကျုပ်ချစ်တယ်၊ ကျုပ်နေခြည်နဲ့ မဝေး ပါရစေနဲ့"

မင်းခန့်နှုတ်ဖျားမှ ထွက်လာသော တစ်နေခြည်ထဲ နေခြည်ဖြစ်နေတော့တာမို့ မင်းခန့်ဘယ်လောက်ခံစား နေ ရပြီဆိုတာ ခွာညိုခန့်မှန်းလို့ရနေခဲ့ပြီ။

ထို့အတူ ဇော်သစ် အကူအညီနှင့် နေခြည့်မိခင်ကြီး ဒေါ်ကြည်ပြာမိုးကို သူမကိုယ်တိုင်သွားတွေ့ပြီး မင်းခန့်နှင့် နေခြည့်ချစ်ခြင်းကို သူမကိုယ်တိုင်ကပဲ မရှုစိမ့်နိုင်စွာနှင့် ခွဲရစ်ခဲ့တာပင်။

ဒီအကြောင်းတွေ မင်းခန့်သာ သိသွားခဲ့ပါမူ သူမ အား ဒီထက်မက ပိုလို့မုန်းသွားပေတော့မည်။

သူမလုပ်ရပ်များ အမှားကြီးမှားခဲ့ပြီလား မင်းခန့် ပြောသလိုသူမသည် မင်းခန့်ကို ချစ်တာတစ်ခုတည်းနှင့် အတ္တကြီးစွာပိုင်ဆိုင်နိုင်ဖို့ ကြိုးစားပစ်ခဲ့တာလည်းအမှန်၊

ဒီတော့ မင်းခန့် မုန်းမှုနှင့် ပြောသမျှကို




ရှိင်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေလိုက်ရုံ သာ. . ။

မင်းခန့် သောက်စလည်းမရှိဘဲ တော်တော်များများ သောက်လာခဲ့သည်မို့ ခေါင်းက ဘယ်လိုမှမထူနိုင်။ ခွာညို ခက်အပေါ် စိတ်နာနေမိသလို နှလုံးသားမှ အချစ်ဦး နေခြည့်ကိုသာ ဝမ်းကမ်းတတ ဖြစ်နေမိသည်။

သူ့ကုတင်ဘေးမှ မျက်ရည်အဝဲသားနှင့်ငေးကြည့် နေသော ခွာညိုခက်အသွင်က နေခြည့်အဖြစ်သို့ ပြောင်း လဲသွား၏။

"နေခြည် မောင်လေ . . မောင်ပါ နေခြည်ရဲ့၊ မောင့်ကို ခွဲမသွားပါနဲ့နော်၊ မမုန်းလိုက်ပါနဲ့နော်"

"မောင့်ဘဝကို ဒီမိန်းမယုတ်ကြီး ဒေါ်ခွာညိုသာ မသိမ်းပိုက်ခဲ့ရင် နေခြည့်မေမေက မောင်နဲ့ ကြည်ဖြူသ ဘောတူမှာပါကွာ၊ ဒီမိန်းမကြီးနှောင့်ယှက်လို့ နေခြည်နဲ့ မောင် ဝေးရတာပါ"

"မောင် နေခြည့်ကို သိပ်ချစ်တာပါ နေခြည်၊ နေခြည်လည်း မောင့်ကိုသိပ်ချစ်တယ် မဟုတ်လားဟင်"





မင်းခန့်မှာ ခွာညို့အားဖက်တွယ်ရင်း နေခြည် အ မှတ်ဖြင့် တတွတ်တွတ်ပြောနေလေသည်။

ခွာညိုခက် အလိုက်သင့် 'အင်း' လိုက်ပေးရင်းမှ မျက်ဝန်းမှ မျက်ရည်များစီးကျလာနေခဲ့၏။

ရင်မှာ တဆစ်ဆစ်နာကျင်နေရသည်။

မင်းခန့် ခံစားနေရတာကိုပဲ စိတ်ထဲမှာ သနားလာမိ သည်။

သူမ မင်းခန့်အပေါ် ချစ်မိတာမှန်ပေမယ့်လို့ ခုလို စိတ်ဆင်းရဲနေမှာတော့ ဘယ်နည်းနှင့်မျှ ကြည့်မနေချင်ပါ။

ဟိုမာစ်ဖက်နေခြည်ဆိုတဲ့ ကောင်မလေးခမျာရော ဘယ်လောက်တောင် ခံစားနေရလေမလဲ။

မိန်းမချင်း ကိုယ်ချင်းစာမိသလို ရှိလာတော့ . . .

မင်းခန့်ညွှားပြောခဲ့သလိုများ သူမအမှန်တကယ်ပဲ အတ္တကြီးတဲ့ မိန်းမတစ်ယောက် ဖြစ်များဖြစ်နေခဲ့ပြီလား။

ခန့်ညားရယ် မင်းဘဝမှာ မကြာခင် ပြည့်စုံစိတ်ချမ်း သာ ရပါစေမယ်လို့ မမခွာညို ကတိပေးပါတယ်ကွယ်. . ။



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ နေခြည်ဘဝလေးမှာ မမဟာ ဆူးညောင့်ခလုတ်ဖြစ်နေခဲ့ရတာကို မမလည်း စိတ်မကောင်းပါဘူး . . ။

ကလေးတစ်ယောက်လို မှုးပြီးအိပ်မောကျနေပြီဖြစ်သော မင်းခန့်အား မျက်ရည်များကြားမှ ကြည့်ပြီးခွာညို ပြောနေမိသည်။

တကယ်တော့ မင်းခန့်အား ခွာညိုခက်အသည်းနှင့်မတတ် အဖြူစင်ဆုံးချစ်ခဲ့တာပါ။

ခွာညိုဆုံးဖြတ်ချက်ကို ခိုင်မာစွာချလိုက်သည်။ ချစ်သော မင်းခန့်ညား စိတ်ချမ်းသာပါစေတော့။

မြတင်းတံခါးမှ နေအလင်းရောင်ကြောင့် မျက်စိမှာကျိန်းစပ်ပြီး မင်းခန့် အိပ်ယာမှနိုးလာခဲ့ရသည်။

"ဟင် . . ငါ မမခွာညိုအိမ် ရောက်နေတာပါလား"

ခေါင်းထဲမှာ ညကအတော်များများ သောက်လိုက်မိသဖြင့် မူးနောက်ရီဝေဆဲ . . . ။

နေခြည်ကိုလည်း ဦးစွာ သတိရလိုက်မိသေး၏။ ရင်မှာ နေခြည်ရှိမနေမှန်း သိတော့ ကျင်ရှလိုက်မိသည်။





- ခွာညိုခက်ကိုမှ ခုထိမတွေ့သေးချေ။ ဒါပေမယ့် သူမနှင့် စညားကထဲက တစ်ခါတစ်လေသာ တွဲအိပ်တတ်တာကြောင့် အထွေအထူးတော့ဖြစ်မနေခဲ့ချေ။

မျက်နှာသစ်ပြီး အိမ်ရှေ့ထွက်ခဲ့တော့ ဧည့်ခန်းရှိ စားပွဲဆီသို့အရောက် သူ့မျက်လုံးများဝိုင်းသွားရသည်။

စားပွဲပေါ်တွင်စာရွက်စာတမ်းများ တင်ထားတာတွေ့သဖြင့် အနီးကပ်ကြည့်မိတော့ သူနှင့် မမခွာညိုရဲ့ ကွာရှင်းစာချုပ် ဖြစ်နေသည်။

ပြီးတော့ ပန်းအိုးဖြင့် ဖိထားတဲ့ စာခေါက်လေးတစ်ခု။

ဘာစာလဲ ဘာတွေဖြစ်ကုန်တာလဲ။

မင်းခန့် စာအိတ်လေးကို ဖွင့်ဖတ်လိုက်မိသည်။

သို့

မင်းခန့်

*မမခွာညိုဟာ မင်းအပေါ်မှာ ဟိုးအရင်အ ချိန်ထဲက ရော ခုချိန်ထိပါ ရှင်းသန့်တဲ့မေတ္တာစစ်မျိုးနဲ့သာ ချစ်တာပါ။*



www.burmeseclassic.com

www.burmeseclassic.com



နောင်ကိုလည်း ရှင်းသန့်တဲ့မေတ္တာစစ်နဲ့ ချစ်သွားမှာပါ။

မင်းနဲ့နေခြည် သာယာတဲ့အိမ်ထောင်ရေး တည်ဆောက်နိုင်ဖို့ မမကျွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးခဲ့ပါတယ်။

မင်းဘဝလေး သာယာဖြောင့်ဖြူးနေပါစေကွယ်။

တစ်ချိန်က မင်းကိုတန်ဖိုးထားပြီး သိမ်းပိုက်ခဲ့တာလည်း မမချစ်လွန်းလို့ပါ မင်းခန့်။

မမပိုင်ဆိုင်သမျှ မင်းနဲ့နေခြည်အတွက် ချစ်သက်လက်ဆောင်အဖြစ် လက်ဖွဲ့ခဲ့ပါတယ် . . .

မမခွာညိုကို လိုက်မရှာပါနဲ့

တစ်ချိန်က

ခွာညိုစက်

စာဆုံးသွားတော့ မင်းခန့် ကွာရှင်းစာချုပ်လေးအား ကောက်ယူကြည့်မိသည်။

မမခွာညိုက အမှန်ပဲ လက်မှတ်ထိုးပေးသွားသည်။

ဒါဖြင့် သူ အကျဉ်းအကြပ် လှောင်အိမ်တစ်ခုမှ လွတ်မြောက်ခဲ့ပြီပေါ့။





စိတ်ထဲမှာ ခွာညိုခက်အပေါ် ကျေးဇူးတင်သွား မိ၏။ ဒါပေမယ့် နေခြည့်အား ဘယ်လိုရှင်းပြရပါ့မလဲ။

သူ့အပေါ် အမုန်းကြီးမုန်းသွားမှာ သိနေသည်မို့ သက်ပြင်းမောကို ရှိုက်မိသည်။ ကိုယ့်ကို ခွင့်လွှတ်ပါ အချစ်ရယ်။ ကိုယ့်ဘဝမှာ မင်းတစ်ယောက်တည်းကိုပဲ ချစ်မိတာပါ။

"တီ . . . တီ . . . တီ"

ကားဟွန်းသံကြောင့် မင်းခန့်ညား အတွေးများလွင့်ပျံသွားလျက် အိမ်ရှေ့ကြည့်မိတော့ မေမေ ကားတံခါးဖွင့်ပြီး ဆင်းလာနေ၏။

မျက်ဝန်းများက ဒေါသဖြင့်အရောင်တောက်နေသလို မင်းခန့်လက်ထဲမှ မမခွာညိုထားခဲ့သောစာချုပ်ကို မီးတောက်မတတ် စိုက်ကြည့်ပြီး . . .

"မင်းခန့် . . . သား . . မင်း ရှေ့မစဉ်းစား နောက်လည်းမစဉ်းစားနဲ့ ဘာတွေလျှောက်လုပ်နေတာလဲ"

"မင်းဟာ ငယ်တော့တဲ့အရွယ် မဟုတ်ဘူးနော်၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



ဆီ မနက်အစောကြီး ခွာညိုလာသွားတယ်၊ သူ့အပြစ်တွေ ရှိခဲ့ရင်လည်း ခွင့်လွှတ်ဖို့ပြောပြီး ကန်တော့သွားတယ်"

"မင်းက ဘာလို့ကွာရှင်းချင်ရတာလဲ။ ခွာညို့ ကျေးဇူးတွေ မေမေတို့မှာ အများကြီးနော်၊ မင်းအောင်မြင် မှုရလာတော့ ခွာညိုမြေတောင်မြှောက်ပေးခဲ့တဲ့ ဒီကျေးဇူး တွေမင်းကန်းလိုက်မှ ငါ့မျက်နှာ ဘယ်မှာသွားထားမလဲ မင်းခန့်"

သူ ခေါင်းကို ခါရမ်းလိုက်သည်။

"မဟုတ်ဘူး မေမေ။ သားက မမခွာညို့ကို ကွာ ရှင်းတာမဟုတ်ဘူး၊ မမခွာညိုက သူ့သဘောနဲ့ကွာရှင်း ပေးသွားတာ"

"တော် . . . မင်းခန့် ငါ့ကိုထပ်မပြောနဲ့။ အဲဒါနင်မ ကောင်းလို့ပေါ့ မနေ့ကမှာဦးမြင့်အောင်ပြောပြလို့ နေခြည့် အကြောင်းလည်း ငါသိပြီးပြီ"

"နင် မိုက်လှချည်လား မင်းခန့်။ ခွာညိုနဲ့ ပေါင်း သင်းလာတဲ့တစ်လျှောက်လုံး နင်လင်သားတစ်ယောက်

ရှိ င် း စာ ပေ



အနေနဲ့ ဘာများမျက်နှာငယ်ရ သတဲ့တုန်း။ နင့်မှာ ဦး နှောက်ကော ရှိရဲ့လား"

"ပြီးတော့ နင့်အမေ ငါ့အသက်ကို ခွာညိုခက်ပဲ ကယ်ထားတာ မဟုတ်လား၊ ဒီကျေးဇူးတွေ မသိရအောင် နင်ကလူပါ မင်းခန့်"

မင်းခန့် ပြန်တွေးကြည့်တော့လည်း ဟုတ်နေ၏။ သူကြိုးစားမှုနဲ့ အောင်မြင်မှုတွေရှိလာတာ မှန်ပေမယ့် ခွာညိုခက်၏ ပံ့ပိုးမှုများက ဒုနဲ့ဒေး ရှိနေ၏။

သို့သော် သူ့ဘဝ အနိမ့်ခံဘဝနဲ့ ကြိုးစားခဲ့ရတာကို မေမေ ဘာကြောင့်မပြောခဲ့တာလဲ။

"နင့်ကို ငါအပြတ်ပြောမယ် မင်းခန့်၊ ခွာညို့ကိုမ တွေ့တွေ့အောင်ရှာ၊ ပြီးရင် အရင်လိုဘဝမျိုးနဲ့ပဲ ငါတွေ့ပါ ရစေ"

"ငါ့ သဘောအတိုင်း မဖြစ်လို့ကတော့ နင်ငါ့အ လောင်းမြင်ရပြီလို့သာမှတ်။ ကြားလား မင်းခန့်"

"ဟုတ် . . . ဟုတ်ကဲ့ပါမေမေ"

ရှိ င် း စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



မေမေ့စကားကို မလွန်ဆန်ဝံ့၍သာ ခေါင်းညိတ်လိုက်ရပေမယ့် သူ့ခွာညို့အား ဘယ်မှာသွားရှာရပါမည်လဲ။

ခွာညို့ထက် ဘူ့နှလုံးသားကို စွဲခါနေသူမှာ ရင်ထဲမှ နေခြည်ပဲဖြစ်နေ၏။

နှစ်ကိုယ်တူ ခွဲခွာရပြီဆိုမှ သူမဟာ သူ့အတွက် ဘယ်လောက် အရေးပါမယ်ဆိုတာ သိလာရပါတော့သည်။

"မောင် အရမ်းလွမ်းလိုက်တာ နေခြည်လေးရယ်။ မောင့်ကို တကယ်ပဲ မုန်းမေ့သွားပြီလားကွယ်"

သူ့အဖို့မှာ အချစ်ကိုရှေ့တန်းတင်ကာ ဆုံးဖြတ်ခဲ့ပေမယ့် နှစ်ဖက်စလုံးမှာသူကယုတ်မာသောသူ တစ်ယောက်ဖြစ်ခဲ့သည်။

ရင်မှာ အချိန်ပြည့် လွမ်းဆွတ်သတိရ နေမိတော့၏။

သတိရမိတိုင်း အကြိမ်ကြိမ်ဖုန်းနဲ့ခေါ်ခဲ့ပေမယ့် 





တစ်ဖက်က တစ်ကြိမ်မျှ မကိုင်လာခဲ့။ ဒီတော့ရင်မှာ ပိုပြီး နာကျင်လာရသည်။

နှစ်ကိုယ်တူကြည်နူးခဲ့တာလေးများကို ရင်ထဲက နေခြည် မေ့များမေ့သွားခဲ့ပြီလား . . . ။

နေခြည်မရှိတော့တဲ့နောက် ကုမ္ပဏီကိစ္စများလည်း မန်နေဂျာများနဲ့သာ လွှဲထားလိုက်သည်။

နာကျင်မှုလွမ်းဆွတ်မှုများကို ပြင်းရှခါးသီးသော အရက်ဖြင့် မျှောချခဲ့နိုင်ပေမယ့် တဒင်္ဂဏတာသာ။ အမူးပြေသွားတော့ လွမ်းဆွတ်မြဲ၊ တမ်းတမြဲ၊ ချစ်မြဲပါပဲ။

ခုတစ်ခါ မေမေ့အမိန့်နဲ့ ခွာညိုခက်ကို ရှာခဲ့ပေမယ့် တစ်မြို့လုံးသာနှံ့သွားပေမယ့်လို့ သတင်းအစအနပင် မရခဲ့ချေ။

မမခွာညိုရယ် ကျွန်တော် မမဝင်ရှိတွေ့ လည်နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

ကျုံးရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာတဲ့ လေနုအေးက နန္ဒရဲ့ရင်ထဲက အပူမီးကိုဖြင့် အေးငြိမ်းအောင် မရှိခဲ့ချေ။

ဘဝတစ်လျှောက်မှာ ချစ်ရသူကို ပိုင်ဆိုင်လိုခြင်းသည် ချစ်ကြသူတွေ၏စိတ်ထဲမှာ ဖြစ်ရိုးဖြစ်စဉ်ပေမယ့် ကေဇင်ဆိုတဲ့ သူမကတော့ နန္ဒကိုလက်ထပ်ဖို့ လှည့်ပတ်ပြီး ငြင်းဆန်နေတော့၏။

“တို့ဘဝကိုလည်း စာနာပါဦး ကေဇင်၊ ဒီအတိုင်းပဲ



အီးရောအီးရော ထားသွားတော့မှာလားကွာ”

“ကျွတ်နန္ဒကလည်းဟာ နင့်ကို ငါလက်ထပ်မယ် ပြောထားပြီးပြီပဲ”

“ဒါပေမယ့် အချိန်အတိုင်းအတာတစ်ခုတော့ နင် စောင့်ဦးပေါ့ဟာ”

နန္ဒကို ကေဇင်လက်ထပ်ရမှာ မှန်ပေမယ့် ရင်ထဲမှာ က တစ်ဖက်သတ်ချစ်ခဲ့ရသူ မင်းခန့်ကိုသာ သူမတမ်းတ နေမိခဲ့သည်။

ရင်မှာ တစ်နေ့မှ မေ့မရခဲ့ချေ။

ပြီးတော့ နေခြည်။ သူမကတော့ ကေဇင့်အတွက် မဟာရန်သူကြီးတစ်ပါး။ ဘယ်တော့မှလည်း အခဲကျေမိ မှာမဟုတ်။

မင်းခန့်ညား သူမနှင့်သံယောဇဉ်ဖြစ်နေတာ သိသိ ကြီးနဲ့ ကြားကဖြတ်ခုတ်သွားတာပါ။

ခုတော့ မင်းခန့်နှင့် နေခြည် ကွာပြဲသွားကြပြီဆို တော့။

တစ်ချိန်က သူမချစ်ခဲ့သော မင်းခန့်ကို ပြန်ရ

www.burmeseclassic.com

www.burmeseclassic.com



တမ်းတနေမိပါသည်။

ဖြစ်ခဲ့သမျှအားလုံးကိုလည်း ကေဇင်က မင်းခန့်ညားအတွက် အခွင့်လွှတ်ကြီးခွင့်လွှတ်မည်ပေါ့။ မျှော်လင့်ကြီးမျှော်လင့်နေမိသည်။

ဒါကြောင့်လည်း နန္ဒကိုသူမ အဖြေမပေးဘဲ နေခဲ့ခြင်းပါ။

သူမအား ရှုံးတယ်ပဲဆိုဆို မျှော်လင့်ပါရစေဦး ချစ်ဦးသူရယ် . . . .

နှစ်ဘက်မိဘတွေ သဘောတူလို့ မကြာခင်ပဲ ဇနီးမယားဖြစ်ရတော့မယ့် ကေဇင်က ဘာလို့များ ချစ်အဖြေပေးဖို့ကို တုန့်ဆိုင်းနေရတာလဲ၊ ဒါကိုပဲ နန္ဒမကျေနပ်နေတာပါ။

"ဘာလဲကေဇင် ငါ့ကို ကြိုးရှည်ရှည်နဲ့ လှန်ထားပြီး ရင်ထဲကတော့ ငါမဟုတ်တဲ့ ဟိုမင်းခန့်ညားကို တမ်းတနေတာမဟုတ်လား"

"နင့်မျက်ဝန်းတွေကြည့်ရင် ငါသိတယ်ကေဇင်"





ဘုရားရေ သူမရင်ထဲကအဖြစ်တွေကို ဘေးလူကတောင် ရိပ်မိနေပါပေါ့လား၊ သူမကလည်း လိမ်ညာမနေချင်တာမို့ ဝန်ခံလိုက်မိသည်။

"ဟုတ်တယ်နန္ဒ ငါ . . ကို . . ကိုမင်းခန့်ကို သတိရနေတုန်းပဲ"

"ဘာ . . နင် . . ပြောရဲလိုက်တာ ငါတစ်ယောက်လုံးရှေ့မှာတောင်။ ဒီအထိတောင်ပဲလား ကေဇင်"

နန္ဒ အကြီးအကျယ်ပေါက်ကွဲနေပေမယ့် ကေဇင်ကတော့ အပြုံးမပျက်တာမို့ နန္ဒအနေနဲ့ သူမကိုနားမလည် နိုင်တော့ချေ။

ကိုယ်နဲ့ပဲ မကြာခင်လက်ထပ်တော့မည်။ ဒီကြားထဲကမှ တစ်ပါးသူကို တမ်းတနေတော့ နန္ဒခံပြင်းမိတာ အဖြစ်လို့မထင်။

"နင်ဟာ ငါနဲ့လက်ထပ်မှာ မေ့နေပြီလား ကေဇင်"

"ငါ မဟုတ်တဲ့ မင်းခန့်ညားကို နင်ဘာလို့ တမ်းတနေရတာလဲ။ သူလဲလူ၊ ငါလဲလူလေ နင်တမ်းတနေရမှာ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုပါဟာ"

"ဒါတွေ ငါမသိဘူး နန္ဒ၊ နင်ငါ့ကို ခုအချိန်မှာ မပိုင်ဆိုင်သေးဘူး၊ ဒီတော့ ငါ့မှာ တွေးတောခွင့်၊ လွမ်းဆွေးခွင့် အပြည့်ရှိသေးတယ်၊ ဒါမှ နင်မကျေနပ်ဘူးဆို စေ့စပ်ပွဲကို ဖျက်လိုက်လို့ရတယ်"

"ဘယ်လိုကေဇင် နင် . . နင် ပြောရက်လိုက်တာဟာ။ ငါနင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ နင်သိရဲ့သားနဲ့"

"နင် စိတ်ဆိုးသွားရင် ငါ့ကိုခွင့်လွှတ်ပါ ကေဇင်"

နန္ဒ ကြည်ဖြူစွာပဲ အလျှော့ပေး လိုက်သည်။ ကေဇင့်ကိုတော့ သူဒုတိယအကြိမ် အဆုံးရှုံးမခံလိုတော့ချေ။

နေခြည်မိုးနဲ့ ကွဲခဲ့ရတဲ့ အသည်းက အနာကျက်ရုံရှိသေးသည်။ ယခုထပ်ပြီး အကွဲမခံနိုင်တော့ . . . ။

ကံကြမ္မာကိုပဲ အပြစ်တင်ရတော့မည်။ ဒီလူက လက်ရှိမယားကြီးရှိတာတောင် မိန်းမတွေက အသဲအသန်





မျှော်လင့်နေကြသည့်အတွက် သူဘယ်သူ့ကိုများ အပြစ်တင်ရတော့မည် မသိဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူမအသည်းတွေ ဓာနိုင်သည်ပဲထင်ပြီး မေမေနဲ့ ပြန်လိုက်ခဲ့ရပေမယ့် မောင့်ဘယ်သို့ကျန်ခဲ့မည်ကို နေခြည် မှန်းဆတွေးမိပြီး သနားနေမိသလိုလိုပါ။

သို့ပေမယ့် မောင်သည် သစ္စာမရှိ။ သူမချစ်သလို မချစ်ခဲ့။ တစ်ဘဝလုံး ဟန်ဆောင်မှုတွေဖြင့် နေခြည့်ဘဝ ကို သိမ်းပိုက်ခဲ့တာပါ။

နေခြည့်ဘက်ကတော့ မင်းခန့်ညားဆိုတဲ့မောင်နဲ့ စတွေ့ချိန်ကစလို့ ဖြူစင်စွာနဲ့ပဲ ချစ်မိခဲ့သူ။ ပြန်တွေးမိတိုင်း





လွမ်းစရာတွေထက် နာကျင်ကြေကွဲမှုတွေက ပိုများနေခဲ့ သည်။ သူ့အပေါ် လိမ်ညာပြီး သူ့ဘဝကိုပါ သိမ်းပိုက်ခဲ့ သည်။

သို့ပေမယ့်လည်း နှလုံးသားရဲ့ချစ်ဦးသူ မောင်နဲ့ ပတ်သက်သမျှတွေကို နေခြည့်အနေနဲ့ မေ့နိုင်ခြင်းငှာမစွမ်း သာခဲ့ချေ။

နှစ်ကိုယ်တူကြည်နူးခဲ့တဲ့ နေ့ရက်လေးတွေကိုမြင် ယောင်တမ်းတနေမိ၏။ လွမ်းဆွတ်သတိရနေမိသည်။

မျက်ရည်ပူပူများက ပါးပြင်ဆီသို့ အတားအဆီးမဲ့ စွာ စီးကျလာ၏။

နေခြည် မေ့နိုင်ဖို့ ကြိုးစားရမှာပဲမောင်။

"ကျွိ"

တံခါးဖွင့်သံကြား၍ လှည့်ကြည့်မိရာ

"ဟင် . . မေမေ"

ဒေါ်ကြည်ပြာမိုး ဝင်လာလျက်သမီးဖြစ်သူမျက်ဝန်း မှ မျက်ရည်များကို မြင်တွေ့သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် ကိုယ့်အပေါ် လိမ်ညာလှည့်စားခဲ့သူ တစ်ယောက်အတွက် ဒီလောက်လဲ လွမ်းဆွေးမနေပါနဲ့ ကွယ်၊ မေမေ မကြည့်ရက်ဘူးသမီး"

"ဟုတ်ကဲ့ပါ မေမေ၊ ဒီလူယုတ်မာကို သမီးမလွမ်းပါဘူး၊ ဒါပေမယ့် သမီးရဲ့ဖြူစင်တဲ့ အချစ်တွေကို နှမြောမိတာပါ"

"ကဲ . . သမီး ပြီးတာတွေထားလိုက်တော့ မေမေနဲ့ စိတ်ပြေလက်ပျောက် ဖြစ်သွားအောင် စစ်ကိုင်းတောင် လိုက်ခဲ့ပါလား"

မေမေ့ဆန္ဒကို သူမ ခေါင်းညိတ်ပြလိုက်သည်။

အခန်းထဲ အောင်းနေမိတော့ မောင်ဆိုတဲ့သူ့ဆီကိုပဲ စိတ်တွေလွင့်ပါးနေခဲ့သည်။

မလွမ်းဘဲ မလွမ်းချင်တော့ အချစ်ကြီး ချစ်ခဲ့ရသူတစ်ယောက်မို့လဲ အမုန်းကြီးမုန်းမိ၏။

"ကဲ . . သမီး လိုက်မယ်ဆိုလည်း အဆင်သင့်ပြင်ထား။ နေ့ခင်း ဆယ်နာရီလောက် မြမြတို့ကားနဲ့ လာခေါ်

ရှိ င် း စာ ပေ



မှာ"

"ဟုတ်ကဲ့ . . . မေမေ"

တဒင်္ဂခဏတော့ နေခြည့်ရင်ထဲမှာ ပေါ့ပါးလန်းဆန်းသွားတာ အမှန်ပါ။

နူနယ်လွန်းတဲ့ နှလုံးသားမှာ မောင်နဲ့ပတ်သက်လို့ ရင့်ကျက်လို့ မရနိုင်သေးပါလားကွယ် . . . ။

မောင့်ကို လွမ်းနေသည့် နှလုံးသားတစ်စုံကို ထုတ်လို့ရရင် ထုတ်ထားလိုက်ချင်တာယ်။

"တီ . . တီ . . တီ"

"ဟော . . သမီး နေခြည်၊ မြမြတို့တောင် ရောက်ပါပြီ အဆင်သင့်ဖြစ်ပြီလား"

"အဆင်သင့်ပဲ မေမေ၊ အောက်ထပ်မှာ လှူဖွယ်ပစ္စည်းတွေရော ငါးခြောက်ငါးခြမ်းတောင်းတွေပါ၊ မောင်နုနဲ့ ချထားပြီးပြီ၊ ကားပေါ်တင်ယုံပဲမေမေ"

"ဟင် . . မမကြည်ပြာ စစ်ကိုင်းတောင်ကို သမီးလေးနေခြည်ပါ ခေါ်သွားမယ်ပေါ့"

ရှိ င် း စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မြမြ။ အိမ်ထဲမှာဆို သမီးလေး ဟိုတွေးဒီတွေးနဲ့ စိတ်ပင်ပန်းရှာတယ်လေ၊ ပြီးတော့မမလည်း အဖော်ရတာပေါ့"

"အင်း . . . အင်း . . . ကောင်းတယ် ငါ့တူမလေးလည်း အိမ်ထောင်ရေး ကံဆိုးလှပါလားကွယ်"

ဒေါ်မြမြအသံက မေ့ထားတဲ့ နေခြည့်အတိတ်ပေါင်းကို ပြန်သတိရလာစေ၏။

ဖြစ်နိုင်ပါက နေခြည်အားလုံးကို မေ့ထားလိုက်ချင်တော့တာပါကွယ်။

ခုတော့သူတို့သားအမိ ဘေးလူတွေအမြင်မှာ ပြောစရာတွေဖြစ်ကုန်ပြီ။

မေမေ့မျက်နှာကို မြင်မိတော့ မျက်ရည်စတွေရစ်သိုင်းလာပြန်၏။

သမီးကို ခွင့်လွှတ်ပါမေမေရယ်။

"ပစ္စည်းတွေစုံရင် သွားကြစို့လေ နေမြင့်ရင်တောင်ပေါ် တက်လို့ မကောင်းဘူး"





မေမေ့အသံကြောင့် အတွေးစလွှင့်ပျယ်ပြီး နေခြည်တားထဲ ဝင်ထိုင်လိုက်သည်။

မောင့်ကိုနေခြည် ဘယ်လိုများ မေ့နိုင်မှာလဲကွယ်။ တားလေးက တရိပ်ရိပ်ပြေးနေသလို နေခြည့်စိတ်တွေလည်း လွင့်ပျံနေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



♥ ♥

မေမေနှင့် အန်တီမြ ကျောင်းကြီးပေါ်မှာ ဥပုဒ်ဝင်နေတုန်း နေခြည်ကျောင်းအောက်က ခုံတန်းလေးမှာ ထိုင်ငေး နေမိသည်။

စစ်ကိုင်းတောင်မှာ ရောက်နေတဲ့အချိန်များတွင် နေခြည့်ရင်ထဲမှာ ခံစားနေရတဲ့ သောကများ တဒင်္ဂသက်သာ လျော့ပါးသွားခဲ့ရသည်။

ဒီအတွက် နေခြည်မေမေ့ကို ကျေးဇူးတင်မိ၏။

ဘယ်နေရာကြည့်ကြည့် ဘုရား၊ ပုထိုး စေတီများ



ဖြင့် သပ္ပာယ်နေတော့၏။

"သမီးရေ"

မေမေ့ခေါ်သံကြောင့် အတွေးစလွင့်ပါးသွားရသည်။

"ရှင် . . မေမေ"

"လာ . . သမီး အောက်ကျောင်းကသီလရှင်ဆရာလေးတွေကို လှူဖွယ်ပစ္စည်းတွေ သွားလှူရအောင်"

"ဟုတ်ကဲ့ . . မေမေ"

မြေနီလမ်းအတိုင်း ဆင်းလာပြီး နှစ်ထပ်တိုက်ကျောင်းဆောင်လေးဆီ ဝင်ခဲ့ကြ၏။

သီလရှင်ငယ်ငယ်လေးများကို မြင်တော့ . . .။

နေခြည် အားကျချီးကျူးမိသည်။ သူမမှာသာ အချစ်အတွက်နှင့် သောကခံစားနေရတာ ရင်နှင့်ပင် မဆံ့တော့။

လှူဖွယ်ပစ္စည်းများနှင့်တကွ ကျောင်းနေဆရာလေးများကို ကန်တော့နေခိုက် မေမေ့ထံမှ စကားသံကြောင့်



www.burmeseclassic.com

www.burmeseclassic.com

နေခြည် အံ့အားတသင့် လှမ်းကြည့်လိုက်မိတော့ ဆရာလေးတစ်ပါး မေမေနှင့် တရင်းတနှီး စကားပြောနေတာ တွေ့ရ၏။

"ဆရာလေး ရန်ကုန်က ခွာ . . ခွာညိုခက် မဟုတ်လားဟင်"

"ဟုတ်ပါတယ် ဒကာမကြီး ဒေါ်ကြည်ပြာ၊ ဆရာလေးဟာ ခွာညိုခက်ပါ"

အပြောင်းအလဲကြီး ပြောင်းလဲသွားသော ခွာညိုခက်ကိုကြည့်ပြီး ဒေါ်ကြည်ပြာ အံ့သြမိတာအမှန်။

ခွာညိုခက် အရင် သူမတို့ထံ ရောက်လာတော့အမိုးတန် လက်ဝတ်လက်စားများနှင့်တကွ ခေတ်ဆန်သောအဆင်အဝတ်များနှင့် အလှကြီးလှခဲ့သူပါ။

ယခုသော် သီလရှင် အဝတ်အစားနှင့် တစ်မျိုးတော့ လိုက်ဖက်တင့်တယ် နေပြန်သည်။ တည်ကြည်ကျက်သရေရှိ နေပြန်သည်။

ခွာညိုခက်ဆိုသဖြင့် နေခြည်လည်း အံ့အားသင့်





သွားမိသည်။ ဒါဖြင့် မောင့်အိမ်ထောင်ဖက်ပေါ့။

"ကျွန်မတော့ နားမလည်နိုင်တော့ဘူး ဆရာလေးရယ်"

ဒေါ်ကြည်ပြာမိုး အံ့သြစွာပြောတော့ ဒေါ်ခွာညိုခက် တစ်ဖြစ်လဲ ဆရာလေးခေမာဝတီက ပြုံးလေ၏။

"လူ့ဘဝဆိုတာ အမျိုးမျိုးသော့ရာဂမီးနဲ့ လောင်မြိုက်နေတာလေ။ ဒီမီးတွေကို ဆရာလေးက တရားရိပ်နဲ့ ငြိမ်းလိုက်နိုင်တာပါ"

ဆရာလေးဒေါ် ခေမာဝတီတစ်ဖြစ်လဲ ခွာညိုခက်က ဒေါ်ကြည်ပြာမိုးနှင့် နေခြည့်ကို ပြောပြသည်များက နေခြည့်နားထဲမှာ မကြားတစ်ချက် ကြားတစ်ချက် တိုးဝင်နေ၏။

"တကယ်တော့ မင်းခန့်ဟာ သူ့အမေ ရောဂါပျောက်ကင်းဖို့အတွက် သူ မချစ်မနှစ်သက်တဲ့သူကို လက်ထပ်ခဲ့ရတာပါ"

"ခွာညိုကလည်း အဲဒီအချိန်က နှလုံးသားကို


www.burmeseclassic.com

www.burmeseclassic.com



ဦးစားပေးပြီး မင်းခန့်ကို သိမ်းပိုက်ခဲ့တာပေါ့"

"အသက်ချင်းကွာတဲ့မင်းခန့်က နေခြည့်လို ရွယ်တူသက်တူကိုပဲ မေတ္တာသက်ဝင်နိုင်မှာကို မစဉ်းစားခဲ့မိဘူး"

"အခုတော့အားလုံးကို ဆရာလေးက နားလည်ခွင့်လွှတ်ပေးလိုက်ပါပြီလေ၊ မင်းခန့်နဲ့ နေခြည်လေးသာ ဘဝခရီးမှာ တင့်တယ်စွာလျှောက်လှမ်းနိုင်ကြပါစေကွယ်"

"မင်းခန့်က နေခြည့်အပေါ် လိမ်ညာလှည့်ဖျားခဲ့တာ မဟုတ်ပါဘူး၊ ခွာညိုကသာ မင်းခန့်ဘဝကို ငွေနဲ့မတရား သိမ်းပိုက်ရယူခဲ့တာပါ၊ ပြီးတော့ နေခြည့်အပေါ် သူ အချစ်စစ်နဲ့ ချစ်ခဲ့တာပါ"

"ပြီးတော့ မင်းခန့်အပေါ် ဆရာလေးလိုပဲ ဒကာမကြီးတို့ ခွင့်လွှတ်နားလည်ပေးလိုက်ပါနော်၊ ဘယ်သူ့မှာမှ အပြစ်မရှိပါဘူး၊ ဝဋ်ကြွေးပါလာတယ်လို့ပဲ သဘောထားလိုက်ပါ။"

"ဆရာလေးလည်း ဒီသာသနာ့ဘောင်မှာပဲ နေသွားတော့မှာမို့ ဒကာမလေးတို့လည်း ဒကာကြီး မင်းခန့်





ကို ခွင့်လွှတ်စေချင်တယ်"

နေခြည် ကြားနေရတာတွေသည် မောင်နဲ့မတ်သက်ပြီး အိမ်မက်မဟုတ်။ မမခွာညိုခေါ်ဆိုသော သီလရှင်ဆရာလေးက ဖွင့်ဟပြောနေခြင်းဖြစ်သည်။

မောင့်မျက်နှာကို နေခြည် ချက်ချင်းပြန်မြင်ယောင်လာမိသည်။ မောင်နဲ့နေစဉ်အခါက နေခြည့်အား တစ်စုံတစ်ခုသော အကြောင်းကို ဖွင့်ဟဝန်ခံချင်တဲ့ပုံကို သူ့မခုမှပဲ သဘောပေါက်လာရသည်။

နေခြည် စွန့်ခွာထွက်ပြေးခဲ့လေတော့ မောင်မည်သို့များ ကျန်ခဲ့လေမည်လဲကွယ်။

မောင့်အား သနားမိပါတော့သည်။

စစ်ကိုင်းတောင်ရိုးကအပြန်မှာ နေခြည် ဝမ်းအသာဆုံးဖြစ်နေမိသလို မေမေသည်လည်း ဝေခွဲရခက်နေတဲ့ပုံပါ။

ညစာ စားပြီးတော့ မေမေက နေခြည့်အားခေါ်မေတ္တာ့လျက် . . .



www.burmeseclassic.com

www.burmeseclassic.com



"မေမေပြောတာ သမီးသေချာ နားထောင်နော်။ မေမေလည်း အသက်ကြီးပြီဆိုတော့ သားရေးသမီးရေးနဲ့ ပတ်သက်ပြီး စိတ်သောကမရောက်ချင်တော့ဘူးကွယ်၊ ဘုရားတရားနဲ့ပဲ အရိုးထုတ်ချင်တော့တယ်၊ ဒီတော့ သမီးစဉ်းစားပါကွယ်"

"မောင်မင်းခန့် ဆိုလည်း သူ့အမေအတွက်နဲ့ သူ့ဘဝကို ရင်းလိုက်တာဆိုတော့ မေမေလည်း ကိုယ်ချင်းစာတတ်သွားပါပြီကွယ်"

"ခုလို လွတ်လွတ်ကင်းကင်း ခွာညိုခက်ဖက်က စီစဉ်ဆုံးဖြတ်ပေးသွားတော့ မေမေလည်း သမီးလေးတို့ ချစ်ခြင်းကို မခွဲတော့ပါဘူးကွယ်"

နေခြည် မေမေ့စကားတွေကြောင့် ထခုန်မိမတတ် ဝမ်းသာသွားပါသည်။

ပြီးတော့ မေမေပါးပြင်အား မြတ်မြတ်နိုးနိုး နမ်းရှိုက်လိုက်သည်။

မောင့် မျက်နှာကို ဖြတ်ကနဲပြေးမြင်မိသေး၏။





ချစ်သောမောင်တစ်ယောက် ဘယ်လောက်များနေခြည့်ကို လွမ်းနေလိုက်မလဲကွယ် . . .။

မောင့်ကို နာကျည်းချက်ကို ချစ်တဲ့စိတ်နဲ့ပဲ နေခြည်ဖြေလိုက်ပါပြီကွယ်။

"ဘယ်လိုလဲ သမီး ဆုံးဖြတ်ပြီးပြီလား"

"ဟင် . . . ဘာကိုလဲ မေမေ"

"ဪ . . . ငါ့သမီးလေး မေမေနဲ့ပဲ တစ်သက်လုံးနေ သွားတော့မယ်နဲ့တူပါရဲ့"

"ဟင် . . မေမေ ဘာလို့လဲ၊ သမီးနဲ့မောင့်ကို မခွဲတော့ဘူးဆို"

မျက်နှာ ညိုးနွမ်းနွမ်းဖြစ်သွားသော သမီးနေခြည်မိုးမျက်နှာလေးအား ဆွဲမော့လိုက်ရင်း . . .

"အဟင်း . . . သမီးရယ်။ မေမေ အလကားသမီးကို စနေတာပါကွယ်၊ သမီးမနက်ရထားနဲ့ ရန်ကုန်ဆင်းနိုင်ဖို့ မောင်နဲ့ကို သွားဖြတ်ခိုင်းထားပါတယ်ကွယ်၊ သမီးဝမ်းသာတော့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မေမေရယ် သမီးဝမ်းသာလိုက်တာ"

ဖျော့ရွှင်ကျေနပ်သွားသော သမီးကိုကြည့်ကာ ဒေါ်... ကြည်ပြာမိုးလည်း ကျေနပ်နေမိသည်။

ဖတာဆိုးသမီးလေးမို့ ငယ်စဉ်ကတည်းက အလိုလိုက်ခဲ့တာဆိုတော့ အခုလည်း သမီးလေးလွမ်းဆွေးသောကဖြစ်နေတာကို သူမက ဘယ်နည်းနဲ့ ကြည့်နေနိုင်မှာ တဲ့လဲလေ။

သမီးလေး ကျေနပ်ဝမ်းသာတယ်ဆိုရင်ပဲ သူမဝမ်းမြောက်လှပါပြီလေ။

သမီးလေး အဖွားရှိရင်လည်း ဒီလိုပဲ ဆုံးဖြတ်မှာပါလေ . . . ။

ရှိ င် း စာ ေ ပ



သူ့ခေါင်းထဲမှာ ရီဝေမှုးနောက်နေပြီ ဖြစ်ပေမယ့် မင်းခန့် အားမရနိုင်သေးချေ။

"အော့ . . အော့ . . ဖော် . . ဖော်သစ် ငါ့ကို နောက်ထပ် အရက်ထည့်ပေးဦးကွာ"

"တော်ပါတော့ မင်းခန့် မင်းသိပ်မှူးနေပြီကွာ"

ဖော်သစ်က အပေါင်းအသင်းလည်းဖြစ်၊ ကိုယ့်ရဲ့ ကုမ္ပဏီသူဌေးလည်းဖြစ်သော မင်းခန့်ညားကို မလွန်ဆန်ချင်ပေမယ့် ထပ်မတိုက်ချင်တာတော့ အမှန်ပဲဖြစ်သည်။

ရှိ င် း စာ ေ ပ

www.burmeseclassic.com

www.burmeseclassic.com



သောက်လေ့သောက်စဖြင့်မရှိဘဲ သောက်ရင်းနှင့် အရက်သမားလိုလိုဖြစ်နေပြီ၊ အခုလည်း သောက်နေတာ တစ်လုံးနီးပါး ရှိနေပြီ။

"ဟာ . . . ဇော်သစ် ပေးစမ်းပါကွာ၊ များများမူးမှ ငါ့ရင်ထဲက လွမ်းဆွေးမှုတွေ ပျောက်သွားမှာ"

"ငါ . . . နေခြည့်ကို သိပ်သတိရတယ်ကွာ"

"ဟာ . . ဒါတော့ မင်းကပျော့ညံ့နေတာကိုးကွ၊ မမခွာညိုလည်း မင်းကို ပြတ်ပြတ်သားသားကွာရှင်းပေး သွားတဲ့ဟာ။ နေခြည့်ဆီလိုက်သွားပြီး မင်းအချစ်တွေ စစ်မှန်ရိုးသားတဲ့အကြောင်း ဖွင့်ပြောပြလိုက်ပေါ့၊ မင်းက လွယ်နေတာကို ခက်အောင်လုပ်နေတာပဲကွ"

မင်းခန့်ညားခေါင်းကိုခါရမ်းပစ်လိုက်သည်။

"ဟာ . . . မထင်လေနဲ့ဇော်သစ်၊ နေခြည်ငါ့ကို အမုန်းကြီး မုန်းသွားတာ။ ဒီတစ်သက်နေခြည် ဘယ် တော့မှ ငါ့ကို ပြန်ချစ်လာမှာ မဟုတ်ဘူးကွ"

"တီ . . . တီ . . . တီ"

ရှိုင်းစာပေ



"ဟာ . . . မင်းခန့် ညှော်သည်နဲ့တူတယ်"

"ဘယ်သူလဲကွာ။ အေး လွှတ်လိုက်ကွာ"

ကားသံကြားပြီးမကြာမီ လူရွယ်တစ်ယောက်အခန်း ထဲဝင်လာ၏။ ပြီးတော့ မင်းခန့်အား ဒေါသမျက်ဝန်းများ ဖြင့် ကြည့်လျက် . . .

"ဟား . . ဟား . . ပိုင်းလုံးကြီး ဦးမင်းခန့်၊ ခင်ဗျား က မမခွာညိုရှိရက်နဲ့ နေခြည့်ကိုလည်း အပိုင်စီးတယ်၊ အခု ကေဇင်ကျော်ကိုပါ ကျုပ်လက်ထဲက လုယူဦးမှာပေါ့ ဟုတ်လား"

"မင်းဘယ်သူလဲ"

"ကျုပ်က ကေဇင်နဲ့လက်ထပ်မယ့် နန္ဒပဲ"

"ဘာကွနန္ဒ၊ မင်း စကားကိုကြည့်ပြောစမ်းကွာ၊ နေခြည်ကလွဲပြီး ငါ့ခေါင်းထဲ ဘာမှမရှိဘူး"

နန္ဒ ဆွေ့ဆွေ့ခုန်သွား၏။

"သွားစမ်းဗျာ အပိုတွေ။ ခင်ဗျားကြောင့် ကျုပ်တို့ ကေဇင်က လက်မထပ်တာ ခင်ဗျားသေမှအေးမယ်"

ရှိုင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘဲကွာ . . ခွပ်"

"ဟာ . . . မင်း . . . မင်းခန့်"

"ဖြောင်း"

"အား"

"ခွပ်"

"အီး"

နန္ဒက မင်းခန့်ကိုဖွက်ယူလာသော ဓါးနှင့်အထိုး အခြေအနေစောင့်ကြည့်နေသော နံဘေးမှဇော်သစ်က နန္ဒအား မျက်နှာကိုဖြတ်ကန်ပြီး လက်သီးနှင့်ပါ ထိုးချလိုက်သည်။

"တောက် . . . နေနှင့်ဦးပေါ့ကွာ"

နန္ဒ မယှဉ်နိုင်မှန်းသိတော့ လဲကျနေရာမှ ပြေးထွက်သွားတော့၏။

ဇော်သစ် ဓါးဒဏ်ရာနှင့် လဲကျနေသော မင်းခန့်အား ပြေးပွေ့လိုက်သည်။

"ဟာ . . . မင်းခန့် . . . မင်းခန့်"

ရှိ ၀် း စာ ပေ



မင်းခန့်လက်မောင်းကို ဓါးသွားက စိုက်ဝင်သွားခြင်းမို့သာ။ မင်းခန့်ကိုကားပေါ်တင်ပြီး ဆေးရုံသို့မောင်းထွက်ခဲ့၏။

"တောက် . . နန္ဒ . . အရှူး၊ မင်းခန့်သာ တစ်ခုခုဖြစ်လို့ကတော့ မင်းကိုငါအသတ်ပဲကွ"

ဇော်သစ် သူငယ်ချင်းကောင်းပီသလှပါ၏။

"မင်းခန့် . . မင်းခန့် . . ငါရှိထယ် မင်းဘာမှမဖြစ်ဘူးသိလား"

မင်းခန့်နားထဲ ဇော်သစ်စကားသံတွေက မကြားတစ်ချက် ကြားတစ်ချက်နှင့်။

www.burmeseclassic.com

www.burmeseclassic.com



"ကလင် . . . ကလင် . . . ကလင်"

"ဟဲလို . . . ကေဇင်ပါရှင်"

"ဩော် . . . ကေဇင် ငါပါဟ နန္ဒ။ ဒီမယ် ကေဇင် ငါပြောတာသေချာနားထောင် နင့်လူကြီးမင်းခန့်ငါ့လက်ချက်နဲ့သေရင်သေ၊ မသေရင်အတွင်းလူနာပဲ ဒီတော့နင်ငါ့ကိုအမြန်ဆုံး လက်ထပ်ပါ ဒါပဲ"

ကေဇင်ကျော် ခေါင်းနားပန်းကြီးသွားသည်။

"ဟင် . . နန္ဒ။ နင် . . နင် မှားကုန်ပြီဟဲ့၊ နင်နဲ့ငါ့ကို



မေမေ တို့အမြန်ဆုံးလက်ထပ်ပေးမှာပါ။ ငါကလဲ နင့်ကို စလိုက်တာ ဒုက္ခတွေတော့များကုန်ပြီနဲ့ တူပါတယ်ဟယ်"

"နင် ဘာပြောတယ်ကေဇင်။ ငါ့ကို စလိုက်တာ၊ ဟုတ်လား၊ ဒါဆို ငါမှားပြီပေါ့"

နန္ဒက ပြောချင်တာပြောပြီး ဖုန်းချသွားတော့၏။ ရင်မှာပူလောင်စွာဖြစ်သွားသူက ကေဇင်ကျော်ပဲဖြစ်တော့၏။

မင်းခန့်ညားသာ တစ်ခုခုဖြစ်သွားပါက သူမပါမကောင်း ဖြစ်ပေတော့မည်။

"ခက်တာပဲ . . . ငါရန်ကုန်ကို အမြန်လိုက်မှပါ"

ကေဇင် ရန်ကုန်သွားဖို့ အားချင်းပဲ ပြင်ဆင်ရတော့၏။

သူမရင်ထဲ နန္ဒအတွက်ရော မင်းခန့်ညား အတွက်ပါ ပူနေခဲ့ရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

နေခြည် ရထားဆိုက်တာနှင့် တက္ကစီငှားပြီးမောင့်ဆီ လာခဲ့၏။

ရင်ထဲမှာ သိပ်ချစ်ရတဲ့ မောင့်ကို လွမ်းလှပါပြီလေ။

မောင့်အိမ်ရှေ့မှာ ကားရပ်ပြီးသည့်တိုင် မောင့်ရဲ့အရိပ်အယောင်မတွေ့ရ။ ရင်မှာ ထိတ်သွားမိ၏။

စိုးရိမ်မှုနှင့်အတူ လူခေါ်ဘဲလ်ကို နှိပ်လိုက်၏။

"တီ . . . တီ . . . . တီ"

ထွက်လာသူက အိမ်ဖော်မလေးမြမြ၊ မျက်နှာတော့



မကောင်း။

နေခြည့်ကိုတွေ့တော့ အံ့အားသင့်နေ၏။

"ဟင် . . . မမလေး နေခြည်၊ မြမြတို့ဆီ ပြန်လာတာ"

"အေး . . ဟုတ်တယ် မြမြ၊ မောင်. . . မောင်ကော ဟင်။ ကုမ္ပဏီသွားပြီလား"

"ဟင့်အင်း . . မမ၊ ည . . ညက အကိုလေး ဟိုဓါး . . ဓါးထိုးခံရလို့ ဆေးရုံမှာ"

"ဟင် . . . ဘုရား ဒါဆို မမလိုက်သွားမယ်။ ဘယ်ဆေးရုံ လဲမြမြ"

"ရန်ကုန်ဆေးရုံကြီး မမ၊ အရေးပေါ်ဌာနမှာ ဆိုလားပဲ"

"မောင်ဘာမှ မဖြစ်ပါစေနဲ့"

စိုးရိမ်မှုများနှင့်အတူ ဆေးရုံကြီးသို့ လိုက်ခဲ့ရပြန်သည်။ ကားက အစဉ်သင့်ရှိနေလို့ တော်သေး၏။

ကားရပ်တာနှင့် အရေးပေါ်ဌာနသို့ လှမ်းတက်ခဲ့

ရှိုင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

သည်။ သူမ ဗလောင်ဆူနေရပါပြီ။

နပ်(စ်)မလေးတစ်ယောက်ကို ဌာနမေးမြန်းပြီး အခန်းထဲဝင်မည်အလုပ် မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် နေခြည့်မျက်ဝန်းမှာ မျက်ရည်များ ဝိုင်းဆက်သွားရ၏။

"ကေဇင်"

မောင့်ကုတင်ဘေးတွင် ကေဇင်ကျော် ပြုံးရယ်လို့ စကားတွေ ပြောနေလိုက်တာ။ မောင့်မျက်နှာမှာလည်း အပြုံးတွေနှင့်ပါလား။

အခန်းထဲလှမ်းဝင်မယ့်နေခြည့် ခြေလှမ်းများတုန့်ဆိုင်းသွားရ၏။

မျက်ဝန်းမှ မျက်ရည်စများ အတားအဆီးမဲ့စွာ စီးကျလာခဲ့သည်။

"မောင်ရယ် နေ . . . နေခြည် နောက်ကျသွားခဲ့ပြီလားကွယ်"

ဝမ်းနည်းစိတ်ဖြင့် မျက်ရည်များ ပါးပြင်ပေါ် သို့စီးကျလာ၍ လှည့်ထွက်မည်အလုပ်။





"အို . . နေခြည် . . နေခြည် မင်းခန့်ဆီ ပြန်လာတာလား၊ အို . . ဘာလို့ငိုနေတာလဲ။ အဲဟား . . လာလာ။ ကျွန်တော့်ကောင် မင်းခန့်ကြီးသာသိရင် သိပ်ဝမ်းသာသွားမှာ"

ဇော်သစ်က နေခြည့်လက်ကိုဆွဲပြီး အရေးပေါ် အခန်းထဲဆွဲခေါ်နေသည်။

"ဟင့်အင်း . . ကိုဇော်သစ် သူတို့လွတ်လွတ်လပ်လပ် နေပါစေ နေခြည် ပြန်မယ်"

သူမမြင်နိုင်စွမ်း မရှိသလို ခံနိုင်ရည်စွမ်းအားလည်း မရှိတော့ပါလေ။

မောင့်ကို ဆုံးရှုံးရပြီဆိုတဲ့အသိသာ ရင်ထဲမှာနာကျင်စွာနဲ့ မင်းမူနေတော့၏။

ဇော်သစ်လည်း အံ့ဩနေရင်းမှ အခန်းထဲကြည့်တာ သဘောပေါက်သွား၏။

"အဟား . . လာ . . လာနေခြည် ကေဇင်က သူ့မြို့သနား လာရှင်းတာပါ၊ မင်းခန့်နဲ့ ဘာမှမဆိုင်ဘူး"

www.burmeseclassic.com

"ဒီကောင် မင်းခန့် ရင်ထဲမှာ လွမ်းနေတာက ဒီက နေခြည့်ကိုပါဗျာ။ အကုန် ရှုပ်ကုန်တော့မှာပဲ"

"ဟော့ . . မင်းခန့် . . ဒီမှာ"

ဇော်သစ် လှမ်းအော်တော့ ကေဇင်ရော မင်းခန့်ပါ နေခြည့်အား တွေ့သွားသည်။

"နေ နေခြည်"

"မောင် မောင်ရယ်"

နေခြည် နံဘေးမှာရှိနေတဲ့ ကေဇင့်ကိုလည်း မရှက်နိုင်တော့။ လက်ဆန့်တန်းကာခေါ်နေသော မောင့်ရင်ခွင်မှာ ပြေးဝင်ကာ ဖက်တွယ်ထားလိုက်သည်။

"မောင် . . မောင်ရယ် . . နေခြည် လွမ်းလိုက်ရတာကွယ်"

ဇော်သစ်နဲ့ ကေဇင်က အလိုက်တသိပဲ ရှောင်ထွက်ပေးသွားကြပါသည်။

"မောင့်ရင်မှာလည်း ထာဝရလွမ်းနေခဲ့ရတာပါ နေခြည်ရယ်"





"မောင့်အပေါ် စိတ်ဆိုးတာတွေ ပြေသွားပြီပေါ့ နော်"

"အင်း . . အဲဒါ ဘယ်သူ့ကြောင့်လဲ သိလား"

"ဟင့်အင်း . . နေခြည်"

"မမခွာညိုကြောင့်ပေါ့။ မမခွာညိုရှင်းပြလို့ မေမေလည်း သနားပြီး နေခြည့်ကို မောင့်ဆီပြန်သွားခိုင်းတာ"

"မောင် နေကောင်းရင် မမခွာညိုဆီ သွားလည်ပြီး ကန်တော့ရအောင်နော် မောင်"

"ဟင် . . နေခြည်က မမခွာညိုခက် ရှိတဲ့နေရာ သိလို့လား"

"သိပ်သိတာပေါ့ မောင်ရယ်"

"ဒါဖြင့်လည်း သွားစို့လေ၊ ခုလောလောဆယ်တော့ လွမ်းခဲ့ရတဲ့ မောင့်ရင်ကို ထွေးဖက်လှည့်ပါဦး နော် နေခြည်"

"သြော် . . မောင်ပဲအပြောကောင်း နေခြည့်ရင်မှာလည်း အလွမ်းတွေနဲ့ ပြည့်နေခဲ့တာပါ မောင်ရယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ဖြစ် မောင့်ကို ထွေးဖက်ထားလှည့်ပါ နေခြည်ရယ် နော်"

"သွား . . . ဦးပိုကြီး . . . လွန်လွန်းတယ်"

ပါးစပ်ကပြောပြီး မျက်စောင်းလေးဝင့်မိပေမယ့် နေခြည် မောင့်အား တကယ်ပဲ ထွေးဖက်ထားလိုက်ပါသည်။

မင်းခန့်ကလည်း နေခြည်ကို တင်းတင်ကျပ်ကျပ်စွာ ပြန်လည်၍ထွေးဖက်ပြီး နေခြည်မျက်နှာနုနုလေးပေါ် သို့ အလွမ်းမိုးတွေ အဆက်မပြတ် ရွာသွန်းလိုက်ပါတော့သည်။

"မောင်ရယ်"

ကောင်းသည်လည်း မင်းခန့်နှင့် နေခြည်ကို ပြုံး၍ကြည့်ပြီး ချစ်ရသူတိုင်းပေါင်းဖက်ရပါစေလို့ ဆုတောင်းပေးလိုက်ပါသည်။

ဇော်သစ်ကတော့ ချစ်သူငယ်ချင်းအတွက် ဝမ်းသာ ကျေနပ်သောမျက်နှာဖြင့် လှမ်းထွက်လာပါတော့





သည်။

"ဘာအကြောင်းဖြစ်ဖြစ် ချစ်သူတိုင်းပေါင်းဖက်ရပါစေ"

ရင်ခုန်သံမရပ်သရွေ့
အမြဲကြိုးစားနေမယ့်...
**ခင်ခင်မြဖြစ်မိုး**



www.burmeseclassic.com